www.burmeseclassic.com



www.burmeseclassic.com

BURMESE CLASSIC .com

အရှေ့ကြယ်စာပေ

အမှတ်–၁၉/၀၂၊ အာရှပလာဇာ၊
၃၈ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉ ၅၀၃၇၃၅၈

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | မင်းကိုနိုင် |
| ဒီဇိုင်း | - | အေးဖြူအောင် |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၂၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | - | ဦးချစ်ညွှန့် (ဇင်ရတနာစာပေ)<br>အမှတ်-၂၀၅၊ က/၄လမ်း၊ မြို့သစ်၊ (က+ခ)ရပ်ကွက်၊<br>အင်းစိန်မြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးစွန်ကော်ယု (မြ-၀၅၅၅၇)<br>မာကျူရီပုံနှိပ်တိုက်<br>၄၉၊ ဓရကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | - | စွယ်တော် |
| အုပ်ရေ | - | ၅၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| စီစဉ်သူ | - | မျိုးအောင်နိုင် |

ရ၉၅.၈၃

မင်းကိုနိုင်

နောက်ကြည့်မှန် / မင်းကိုနိုင်။ - ရန်ကုန်

အရှေ့ကြယ်စာပေ၊ ဇူလိုင်၊ ၂၀၁၂

၁၅၇ - စာ၊ ၁၃.၃ စင်တီ × ၂၀.၇ စင်တီ။

(၁) နောက်ကြည့်မှန်


စာအုပ်အမှတ်-၁

# နောက်ကြည့်မှန်

## မင်းကိုနိုင်


အရှေ့ကြယ်စာပေ

အထက်မြန်မာပြည်ဖြန့်ချိရေး

ထွန်းဦးစာပေ၊ နဂါးစာပေ


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

ဤစာအုပ်ကို လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော် ၁၉၈၈ နှစ်ကုန်ပိုင်း (စစ်အာဏာသိမ်းပြီးကာလ) စတင်ရေးခဲ့ခြင်းဖြစ်ပြီး အကြမ်းသဘော ဦးဆုံးအကြိမ် ချရေးကြည့်ခဲ့ခြင်း ဖြစ်ပါသည်။

နောက်ဆုံးစာမျက်နှာ (မခင်အေးရထားစီးရင်း တွေးမောခန်း)သာ ကျနော် ၂၀၀၄ နှစ်ကုန်၊ ထောင်မှ လွတ်မြောက်စဉ် ရေသန့်ဗူး ယဉ်ကျေးမှုကို မိတ်ဆက်ခံ စ,မြင် ငေးမောလျက် ဤဝတ္ထု အဆုံးသတ်အနေဖြင့် တစ်ခန်းရပ်ပေးခြင်းရှိပါသည်။

ယခု ပြန်ဖတ်ကြည့်ရာ ပြင်ဆင်စရာတွေ များလှချည်ရဲ့ ဟု မရိုးမရွခံစားရပါသည်။ တစ်အုပ်လုံး စဆုံးပြန်ရေးချင်စိတ်လည်း အပြင်းအထန်ဖြစ်ပေါ်မိပါသေးသည်။

ခုရေး ခုထုတ် စာအုပ်မျိုးမဟုတ်ဘဲ အနှစ်နှစ်ဆယ်ကျော် သိမ်းဆည်းခံခဲ့ရ၍ ယနေ့မျိုးဆက်သစ်များ ဖတ်မိလျှင် ရှေးဆန်ငြီးငွေ့ဖွယ် ဖြစ်နိုင်သလိုကျနော်တို့ခေတ်ပြိုင် (ရင့်ကျက်မျက်လုံး)များအတွက်လည်း မဖွယ်မရာမလောက်လေးမလောက်စား နိုင်ကောင်းနိုင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ကျနော် ပြင်ဆင်ရန် အခါခါ စဉ်းစားပါသေးသည်။

သို့သော် (သတ်ပုံသတ်ညွှန်းအချို့မှလွဲ၍) တစ်လုံးတစ်ပါဒမျှ မပြင်ဆင်တော့ပါ။

အကြောင်းမူ ဤစာအုပ်သည် ၂၆ နှစ်အရွယ် ကျောင်းတက်ဆဲ လူငယ်တစ်ဦး၏ ပွဲဦးထွက် ကြိုးပမ်းမှုဖြစ်နေခြင်းကြောင့် ကျနော့်ငယ်လက်ရာကို နဂိုရည်ပျက်မခံတော့ပါ။

၂၆ နှစ်သား၏လက်ရာသည် ဤမျှ ဤမျှသာဖြစ်ကြောင်း ကျနော်ကိုယ်တိုင် လက်ခံနိုင်၍တစ်ကြောင်း....

ငယ်ရုပ် ငယ်သွင်တို့မည်သည် အနည်းဆုံး အလှတစ်ခုတော့ ရှိစမြဲဟု ယုံသည်ကတစ်ကြောင်း ကျနော် မပြင်ဆင်တော့ပါ။

တစ်နည်းဆိုသော်....

တောရိုင်းပန်းတစ်ပွင့်၏ ပွင့်ဖတ်ပွင့်ချပ်လွှာများကို မလှဟုယူဆပြီး ကပ်ကြေးဖြင့် ကိုက်ညှပ် ပုံသွင်းပြုပြင်ခြင်းမျိုး မကျူးလွန်ဘဲ သဘာဝအတိုင်းပင် ခူး၍ ဆက်သလိုက်ခြင်း ဟုလည်း ကျနော် ခံစားမိပါသည်။

လေးစားလျက်
မင်းကိုနိုင်



www.burmeseclassic.com

www.burmeseclassic.com

## (၁)

သည်ပန်းချီကားတစ်ချပ်လုံးတွင် တစ်စုံတစ်ရာ ဖြည့်စွက်ရန်လိုနေသည်ဟု သူမအနေဖြင့် တောင့်တမိသည်မှာ ကြာပြီ။ ခုလို နွေဦးတွင် ပို၍ ထင်ရှားသည်မှာ နောက်ခံကွင်းပြင်နှင့် မှုန်ကျကျကားလမ်း၊ ပြီးတော့ ဟိုတစ်ပုံသည်တစ်ပုံ စုထားသည့် သံလမ်းတိုရှည်များနှင့် ဇလီဖားတုံးအပုံတို့ရှေ့မှာ ထီးတည်းကုက္ကိုပင်ကြီးက ခါးနွဲ့နွဲ့နှင့် ထီးဆောင်းထားသော မိန်းမနယ်။

တံလျှပ်တွေကြွယ်သည့် နေ့လယ်ခင်းမှာ ညို တစ်ယောက်တည်း ထိုမြင်ကွင်းကိုကြည့်ရင်း လက်တွေ့ကျသော အလုပ်ကို လုပ်ဖြစ်ခဲ့သည်။ ထွေထွေထူးထူး စဉ်းစားမနေတော့၊ အိမ်ဘေးရှိ သစ်တိုသစ်စများ ဆွဲထုတ်ကာ လက်သမားကိရိယာများပါ ယူခဲ့သည်။

"ဘာလဲ … မိန်းကလေး၊ ကျုပ်ကို ဘာခိုင်းဦးမှာလဲ"

အဘမောင်သည် ဆရာသမားဖြစ်သူ၏ သမီးမို့ အလိုလိုက်ရသည်ထက် ပျော်စရာကောင်းသော ကစားနည်းတစ်ခုကို မကြီးမငယ်အရွယ်မှာ ပျင်းပျင်းရှိတိုင်း ကစားခွင့်ရသူနှယ် ခံစားတတ်ရ၍ ထိုသို့အမေးကို မဲ့ရှုံ့ရှုံ့ ဟန်လုပ်ကာ မေးရင်း ကွမ်းတစ်ယာဝါးသည်။ ညို က 'ဒါကို ဒီလောက်ဖြတ်ပေး၊ ဒါကို သံနဲ့ရိုက်မယ်၊ ဒီလိုပုံ' ဟု အဆောက်အအုံကြီး တခမ်းတနားဆောက်လိုသူနှယ် ညွှန်ပြနေ၏။ စိတ်လိုလက်ရရှိသည်နှင့် အဘမောင် ဖိုးဖိုးဇတ်ဇတ် လုပ်ပေးလိုက်ပြီ။ သူမ ညွှန်ကြားရာနေရာမှာ တစ်ဆင်ပေးခဲ့ပြီ။

ညို တစ်ယောက် အိမ်ထဲဝင်ပြီး ရေအိုးတစ်လုံးသယ်လာကာ နေရာချအပြီးတွင် ကုက္ကိုပင်ခါးပန်း၌ ရေချမ်းစင်တစ်ခုအဖြစ် ကျက်သရေရှိရှိ တည်ပြီးဖြစ်တော့သည်။ 'အလှူရှင်ကမ္ဗည်းထိုးဦးလေ' ဟု အဘမောင်က တိုက်တွန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မြေဖြူတစ်ခဲယူလာကာ ရေချမ်းစင်အခြေ သစ်တန်းတွင် မည်သို့ရေးရမည်ကို အမူအယာဖြင့် မေးသည်။

"အဘမောင် ကောင်းမှုပေါ့"

"အို .. ကျုပ်က မိန်းကလေးခိုင်းလို့ လုပ်ပေးရတာပဲ မိန်းကလေးတို့ မိသားစုနာမည် ရေးပါလား"

"ဟာ .. မလုပ်ပါနဲ့၊ နေဦး စဉ်းစားဦးမယ်"

ညို က အကြံရခက်၍ တွေဝေနေစဉ် အဘမောင်ကပင် ဝိုင်းစက် သောစာလုံးများဖြင့် 'စေတနာရှင်ဒေါ်ကျွဲမကောင်းမှု' ဟု ရေးသည်။ ညို စိတ်ပျက်ပြီး အိမ်ဘက် ပြန်ထွက်သွား၏။ ဒေါ်တင်တင်သည် ရေသောက်မည် ကြံပြီးမှ သောက်ရေအိုးပျောက်နေခြင်းကြောင့် "ဟဲ့" ဟု ရေရွတ်ကာ ဟိုဟိုဒီဒီ ရှာသည်။

အိမ်ပေါ်တက်လာသော ညို အားတွေ့၍ "ညည်း ခုနက သောက် ရေအိုးလှယ်နေတာ ဘာလို့ ရေအိုးစင်မှာ ပြန်မထားတာလဲ"ဟု မေး၏။

"ရေအိုးစင်မှာ ထားလိုက်တာပဲ"

ညို့အဖြေကြောင့် ဒေါ်တင်တင် မျက်စောင်းထိုး၍ ...

"ဘယ်မလဲဟဲ့ .. ဒီမှာမရှိဘူး။ အတောင်ပေါက်ပြီး ပျံသွားလို့လား"

ဟု ဘုဆတ်ဆတ် မေး၏။

"အင်း ... ဒါဖြစ်နိုင်တယ်။ သဒ္ဓါတရားက အတောင်တပ် ပေးလိုက်တာပေါ့"

မနေ့ကပင် စာမေးပွဲကြီးဖြေပြီး၍ ဘာလုပ်ရမှန်းမသိ ယောင်နေရှာပြီဟု သမီးဖြစ်သူအား သနားမိခဲ့သည်ကိုပင် နှောင်တရမိ၏။

ကြီးကျယ်သော ညို့ စကားကြောင့် ဒေါ်တင်တင် ရေငတ်ရသည့် အထဲ စိတ်မရှည်တော့။ 'ဘယ်မလဲ'ဟုသာ ထပ်မေး၏။ ညို မေးထိုး၍ ညွှန်ပြလိုက်သည်။ ကုက္ကိုပင်ခါးပန်းတွင် အခန့်သားနေရာယူသွားသည့် ရေအိုးကို မြင်သည်နှင့် ...

"ဟင် ... ငါတို့က ဘာနဲ့သောက်ရမလဲ..."

ဟုမေး၏။

"လောလောဆယ် ဒန်ချိုင့်ကြီးထဲ ထည့်သောက်မယ် အမေရာ၊





အဖေပြန်လာမှ အိုးတစ်လုံးအသစ်ဝယ်ကြတာပေါ့။ ညို သဒ္ဓါပေါက်ပြီး လှူပြီးပြီ ပြန်ယူလို့မရတော့ဘူး"

"ရာသီဥတုပူရတဲ့အထဲ ဒန်ချိုင့်ထဲကရေက နွေးနွေးကြီးဖြစ်နေ မှာပေါ့။ ဈေးကအသစ်ဝယ်လို့လည်း မြေအိုးပဲရမှာ ဒီသဲစိမ့်အိုးမျိုးက ရှားပါတိ။ ငါတော့ မပြောလိုက်ချင်ဘူး။ စိတ်ကူးပေါက်တိုင်း ကို့ရို့ကားရား ထထလုပ် နေတာပဲ"

ညို့ကား သူမမိခင် ရေရွတ်နေသည်ကို ဂရုမပြုတော့။ အသစ် စက်စက်ရေအိုးစင်တွင် ပထမဆုံးလာမည့်အလှူခံပုဂ္ဂိုလ်၏ ကျေနပ်ပီတိဖြင့် သုံးဆောင်မည့် မျက်နှာကိုသာ ခံစားရန်စိတ်စောနေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ခင်းလုံး မျှော်သည့်တိုင် အလှူခံပုဂ္ဂိုလ်က ပေါ်တော်မမူ။ တွေ့နေကျမဟုတ်၍ အမှတ်မဲ့ ဖြတ်ကျော်သွားကြသည်လည်းရှိမည်ဟု နားလည်ထားသည့်တိုင် နွေအပူတွင် ရေချမ်းစင်ကို မရှာဖွေရကောင်းလားဟု သူမငြိုငြင်မိသည်။ တစ်ယောက်တလေ မြင်သွားပါလျက် ကိုယ့်လမ်းကိုယ် ဆက်သွားသည်ကို ညိုမြင်သော် မချိတင်ကဲ ကျန်ခဲ့၏။

"လူတွေက ကြီးကျယ်လို့။ ငါဒီလောက် အပင်ပန်းခံလုပ်ပေးထားတာ စေတနာကို အသိအမှတ်ပြုရကောင်းမှန်းမသိကြဘူး။ ဒီတစ်နေ့လုံး တစ်ယောက်မှ မသောက်လို့ကတော့ ငါကိုယ်တိုင် ရေအိုးကို လက်ဝါးစောင်းနဲ့ ရိုက်ခွဲလိုက်မယ်။ ဟယ် … ဖွဖွ ယောင်လို့…ဒါနကုသိုလ်ဆိုတာ အကုသိုလ်စိတ်မထားရဘူးတဲ့။ အင်း … အေးမြကြစေ သောက်သုံးသူတွေ"

အလိုမကျခြင်းကို ချိုးနှိမ်၍ သူမ ဆုတောင်းရင်း ဗျာများနေသည်ကို အဘမောင် ကြည့်၍ရယ်ကာ

"အလှူရှင်ဒေါ်ကျွဲမဆိုတော့ လူတွေက အခတ်ခံရမှာကြောက်ကြတယ်။ နာမည်ပြောင်းပေးလိုက်ရမလား"

ဟု မထိတထိ စရင်းမေးသည်။ သူမ ရေအေးအလှူန်ကြိုက်၍ ရေချိုးလျှင် မပြီးနိုင်သောကြောင့် အမေစိတ်တိုင်း ကျွဲမဟု ခေါ်သည်ကို အဘမောင် သံယောင်လိုက်ခြင်းအတွက် သူမ ပို၍ အလိုမကျ ဖြစ်လာသည်။

ညနေရောက်လာသော်လည်း အပူရှိန်က မလျော့သေး။ အဝေးမှ ဦးထုပ်ပျောတစ်လုံး ငိုက်ငိုက်စောင်း၍ စိုက်စိုက်လာနေသူတစ်ဦး ရေအိုးစင်မြင်ပြီး အမြန်လျှောက်လာသည်ကို ညို့ တွေ့လိုက်ရ၍ ဝမ်းသာအားရ ခြံစည်းရိုးထောင့်သို့ ပြေးသွားကာ အကဲခတ်နေလိုက်၏။





သူမနှင့် လေးလံခန့်အကွာရှိ ရေအိုးစင်၏ရေမှုတ်ကို ထိုသူ ဆွဲကိုင်ပြီး အငမ်းမရ သောက်နေသည်ကို နောက်ကျောဘက်မှမြင်ပြီး ညို့ ပျော်ရွှင်နေသည်။

"အား … ကောင်းပါ့ဗျား …။ အလှူရှင် ဒေါ်ကျွဲမ ချမ်းသာသုခ ပြည့်ပါစေသတည်း…"

ရေနှစ်မှုတ်ဆင့်သောက်ပြီး ကျေနပ်ဝမ်းသာဖြင့် ထိုသူက စာတမ်းကမ္ပည်းကိုဖတ်ကာ ဆုတောင်းပေး၍ ထွက်သွားသည်တွင် ညို့မှာ နှစ်သက်ခြင်းနှင့်အလိုမကျခြင်း နှစ်မျိုးရောလျက် ကျွဲမြီးတို ကျန်ရစ်ခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညက အိပ်ရာဝင်သည့်တိုင် လူတစ်ယောက် ရှင်ပျအားရ သောက်သုံးခွင့်ရခဲ့သော သူမ၏ ဒါနအတွက် ညို့မှာ ကြည်နူးမဆုံး၊ ဘုရားရှိခိုးပြီး ခေါင်းအုံးပေါ် ခေါင်းချအိပ်ပြီးသည့်တိုင် အမှု…အမှု ဟူ၍ ပေး၍မပြီးနိုင်သေး။

ဒန်အိုးထဲမှရေကို သတ္တုစော်နံသည်ဟု ညည်းတွားရှုံ့မဲ့သောက်ခဲ့ရသော ဒေါ်တင်တင်ကား "သာဓုပါတော် သာဓုပါ အလှူ့အစ်မကြီးရဲ့" ဟု ခပ်ရွှရွှ ပြန်အော်နေ၏။ ညို ရယ်မောလျက် နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သည်။

မနက်မလင်းမီပင် သူမ ချမ်းသာစွာ နိုးနေပြီ။ တံမြက်စည်းကိုဆွဲ၍ မြူတွေဆိုင်းနေသော ခြံအပြင်ဘက် ထွက်ခဲ့သည်။ ကုက္ကိုပင်ခြေတစ်ဝိုက် တလျှမ်းလျှမ်းမြည်အောင် သူမ တံမြက်စည်းလှည်းသံကြောင့် ငှက်ကလေးတို့ စောစောနိုးသွားပြီး ပကျစ်…ပကျစ်နှင့် အော်ကြသည်။

"ဘာလဲဟဲ့ စောစော ထတာ မင်္ဂလာရှိတယ်။ ကျန်းမာရေးကောင်းစေတယ်။ နင်တို့ ဘာသိလဲ"

ဟု ညို တစ်ယောက်တည်း ငှက်ကလေးတွေကို ပြန်၍ ရန်လုပ်နေ၏။

ဝေလီဝေလင်းအချိန်တွင် သံလမ်းပေါ်မှ ရထားဖြတ်မောင်းသည်ကို ကြည့်ရင်း သူမ ရေအိုးကိုလှယ်နေရာမှ ငါတော့ အတန်းတင်စာမေးပွဲပြီးလို့ ယောင်နေတာ အခုမှ အလုပ်ရတယ်ဟု တွေးကာ ကျေနပ်နေသည်။

နေမြင့်လာသည်နှင့်အမျှ ဘူတာလေးတစ်ဝိုက် ရောက်လာသူတို့ ရေငတ်ပြေသောက်ကြသည်ကိုလည်း သူမ သတိပြုမိရင်း ကျေနပ်မဆုံး။ အထူးသဖြင့် သူမတို့၏ ကြားဘူတာလေးတွင်ဆိုက်သော အနေးရထားပေါ်မှ ဆင်းလာသည့် ခရီးသည်တွေ နေပူထဲမဖြတ်ခင် တစ်ယောက်တစ်လှည့် စောင့်ဆိုင်း၍ သောက်နေရသည်ကိုပင် မြင်၍ ရေမှုတ်တစ်ခုတော့ ထပ်လုပ်ဦးမှပဲဟု





တွေးမိပြန်သည်။

အဘမောင်အား အုန်းပင်တက်ခိုင်းပြီး အလုံးသေးသေး ရွေးခူးခိုင်းသည်။

"အုန်းသီးတစ်လုံးတည်းနဲ့ ကျုပ် အပင်တက်ရတာ မကာမိဘူး"

ဟု ညည်းရင်း အခွံနွှာ အုန်းသီးခွဲစားကြပြီး၊ အုန်းမှုတ်ခွက်ဖြင့် ရေမှုတ်အသစ် ထပ်လုပ်ရသည်နှင့်ပင် နေစောင်းပြီ။ မနေ့ကအချိန် မနေ့ကပုဂ္ဂိုလ် ထပ်ရောက်လာပြန်၏။ သူမ၏ ပထမဆုံး အလှူခံပုဂ္ဂိုလ်မို့ ညို မှတ်မိနေပြီး ဂရုတစိုက် အနားသို့ မယောင်မလည် ကပ်သွားမိသည်။

ညို့ထက် ငါးနှစ် ခြောက်နှစ်ခန့် ကြီးမည်ဟု ထင်ရသော ထိုသူမှာ ဦးထုပ်စုတ်နှင့် အဝတ်နွမ်းများကြောင့် လူကြီးတစ်ယောက်လို သာမန်ကြည့်လျှင် တွေ့ရမည်ဖြစ်သည်။ သူကား လွယ်အိတ်စုတ်တစ်လုံးကို စလွယ်သိုင်းလျက် ရေတဝကြီး ခပ်သောက်ကာ သာဓုပါဒေါ်ကျွဲမရယ်…ဟု ခေါ်နေပြန်၏။

ရက်အတန်ကြာသော် တစ်နေ့ ညို သောက်ရေဖြည့်နေခိုက်၊ သူရောက်လာသည်။ သောက်ရေစစ်တွင် အမှုန်များကပ်နေ၍ သူမ ဆေးကြောသန့်စင်နေသည်ကို သူစောင့်နေ၍ ညို အားနာကာ …

"ခဏလေးနော်၊ ဒီနေ့ အလုပ်တွေရှုပ်သွားလို့ ရေဖြည့်တာ နောက်ကျသွားတယ်" ဟု စကားစပြောမိသည်။

သူက …

"ရပါတယ် ဖြည်းဖြည်းလုပ်… အခုမှ နေပူထဲကလာတော့ ချွေးသိပ်လိုက်ဦးမယ်"

ဟုပြောကာ ညို့အား ရပ်ကြည့်နေသည်။ အသားညိုစိမ့်စိမ့်နှင့် နှစ်လိုဖွယ် မျက်နှာပိုင်ရှင်ကလေး၏ ကျက်သရေမှာ သူမရင်တွင်းက စေတနာ ဓာတ်ခံကြောင့် ပို၍ဆွဲဆောင်မှုရှိလေသလားဟု သူတွေးနေ၏။ ကုက္ကိုရွက်များ လေအဝေ့တွင် တဖွဲဖွဲကြွေလွင့်လာသည်။ အဖုံးမပါသော ရေပုံးထဲကျမည်စိုး၍ ညို အလုပ်ရှုပ်သွားသည်ကို သူ ဝင်ကူရင်း …

"ဒီမှာ ဒေါ်ကျွဲမဆိုတာ ဒီအနားမှာနေတာလား"

ဟု မေး၏။

ညို ရယ်ချင်စိတ်ကိုမျိုသိပ်ရင်း "အင်းပေါ့" ဟုသာ ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်အိမ်ကလဲ''ဟု သူ ထပ်မေး၍ ညိုက သူမတို့အိမ်ကိုသာ ညွှန်ပြလိုက်သည်။ ခြံစည်းရိုးလေး သေသပ်စွာ ကာထားသည့် အုတ်ကြွပ်နီမိုး အိမ်ကလေးကို သူကြည့်ရင်း ...

''သြော် .. ဒါ ရုံပိုင်ကြီးအိမ်ပဲ''

ဟု ရေရွတ်နေသည်။

''တောဘူတာဆိုတော့ ရုံပိုင်ကလေးလို့ပဲ ခေါ်သင့်တယ်''

ဟု ညိုက ဝေဖန်သည်။

''ဘူတာ ကြီးကြီး သေးသေးဗျာ၊ ဒေါ်ကျွဲမကို အားနာတဲ့အနေနဲ့ ရုံပိုင်ကြီးလို့ပဲ ခေါ်မယ်''

ညိုသည် သူ သောက်ရေခပ်သောက်နေစဉ် ဤသို့ပြောမိ၏။

''အဲဒီ ဒေါ်ကျွဲမက သူ့ကို ဒေါ်ကျွဲမလို့ခေါ်ရင် မကြိုက်ဘူး။ သိပ်စိတ်ဆိုးတယ်။ သူ့အလျှုကို သာခုခေါ်တာ၊ ဒါနမြောက်အောင် သုံးဆောင်တာတော့ သူက ဝမ်းသာတယ်''

''ဟာ ... အဲဒါက စိတ်ဆိုးတယ်မခေါ်ဘူး၊ ကျွဲမြီးတိုတယ်လို့ ခေါ်တယ်။ ဒေါ်ကျွဲမဆိုတော့ ကျွဲမြီးတိုတယ်ဆို ပိုသဘာဝကျတယ်။ ဟာ ... လူကြီးကို နောက်ပြောင်မိပြီ၊ ကန်တော့ ... ကန်တော့ဗျာ''

ထိုသူသည် ညိုတို့အိမ်ဘက် မလုံမလဲလှမ်းကြည့်ပြီး ထိုသို့ ဗျာဗျာသလဲ နောင်တရနေ၏။

ညိုကား ရယ်လျက် ...

''ရပါတယ် .. ဒေါ်ကျွဲမက သဘောကောင်းပါတယ်။ ဒါပေမဲ့ ကျွဲမြီးတိုတယ်ဆိုတာ သူ့မူရင်းပုံပြင်က ဘယ်လိုလဲ၊ သိရင်ပြောပြပါ''

ဟု တောင်းဆို၏။ သူက ''အင်း'' ဟုဆိုကာ အိတ်ကပ်ထဲ လက်နှိုက်သည်။ လက်မလုံးခန့်ရှိ တစ်ထွာမပြည့်သော သစ်သားတစ်လုံး ထွက်လာ၏။ သူ လှည့်၍ချွတ်သော် အတွင်းမှ ဆေးလိပ်တစ်တို ထပ်ထွက်လာပြန်သည်။ အတော် ကပ်စေးနဲတဲ့လူကြီးဟု ညို ကြိတ်၍ဝေဖန်ရင်း ပြုံးမိသည်။ သူက လွယ်အိတ်ထဲ လက်နှိုက်စမ်းပြန်၏။ အတန်ကြာမှ ဓာတ်ဆီသုံး ပုလင်းမီးခြစ်ကြီး လက်ထဲပါလာသည်။ ဂျိ..ခနဲ ခြစ်ပြီး မီးညှိကာ ဒီလိုဟု စကားစသည်။





အဘမောင်သည် ရထားလက်မှတ်ရောင်းသည့် ရုံအတွင်း ငိုက်မြည်း နေရာမှ ကုလ္လိုပြင်အောက် လှမ်းကြည့်မိသည်။ သောက်ရေပုံးကို လက်တစ်ဖက်က ဆွဲလျက်၊ တစ်ဖက်ကရေစစ်ကို လှုပ်ယမ်းလျက် ညိုသည် သူမရှေ့က ဦးထုပ် ပျော့ဆောင်းသော လူ၏စကားဝယ် တရင်းတနှီး ရယ်ပွဲဖွဲ့နေသည်ကိုမြင်ရ၏။

''တစ်ခါက လယ်ကူလီတစ်ယောက် ကျွဲနှစ်ကောင်နဲ့ လယ်ထွန် နေရတယ် ...''

''လယ်က နွားနဲ့မထွန်ဘူးလား။ ဘာလို့ ကျွဲနဲ့ ထွန်တာလဲ''

''ကျွဲကပိုပြီး နွားထက်ထွန်အားကောင်းတယ်ဗျ။ နေစမ်းပါဦး ... ကျုပ် စကားပျက်တယ်။ အဲဒါ နေ့လယ် ထမင်းပို့ချိန်ကျော်တဲ့အထိ လယ်ရှင် ထမင်းလာမပို့ဘူး။ သူလည်း ဗိုက်ဆာနေပြီ။ ဘာမှ စားစရာ သောက်စရာ မရှိတော့ အချိန်လွန်တောင် ရောက်မလာဘူးဆိုပြီး ကျွဲအမြီးဖြတ်ပြီး မီးဖုတ်စား လိုက်တာပေါ့ ...''

''အဲဒီလို စားပြီးမှ လယ်ရှင်က ထမင်းထုပ်နဲ့ ရောက်လာတယ်။ သူ့လယ်ကူလီကို မေးတယ်။ ဗိုက်ဆာလို့ စိတ်ဆိုးနေပြီလားတဲ့။ ဒီတော့ လယ်ကူလီက အေးအေးဆေးဆေးပဲ ဖြေတယ်။ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ ကျွဲမြီးတော့ နည်းနည်းတိုသွားတယ်တဲ့ ...''

ညို မနေနိုင်ဘဲ ပွင့်လင်းစွာရယ်၍ ရယ်စရာကောင်းတယ်ဟု မှတ်ချက် ချသည်။

ထိုသူက ပြုံးရုံပြုံး၍

''ကျုပ်တို့ဘေးက ကြည့်ရင်တော့ ရယ်ချင်စရာပဲ။ ကာယကံရှင် လယ်ပိုင်ရှင်တော့ ဘယ်လောက် ကျွဲမြီးတိုမလဲဆိုတာ စဉ်းစားသာကြည့်...''

ဟု တုံ့ပြန်သည်။ သူ့စကားအဆုံး ညို အိမ်ဝင်းထဲပြန်ရန် စိတ်ကူးပြီးမှ အိမ်ကိုသိမှာစိုး၍ ယောင်တောင်တောင် လုပ်နေရသည်။ ထိုသူကား စကားအစ ရလျှင် ပြီးချင်ပုံမပေါ်။ အစကိုဆွဲထုတ်၍ ချည်လုံးကုန်အောင် ဆွဲချင်နေပုံဖြင့်...

''ဥပမာ ဟိုမှာ ဒေါ်ကျွဲမကြီးအိမ်ကိုပဲကြည့်။ အဝေးပြေးကားလမ်းကို နောက်ကျောခိုင်းပြီး ဆောက်ထားရတယ်။ သူ့အိမ်ဝင်း အိမ်သာပြီးရင် မြေကွက်၊ ပြီးရင် ကားလမ်းပဲ။ ဒါ ကားပေါ်ကကြည့်ရင် ဘယ်လောက် အုကြောင်ကြောင် နိုင်မလဲ။ ဒါပေမဲ့ ဒေါ်ကျွဲမကြီးရဲ့အိမ်ဟာ ရထားဝန်ထမ်းဆိုတော့ ရထားသံလမ်းကို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမူထားရတာ သဘာဝအကျဆုံး အမှန်ဆုံးပါပဲ ...''

ထိုသို့ ဆိုပြီး

''ကိုင်း... ကျူပ် သွားဦးမယ်''

ဟုဆိုကာ ထွက်သွားသော သူ့ကျောပြင်အားကြည့်ရင်း၊ ငါတို့အိမ်က ကားလမ်းဘက်ကကြည့်ရင် ရယ်စရာကောင်းသတဲ့။ ကြီးကျယ်လို့ဟု သူမ အသံတိတ်ပြောရင်း ကျန်ခဲ့သည်။

* * *



## (၂)

ဘာမှလုပ်စရာလည်းမရှိ ဖတ်စရာစာအုပ်လည်း ကင်းမဲ့ခြင်းလောက် ဒေါသဖြစ်စရာ လောလောဆယ် သူ စဉ်းစားမရ။ ဆရာတော့်မှန်ဘီရိုထဲမှ မြွေကျမ်းထူကြီးများ ယူကြည့်ပြီး တပည့်တော် ဉာဏ်မမီပါဘူးဘုရား ဟု သူ ဝန်ခံခဲ့သည်။ ဆရာတော်ကား

''ဒါ မဆန်းပါဘူး။ လောကုတ္တရာကို လောကီပျော်တစ်ယောက်က စူးစမ်းဖို့ ဝန်လေးနေတတ်တာ သဘာဝပဲ။ မစင်ထဲမှာ လောက်ဟာပျော်တယ်။ ရွှေပန်းကန်ပေါ် ရေဆေးပြီးတင်ပေးရင် သူသေမှာ ...'' ဟု မိန့်သည်။

''မှန်ပါ့ဘုရား ... တပည့်တော်က လောကီမှာရှုပ်နေတော့၊ လောမကုတ်နိုင်သေးပါ''

''အေး .. ကီမှာရှုပ်ရင်း မနေနိုင်လောက်အောင် ယားယံလာရင်တော့ ကုတ်ပေါ့ ...''

သို့နှင့်ပင် သူ ကျမ်းစာအုပ်များကို လက်မြှောက်အရှုံးပေးပြီး အကြံသစ် ထုတ်ရသည်။ တကယ်တော့ သူ့အနေဖြင့် အပြင်ထွက်ဖို့ မသင့်လှ။ လူသူရှင်း၍ သစ်ကြီးဝါးကြီးတို့ဖြင့် အုပ်မိုးထားသော ဘုန်းကြီးကျောင်းဝင်းထဲ ရှဉ့်တစ်ကောင် လို လုံခြုံစွာနေသင့်မှန်းသိပါလျက် တွင်းအောင်းရက်ကျော် ပုစွန်လုံးတစ်ကောင်လို ပြူတစ်ပြူတစ် လုပ်နေမိသည်။

လယ်ကွက်ကို ဖြတ်ကျော်ရောက်နိုင်သော ကြားဘူတာကလေးကို သူ စွဲလမ်းနေပြီ။ အထူးသဖြင့် ညနေ နေခြည်စောင်းချိန် အနောက်ကောင်းကင် ပန်းနုရင့်ရောင်သန်းချိန် အမောဆို့လာသော မြင်းနက်တစ်ကောင်လို ဘူတာထဲ ဝင်လာသော စာပို့ရထားဆိုက်ချိန် အကြော်အလှော် သွားရည်စာနှင့် ဒံပေါက်



www.burmeseclassic.com

www.burmeseclassic.com



အချို့ လက်ပွေ့ရောင်းသူများ တရေးနိုးလှုပ်ရှားချိန်ကို သူ တမက်တမော ကြည့်ရန် သူ ဖတ်ချင်သည့် စာအုပ်စာစောင် ရှာဝယ်ရန် ရောက်ခဲ့သည်မှ အစပြု၍ ရေချမ်းစင်အလှူရှင် ဒေါ်ကြွဲမကြီးအကြောင်း ပြောပြတတ်သည့် ညိုစိမ့်စိမ့်ကလေးကိုလည်း မမြင်ရလျှင် ဟာတာတာ ဖြစ်နေတတ်၏။

သူ မနေနိုင်သည့်အဆုံး ရောက်လာပြန်၏။

● သည်တစ်ခါတော့ ရေအိုးစင်အေား ငုတ်တုတ်ထိုင်၍ ဘူတာရုံကလေး၏ညနေခင်းကို ကမ္ဘာဦးအန်းရှုသလို ရှုနေမိသည်။ မိုက်ဆာတိုင်း ရေထသောက်လိုက် ထိုင်ကြည့်လိုက်လုပ်နေစဉ် ဒန့်သလွန်သီးများ ပွေ့ပိုက်လျက် သူ့နံဘေး လျှောက်လာနေသော သူမကို မြင်၏။

နှစ်ဦးသား အားပါးတရ ပြုံးပြနှုတ်ဆက်ကြသည်။

"ဒီမှာ … ကျုပ်ကို တစ်ခုကူညီမလား…"

သူ့အမေးကို ဆန်းစစ်မနေဘဲ "ရပါတယ်"ဟုသာဖြေ၏။ ညနေခင်းနေခြည်ဖျော့တွင် ဒန့်သလွန်သီးများပိုက်၍ သူ့နံဘေး မှန်မှန်လျှောက်လာသော သူမမှာ သူ့မျက်စိထဲ ကြည့်ကောင်းလှသည်ဟုသာ မဖွဲ့နွဲ့စတမ်း ဝန်ခံချင်သည်။

"ဒါတွေ ဘယ်ယူသွားမလို့လဲ အလုပ်ရှိသေးလား"

ဒန့်သလွန်သီးများ မေးငေါ့ပြ၍ သူ မေးသည်။

"အသိတွေအိမ် လိုက်ဝေမလို့ပါ။ ဘာလုပ်ပေးရမလဲ…"ဟု ပြန်မေး၏။

"ဒီနားမှာ စာအုပ်အငှားဆိုင် မရှိဘူးလား…"

သူ့အမေးကြောင့် ညို စဉ်းစားစရာရလာသည်။ ထိုသူသည် ဒီအနီးအပါး ရွာတစ်ရွာမှ မဟုတ်ဘူးလား။ ဒီဝန်းကျင်အကြောင်း မသိသလိုမေးနေ၍ ဘယ်မှာနေလို့လဲဟု သူမ ပြန်မေးမိသည်။ သူ ဖြေချင်ပုံမရ။ ကျုပ်က တောကလာတာပါဟုသာ မရေမရာပြောသည်။

"ဒါလည်း တောပဲ။ တောဘူတာပဲ …"

"ဟုတ်ပါတယ်… ကျုပ်နေတဲ့တောက ဒီထက်ပိုတောကျတဲ့ တောပေါ့"

သူမ ဆက်မငြင်းတော့

"စာအုပ်ငှားတာ ဟိုနားက အကွေ့မှာရှိတယ်လေ မသိဘူးလား"ဟု





ပြန်မေးသည်။

"သြော် …" ဟု သူ ရေရွတ်ကာ

"ကျုပ်မသိဘူး။ ကျုပ်ကိုလည်းမသိတော့ သူတို့ငှားပါ့မလား မသိဘူး။ အဲဒါ ကြားက ဝင်ပြီး ငှားပေးနိုင်မလားမသိဘူး"

ဟု မသိဘူး သုံးလုံးဆက်ကာ သူပြန်မေး၏။

"ညိုက အာမခံပေးရမှာ ဟုတ်လား"

သူ့နာမည်ကို ထည့်ပြောလာ၍ သူသတိထားမိပြီး "ဟုတ်ပါတယ်" ဟု ဖြေသည်။

ညို စဉ်းစားနေသည်။ ဘူတာတစ်ဝိုက်တွင် ရထားသံကြား၍ ဈေးသည်တချို့ လှုပ်ရှားလာကြ၏။ စာပို့ရထားမှာ ဟောဟဲမြည်သံဖြင့် အဝေးမှလာနေပြီ။

"ဘယ်မှာနေလဲဆိုတာတောင် မသိရဘဲ ညိုက …"

သူမ စကားမဆက်နိုင်ဘဲ ခက်နေ၍ သူကပင်

"ဟုတ်ပါတယ်လေ။ ကျုပ်ကိုယုံပြီး စာအုပ်ဖိုးလျော်ပေးရမယ့်အဖြစ်ကို လန့်နေမှာပေါ့။ ဒါဆိုလည်း ရှိပါစေတော့လေ … ကျုပ်က ငှားပြီး ထွက်မပြေးပါဘူးဆိုတာ ပါးစပ်နဲ့ ဘယ်လိုမှ သက်သေပြလို့မရဘဲ"

သူ့စိတ်ပျက်စွာ ထရပ်သည်။ ညို အားနာသနားစွာဖြင့် …

"လာပါ … လိုက်ခဲ့ပါ။ ဒီတစ်ခါ ငှားကြည့်မယ်လေ။ ညိုနဲ့တော့ ဆိုင်နဲ့သိပါတယ်"

"အေးဗျာ … စိတ်ချစမ်းပါ"

ဟု သူ ဝမ်းပန်းတသာ ပြော၍ ဘေးချင်းယှဉ်လျှောက်လာ၏။

"တကယ်ဗျာ။ စာမဖတ်ဘဲ ခုနစ်ရက်လောက်နေပြီး ပြောတဲ့ စကားဟာ ဘာအရသာမှ မရှိဘူး။ ကျုပ် စာကို ဘိန်းစားဘိန်းစွဲသလို စွဲနေတာ သိပ်ကျေးဇူးတင်တယ်။ ဒီမှာ ဒန့်သလွန်သီးမြင်လို့ ပြောရဦးမယ်။ စာရေးဆရာ တစ်ယောက် ဒန့်သလွန်သီးရောင်းတဲ့အဖြစ် ဖတ်ဖူးလား …"

သူ့ထုံးစံအတိုင်း စကားချည်စ ဆွဲထုတ်ရသွား၍ အမျှင်မပြတ် မပြောတော့မည်ကို ညို နားလည်လိုက်သည်။

"မဖတ်ဖူးပါဘူး ပြောပြပါဦး…" ဟုသာ ပြုံး၍ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သော်တာဆွေ ရေးဖူးတာလေဗျာ ကြာလှပြီ။ သူ့ခြံထဲကထွက်တဲ့ ဒန့်သလွန်သီးတွေ ခူလို့ပဲ ပွေ့ပြီး ဈေးမှာသွားရောင်းဖို့ အိမ်ကထွက်လာတယ်။ အဲဒါ… "

သူ အိတ်ကပ်ထဲနှိုက်၍ သစ်သားခေါင်းထဲမှ ဆေးလိပ်တိုကို ထုတ်ပြန်သည်။ သူ အလုပ်ရှုပ်နေခိုက် သူ့ဘေးမှလျှောက်လာသော ညိုက ဒီဦးထုပ်ပျော့အစုတ်ကြီးပဲ ဆယ့်နှစ်ရာသီ သူ ဆောင်းနေတာပဲ။ နှုတ်ခမ်းမွေး ထူလပျစ်ကြီးနဲ့ အဘိုးကြီးရုပ် သူဖမ်းထားရတာ အတော်ကျေနပ်နေတယ် ထင်တယ်ဟု တွေးနေမိ၏။

"အဲဒါ သူ့အိမ်ဘေးက မိန်းမတစ်ယောက်ကတွေ့တော့ မေးပြီး ဝယ်ရောဗျာ။ သူက ဆိုပါတော့ အဲ တစ်ကျပ်ဖိုး လေးတောင့်ဆိုတော့ ဟိုမိန်းမက ကိုဆွေရယ် အချင်းချင်းတွေပဲ မရဘူး … ငါးတောင့်ထား ဆိုပြီး ဆစ်တယ် သူလည်း အားနာပြီး ပေးလိုက်တယ်။ တစ်ခါ နောက်တစ်ယောက် တွေ့ပြန်တော့ အားပေးဦးမယ်ဆိုပြီး ဝယ်မယ်လုပ်။ ဈေးမေးတော့ တစ်ကျပ်ဖိုး လေးတောင့်ကို ငါးတောင့်ရအောင် ဟိုတစ်ယောက်က ဆစ်သွားတာပဲ။ ကဲ … ခင်ဗျားလည်း ငါးတောင့်ပဲယူဆိုတော့ ဒုတိယအမျိုးသမီးက ဟာ… ဘယ်ရမလဲ။ ကျမနဲ့ ရှင်က ဒီလောက်ရင်းနှီးတာ ခြောက်တောင့်ပေးရမယ် ဆိုပြီး အနိုင်ကျင့်ရော …"

သူ့စကားကြောင့် ညို့မှာ ဒန့်သလွန်သီးများ ပွေ့လာရင်း ပြုံးမိသည်။ စာပို့ရထား သူမတို့နံဘေးမှ ဖြတ်သွားသည်အထိ ခေတ္တစကားတိတ် လျှောက်လာပြီးမှ သူဆက်သည်။

"ဒါနဲ့ တတိယတစ်ယောက်နဲ့ လမ်းမှာတွေ့ပြန်ရော၊ ဝယ်မယ် ဆိုတော့"

သူ စကားမဆက်ဘဲ သံလမ်းကိုဖြတ်ကူးရန် ဇလီဖားတုံးများကို နင်းကျော်နေခိုက် …

"အဲဒီ မိန်းမကြီးက သူကျတော့မရဘူး ခုနစ်တောင့်ပေးကို ပေးရမယ်လို့ အနိုင်ကျင့်ပြန်ရော မဟုတ်လား"

ဟု ညိုက ပြုံးလျက် မေးသည်။

"ဟာ … မဖတ်ဘူးပဲ တယ်သဘောပေါက်လွယ်ပါလား"





သူ ကျေနပ်စွာ ညို့မျက်နှာအား လှည့်ကြည့်သည်။ သနပ်ခါး ကပိုကရို ပွတ်ထားသော ညို့ပါးပြင်တွင် နေခြည်နုဖြင့် ဖွေးကာ တင့်တယ်ပါဘိ။

"ကဲ … ဒီလိုနဲ့ နောက်တစ်ယောက်တွေ့တော့ ရှစ်တောင့်ပေးရရော ဆိုပါတော့ …။ ဒါနဲ့ ဒန့်သလွန်သီးတွေ ကုန်ရောလား"

"အေးလေဗျာ… ဒီလောက်နဲ့ ဘယ်စာဖွဲ့ဦးမလဲ။ ညကျတော့ ဓာတ်လမ်းက တစ်ကနေ ပြန်စတယ်"

ဟု သူ စကားကိုဆက်သည်။ သဲနုနုခင်းထားသော တောလမ်းကလေးထဲ သူတို့ ကွေ့ဝင်ချိုးလိုက်ကြ၏။

"ကဲ … ခုနစ်တောင့်ရလိုက်တဲ့သူ ရှစ်တောင့်မရလို့ မကျေနပ်၊ ခြောက်တောင့်နဲ့ ရလိုက်တဲ့သူက ခုနစ်တောင့်မပေးလို့ဆိုပြီး ရန်တွေ့၊ သူ့ခမျာ ကျေနပ်တဲ့နှုန်းနဲ့ ရောင်းခဲ့ပြီးပါလျက် ဝိုင်းပြီး ရန်တွေ့ခံရတာပဲပေါ့"

ညို အသံတိုးတိုး ရယ်နေစဉ်ပင် စာအုပ်ဆိုင်ကလေးကို အကွေ့မှာ ဘွားခနဲ တွေ့လိုက်ရ၏။ သူ ပျော်ရွှင်စွာ ဤသို့ပြောသည်။

"ဟော … စာအုပ်ဖတ်ရတော့မယ်။ ကျေးဇူးတင်တယ်ဗျာ။ ကျုပ်ဗျာ အရက်သမားတွေပြောသလို နေစောင်းရင် ဖေသောင်းတို့ အရည်တောင်းပြီဆိုတာမျိုး စာဖတ်ချင်တဲ့ဝေဒနာထလွန်းလို့ ခုမှ ပြည့်တော့တယ်"

ခြေလှမ်းကျဲကြီးများဖြင့် ဦးဆောင်လိုက်သော သူ့အား အမှီလိုက်ရင်း ညိုက …

"နေပါဦး … စာအုပ်ငှားတော့ အာမခံပေးရအောင် ညို့ကို နာမည် ပြောထားဦးလေ"

ဟု သတိပေး၏။

"အေးဗျာ … ဖေသောင်းလို့ပဲ မှတ်ထားဗျာ"

ဟုသာ သူပြောသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်မီးကြိုး သွယ်ထားပါလျက် ညစဉ်လိုလို မှန်မီးအိမ်ထွန်းနေရသည်မှာ ကမောက်ကမနိုင်လှသော ဖြစ်စဉ်တစ်ခုဟု ညို တွေးမိသည်။ အဖိုနဲ့အမ ကြိုးနှစ်ချောင်းတွဲပါလျက် အလင်းဓာတ်ကားမရ။ မီတာပုံး၏ ဖြစ်တည်မှုသည် ပိုင်ရှင်အား ထိန်းသိမ်းစောင့်ရှောက်ခ တောင်းခံရန်သက်သက်သာ။

အမေက ဓာတ်ခဲရေဒီယိုဖြင့် တဝှီးဝှီး တဝှမ်းဝှမ်း လေတိုးသံများအကြား ပြည်ပမှလွှင့်သော လိုင်းကို ကြိုးစားပမ်းစား ဖမ်းနေသည်။ ညိုမှာ မှန်မီးအိမ်အောက် ကြမ်းပေါ်မှောက်လျက် စာအုပ်ထဲမှ စာအချို့ကို ကူးရေးတန်ရေး ကျော်ဖတ်တန်ဖတ်နေ၏။

ဖေသောင်းဟု သူ့အားခေါ်စေ၍ ဒီစာအုပ်ဖတ်ပါလား။ ဟိုဟာထက်စာရင် တော်သေးတယ် စသဖြင့် အကြံပေးရင်း သူစွက်ဖက်သမျှ ညိုဖတ်လေ့မရှိသည့် စာအုပ်အချို့ ဖတ်ဖူးလာသည်။ သို့တိုင်အောင် သူကား ကျေနပ်ဟန်မပြသေး။

“ဒီဆိုင်ကလေးက မစုံလှဘူး။ ဘာမှ အကျိုးမရှိတာတွေများနေတယ်”

ဟု တဗျစ်တောက်တောက် ဝေဖန်ပေါင်းများပြီ။ နေစောင်းပြီဆိုလျှင် ဖေသောင်းနှင့် သူမ ဆုံကြစမြဲ။ စာအုပ်ပြန်အပ်ရင်း ညနေခင်း စကားစမြည်များဖြင့် ပိုမိုနွေးထွေးလာသော နွေညများကို သူမတို့ ကြုံခဲ့ကြပြီ။

“ဈေးကြီးထဲမှာတော့ စာအုပ်ဆိုင်အကြီးကြီးရှိတယ်။ အဲဒီမှာဆိုစုံမှာပဲ ...”

ထိုသို့ ညို သတင်းပေးသည်တွင် သူ တအံ့တသြဖြင့်

“ဟုတ်လား... ကျုပ် မရောက်ဖူးဘူး။ လုပ်စမ်းပါဦး။ ဘယ်လို





ကြုံကြမလဲ စာကောင်းတွေ သိပ်ဖတ်ချင်တယ်”ဟု အငမ်းမရ ပြန်မေးသည်။

“ညိုနဲ့လည်း သိတာမဟုတ်ဘူး။ စပေါ်တော့ ပေးငှားရင်ရမှာပါ”

“အေးဗျာ ... ဈေးကြီးက ဝေးသလား”

“စက်ဘီးနဲ့သွားရင် သိပ်မကြာပါဘူး”

“လုပ်ဗျာ ... ခပ်သုတ်သုတ်လုပ်။ ကျုပ် စဘော်ငွေရှာပြီး သွားချင်တယ်။ အဲ ... တစ်ခါလောက်တော့ လိုက်ပို့ရင် အကောင်းသား။ ခက်တာက ကျုပ်မှာ စက်ဘီးလည်းမရှိဘူး။ ဘယ်သူကငှားမလဲ”

နေရာတကာ အခက်အခဲရှိနေသော သူ့အား ညို သနားလည်းသနား ရယ်လည်းရယ်ချင်နေသည်။

“ညို့မှာရှိပါတယ်။ ဒါပေမဲ့ အင်းလေ ... အဆင်ပြေတဲ့တစ်နေ့ သွားငှားကြတာပေါ့။ ဈေးကြီးက မနက်ပိုင်းနဲ့ နေ့လယ်ပဲ ဖွင့်တာနော်”

“အေးဗျာ ... ညိုဟာ အတော်အားကိုးရတဲ့ မိတ်ဆွေပဲ”

ဟု သူ အားကိုးတကြီး ပြောခဲ့သည်။ ဘာကြောင့်ရယ်မသိ၊ သူမ ယုံကြည်မှုတစ်ခုဖြင့် သူနှင့်ချိန်းဆိုကာ ဈေးကြီးသို့ သွားခဲ့၏။ ထိုမနက်ခင်းကိုလည်း မကြာခဏ သတိရနေမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံကလေးနံဘေး ဖြစ်သလိုချရောင်းနေသော လမ်းဘေးဈေးတွင် ဟင်းသီးဟင်းရွက်မှအပ အခြားကုန်စုံရှားပါး၍ ဈေးကြီးသို့ သုံးလေးရက်တစ်ခါ ကုန်ခြောက်ဝယ်ရန် ညို သွားရစမြဲ။ ထိုမနက်တွင်လည်း သူ့အား ကားလမ်းတစ်နေရာမှ စောင့်နေရန် မှာထားခဲ့ပြီး သူမတို့ တွေ့ကြသည်။

သူသည် ဦးထုပ်ပျော့ကြီးအပါအဝင် သူ့ထုံးစံအတိုင်း ခပ်ကုပ်ကုပ်နိုင်လှသော အဝတ်များဖြင့် ကားလမ်းနံဘေး ချောင့်ကျကျ၌ မရဲတရဲရပ်နေ၏။ ညို့စက်ဘီး သူ့နံဘေးရောက်လာသည်။

"တက်မြန်မြန်"ဟု ညိုခေါ်သည်နှင့် ကျီးကန်းတစ်ကောင်လို သွက်လက်စွာ ညို့စက်ဘီးနောက်ခုံပေါ် သူပါလာသည်။

"မိန်းကလေးက နင်းတာ စီးရတာဆိုတော့ ..."ဟု သူစကားစပြီး မဆက်တော့။

"ဒါတွေ အရေးမကြီးပါဘူး။ စာအုပ်ကြိုက်တာ ငှားရဖို့ပဲလိုတယ်"

ဟု ညို ပြန်ပြောသည်ကို "ဟုတ်တယ်"ဟုသာ သူ ထောက်ခံပြီး ပါလာသည်။

"ကိုဖေသောင်းတို့တောမှာ စက်ဘီးရှိသလား"

မနက်ခင်းလေပြေက နွေအပူကို အနိုင်ရဆဲမို့ ကြည်လင်သော ကောင်းကင်အောက် သူတို့နှစ်ယောက် စက်ဘီးပေါ်ပါလာရင်း ညိုက လှည့်မကြည့်ဘဲ မေးသည်။ သူသည် သူ့မျက်နှာရှေ့ မကြာခဏ ရောက်လာသော ညို၏ ဆံနွယ်စများကိုကြည့်နေရာမှ

"အင်း ... ရှိတာပေါ့။ ဘာဖြစ်လို့လဲ"

"ကိုဖေသောင်း စက်ဘီးမနင်းတတ်ဘူးလားလို့ပါ"





"ဪ ... နင်းတတ်ပါတယ်"ဟုသာ သူဖြေသည်။ ညိုက တောအကြောင်း တောင်အကြောင်းလျှောက်မေးသမျှ သူ့တောဆိုတာကတော့ သစ်ပင်မျိုးစုံ အများကြီးရှိတာပေါ့။ တောင်ဆိုတာကတော့ မြေပြန့်ထက် အများကြီးမြင့်တဲ့ ကုန်းမြေပေါ့ဟု နောက်သလို ပြောင်သလိုသာ ဖြေနေခဲ့၏။

လမ်းနံဘေးတစ်နေရာ ကားဂိတ်တစ်ခုတွင်ရပ်၍ ကောက်ညှင်းပေါင်းနှင့် အကြော်စားရန် ညိုက ဆန္ဒပြုသည်။ သူ မငြင်းသော်လည်း ချောင်ကျရာ ရွေး၍ ခပ်ကုပ်ကုပ် ထိုင်နေကြ၏။ တောသားတစ်ယောက်သည် လူစည်ကားသော ကားဂိတ်ကို အဘယ်ကြောင့်မငေးဘဲ ကျောခိုင်းနေရပါသနည်း။ သူဖတ်လေ့ရှိသော စာအုပ်များမှာလည်း လူဖတ်နည်းလေ့ရှိသော အရုပ်မပါ စာသက်သက် သာမန်အားဖြင့် ငြီးငွေ့ဖွယ်များသာ။ ဤ ကိုဖေသောင်းဆိုသူသည် လူ့အသိုင်းအဝိုင်းတစ်ခုကို အကြောင်းတစ်ခုဖြင့် ရှောင်ဖယ်ဖယ်လုပ်နေမှန်း ညို ရိပ်စားမိသည်။

ကောင်းညှင်းပေါင်းနဲ့တွဲလျက် လက်ဖက်ရည်ရသည်ဆိုစဉ်က သူ အလွန်နှစ်သက်ဟန်ဖြင့် "လုပ်ဗျာ ... ကောင်းတယ်" ဟုဆိုကာ မှာခိုင်းသည်။ တကယ်တမ်း လက်ဖက်ရည်ရောက်လာ၍ သူ သောက်ကြည့်ပြီး မျက်နှာပျက်သွားသည်ကိုလည်း ညို သတိပြုမိ၏။

"ဘာဖြစ်လို့လဲ ... ရေတိုသီးစပ်လို့လား"

ညို၏ ဟာသကို သူ မရယ်နိုင်။

"ချိုရဲကြီးဗျာ... လက်ဖက်ခြောက်ကလည်း" ဟု လွှတ်ခနဲ ပြောပြီးမှ

"အေးလေ ... ကျုပ်တို့တောကအတိုင်းပါပဲ" ဟု လျှောချကာ မရယ်ချင်ရယ်ချင် ရယ်နေသည်။

"ကိုဖေသောင်းတို့တောမှာ အထက်တန်းကျောင်းရှိလား"

သူ့မျက်နှာ မအီမသာဖြစ်သွားပြန်ပြီး

"ရှိတဲ့တောမှာ ရှိတယ်။ မရှိတဲ့တောမှာ မရှိဘူး။ မူလတန်းကျောင်းရှိတဲ့ တောတွေမှာလည်း စာမသင်နိုင်တဲ့ကလေးတွေ အများကြီး။ ကျောင်းစရိတ်မတတ်နိုင်တာရော မိဘအလုပ်တွေမှာ ဝင်နေကြတာရော...ရင်မောစရာကြီး"

ဟု စကားကြောကို တစ်ဘက်သို့လှည့်ကာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုသည် ကောက်ညှင်းပေါင်းတစ်ဆုပ်ကိုနှိုက်ပြီးမှ "ဟုတ်လား..." ဟု တအံ့တသြ မေး၏။

"ဒါ ဘာမှမဆန်းပါဘူး။ မြို့ကပညာတတ်တွေ တောမှာ ကျောင်းဆရာသွားလုပ်ကြဖို့ တိုက်တွန်းရုံနဲ့ ဒီပြဿနာ မပြီးသွားဘူး။ သင်ပေးသူဘက်က ပြည့်စုံတောင် သင်ယူသူဘက်က ယူနိုင်မယ့်အခြေအနေ လိုသေးတယ်။ တချို့ကလေးတွေဆိုရင် အစ်ကိုတစ်နှစ် ညီတစ်နှစ် ကျောင်းတက်ရတယ်"

သူ့စကားမရှင်း၍ ညိုက "ဘယ်လို..."ဟု ပြန်မေးသည်။

"အစ်ကိုကျောင်းနေတဲ့နှစ်မှာ ညီက မနေနိုင်ဘူးလေ။ ငွေမလုံလောက်လို့ဆိုပါစို့။ နောက်နှစ်တော့ ညီကျောင်းနေ၊ အစ်ကိုက မိသားစုဝင်ငွေရှာ၊ ဒီလို ကြံဖန်သင်ရတာပဲ ..."

သူ့စကားတွင် သတင်းတစ်ရပ်အနေဖြင့်သာမက တစ်စုံတစ်ခု ဟောပြောချက်ပုံသဏ္ဌာန် ရောက်လာသည်အထိ ညို နားထောင်နေရသည်။

"ဒါနဲ့ ကိုဖေသောင်းက ပညာဘယ်လောက်သင်ခဲ့ရသလဲ"ဟု သူမ ဖြတ်မေး၏။

"အင်း ... ရေးတတ်ဖတ်တတ်တော့ ရှိတာပေါ့"ဟု သူဖြေကာ သွားကြရအောင်နှိုးဆော်သည်။

ဈေးကြီးရောက်၍ စာအုပ်ဆိုင်သို့ တန်းသွားကာ သူငှားလိုသည့် စာအုပ်ကိုရွေးစဉ်လည်း ညို သတိထားမိသည်။ ဘာသာပြန်စာအုပ်များဘက် သဲသဲမဲမဲ သူလိုက်ရှာနေသည်ကို မသိကျိုးကျွန်ပြု၍ 'ညို ဈေးဝယ်လိုက်ဦးမယ်' ဟူ၍ ပြောကာ ထွက်ခဲ့၏။

ဈေးဝယ်ပြီးပြန်အရောက် သူ့လက်ထဲ စာအုပ်နှစ်အုပ်ပွေ့လျက်

"နာတယ်ဗျာ ... ဖတ်ချင်တာတွေအများကြီးရှိတယ်၊ စဘော်မတတ်နိုင်တော့လို့ နှစ်အုပ်တည်းငှားနိုင်တယ်။ ကျုပ်အဖြစ်က ရတနာသိုက်ကြီး တွေ့ခဲ့ပါလျက် ဂူအက်ကွဲကြားထဲဝင်မရလို့ အဝက လက်လှမ်းမှီရာ ဒင်္ဂါးနှစ်ပြားလောက်ပဲ ကောက်လာရသူထက် နစ်နာသေးတယ်"

ညိုက ဈေးကြီးသို့ ထပ်မလာမချင်း စာအုပ်ပြန်မအပ်နိုင်ဘဲ ရက်တိုးတက်မည့်အရေး တွေးပူနေစဉ်၊ သူက

"ပိုက်ဆံထပ်ရှာဦးမယ်ဗျာ ... ဒီတစ်ခါ ငွေစများများနဲ့ရင်းပြီး





ဘဏ္ဍာသိုက်က တကျုံးကြီးနှိုက်မယ် ..." ဟု ကြိမ်းဝါးနေပါ၏။

အပြန်လမ်းတွင် သူမက နောက်ကထိုင်၍ စာအုပ်များမြည်းကြည့်သည်။ နိုင်ငံတကာ၏ နောက်ခံအကြောင်းနှင့် ယနေ့ကာလကို ဖော်ပြထားသော စာအုပ်မှန်းသိ၍ ပြန်ပိတ်လိုက်ရင်း

"ကိုဖေသောင်း မြို့ကြီးပြကြီးတော့ ရောက်ဖူးတယ်မဟုတ်လား..." ဟု မေးပြန်၏။

သူ ဟက်ခနဲ ရယ်ပြီး

"နိုင်ငံခြားတွေတောင် ရောက်ဖူးတယ် ..."ဟု ပြန်ဖြေသည်။

"ဟုတ်သလား... ဘယ်နိုင်ငံတွေလဲ"

"အို အများကြီးပေါ့ ...။ အခု ညို ယူကြည့်နေတဲ့စာအုပ်ထဲက နိုင်ငံတွေ၊ ကျုပ် ဒီနေ့ရောက်ဦးမှာပေါ့ မဟုတ်ဘူးလား ..."

ညို တစ်ဦးတည်း ပြုံးနေသည်။

လမ်းအခွဲတွင် သူမအား နှုတ်ဆက်ရင်း

"ကျေးဇူးတင်တယ်နော်။ ကျုပ်အတွက်တော့ ညိုဟာ အဘိုးအိုရဲ့ တောင်ဝှေးထက် အားကိုးရတယ်။ ဒေါ်ကျွဲမကြီးရဲ့မြေးလို့ မပြောရဘဲ သိသာနိုင်တဲ့အချက်ပဲ ..."ဟု ချီးမွမ်း၏။

ညို အိမ်ထဲကထွက်စဉ် သူမြင်ခဲ့ဖူး၍ ညိုတို့အိမ်လားဟု မေးစဉ်က "ဟုတ်ပါတယ်၊ ဒေါ်ကျွဲမကြီးက ညို့အဘွား"ဟု သူမ ရယ်ကာ ဖြေခဲ့ဖူးသောကြောင့်ပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၃)

သံယောဇဉ်အတိမ်အနက်ဟူသည် အပ်ချည်တစ်လုံးကို ခဲလုံးချည်၍ တွင်းထဲချကြည့်၍ သိနိုင်သည်မျိုး ဟုတ်မဟုတ်တော့ ရီနွယ် မဝေခွဲတတ်။

အရေးပေါ်လာရင် တစ်စွန်းတစ်စ သတ္တိပြသည်တော့ အမှန်ပင်။ သူမ မောင်လေးနှင့်တူသော လူရွယ်တစ်ဦးတစ်ယောက်ကို မြင်ရသည်ဖြစ်စေ၊ ရာသီသာသောညများ၌ လမ်းအတွင်းဂစ်တာဝိုင်းမှ တေးသံကြားရသည်ဖြစ်စေ၊ သို့မဟုတ် မောင်လေးကြိုက်တတ်သော သီချင်းဖွင့်သံ ကြားရသည်ဖြစ်စေ၊ ရီနွယ် လုပ်လက်စအလုပ်ကိုရပ်လျက် သတိရစိတ်ဖြင့် ပူဆွေးခြင်းကို လက်ယပ်ခေါ်ပြီး ညှော်ခံထားမိစမြဲ။

ယခုလည်း စာအုပ်စင်ကို ရှင်းလင်းရင်း မောင်လေးဖတ်သောစာအုပ်များကိုမြင်၍ ကြက်မွေးတံကိုင်ကာ ငိုင်တွေနေမိသည်။ သူမ၏ မိခင်ဖြစ်သူသည် အိမ်ရှေ့တံခါးဝရပ်၍ လူစိမ်းတစ်ယောက်နှင့် စကားပြောနေသည်ကိုမြင်၍ ရီနွယ် ရင်ထိတ်သွားရသည်။

ထိုသူသည် မောင်လေးအကြောင်း လာရောက်စုံစမ်းသူပင် ဖြစ်ရမည်ကို သူမ အတတ်သိသည်။ ထိုသူ စိတ်ပျက်သောမျက်နှာဖြင့် ပြန်လှန် ထွက်သွားမှ သူမမိခင်ရှိရာ ရီနွယ်ဆင်းလာရင်း သိလျက်ပင် မေးမိပြန်သည်။

"ဘာလဲအမေ … အမေ့သားအကြောင်း လာမေးတာပဲ မဟုတ်လား"

"တခြားဘာရှိရဦးမှာလဲ။ ငါတော့ တတ်နိုင်ရင် ဆိုင်းဘုတ်တင်ထားရကောင်းမလားတောင် စဉ်းစားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူမမိခင်ဖြေကာ စိတ်လှုပ်ရှားနေသော အမူအရာဖြင့် အိမ်ထဲပြန်ဝင်လာသည်။

အမေ့မျက်နှာ သနားစရာကောင်းလောက်အောင် ပူပန်မှုအရောင်တို့ ရောယှက်နေ၍ ရီနွယ် မကြည့်ရက်ကြည့်ရက် မြင်ပြီး

"အမေကလည်း အမူအရာသိပ်ပျက်တာပဲ" ဟု ကရုဏာဒေါသော ပြောမိသည်။

"ငါ သိပ်ဟန်မဆောင်တတ်ဘူး။ နောက်ဆိုရင် နင်တို့ပဲ ထွက်ရှင်းတော့"

ဟု အမေပြောရင်း ဘုရားစင်ဘက် တက်သွားသည့်တွင် ရီနွယ် တစ်ယောက်တည်း မှန်ဘီရိုပေါ်ထင်နေသော သူမမျက်နှာကို ပြန်ကြည့်မိသည်။ တုန်လှုပ်နေတဲ့မျက်နှာ "ဟင် … ငါလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒီကောင်လေးပြဿနာ ဘယ်တော့မှ ဆုံးမယ်မထင်ဘူး၊ ရင်ဆိုင်နိုင်းလိုက်ရင်ကောင်းမလား။ အို … မဖြစ်သေးဘူး။ ကြာတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြမယ်ထင်တယ်"ဟု တွေးကာ ပိုင်ရှင်မဲ့နေသော ဂစ်တာအား ဆွဲယူကိုင်ကြည့်နေမိသည်။

"လာလေ … တစ်ပုဒ်၊ နှစ်ပုဒ်ဆိုစမ်းပါ"ဟု သူမအား ဖွတ်ခေါ်ဆိုနိုင်းပြီး၊ သီချင်းမဆုံးခင် တဟဲဟဲရယ်ကာ လက်ကွက်မှားသွားလို့ဟု နောက်တီးနောက်တောက် လုပ်လေ့ရှိသော သူမမောင်လေးသည် တောရဘုန်းကြီးကျောင်း၌ ယောင်ချာချာ အဖော်မဲ့နေရှာရှာမည်။ ဟိုတလောကတော့ လေးခွတစ်လက်ကိုင်ပြီး တောင်ပစ်မြောက်ပစ် လုပ်နေသည်တဲ့။ ငှက်တွေကိုဖမ်းတာတော့ မဟုတ်ပါဘူး။ သူ့ကို အန္တရာယ်ပြုဖို့လာမည့်သူတွေကို လေးခွနဲ့ပစ်ပြီး ထွက်ပြေးဖို့ဆိုပဲ။

သူမ အတွေးမဆုံးခင် ဦးလေးအောင် ဆိုင်ကယ် တဖုန်းဖုန်းမြည်လျက် အိမ်ရှေ့လာရပ်၏၊ ရီနွယ် တံခါးကို ချက်ချင်းပြေးဖွင့်ရင်း

"မြန်မြန်တက်၊ ဘာလို့ ဆိုင်ကယ်သံကြီး ဒီလောက်မြည်အောင် မောင်းလာရသလဲ"ဟု ဆီးကြို ရန်တွေ့လိုက်၏။

"ဟာ ငါ့ဆိုင်ကယ်က ဟွန်းကလွဲရင် အကုန်မြည်တယ်ဆိုတာမျိုးဟာ …"

ဟု ဦးလေးအောင် ရှင်းချက်ထုတ်ကာ ချွေးသုတ်ရင်း ဝင်လာသည်။





ဘုရားခန်းရောက်နေသူမှာ ပူပန်ခြောဖြင့် အမောတကော ဆင်းလာပြန်၏။ ရီနွယ် တံခါးပြန်ပိတ်ရင်း "ဘာထူးသေးလဲ"ဟု လေသံဖြင့်မေးသည်။ ဦးလေးအောင်က ဖွက်ယူလာသော စာကိုထုတ်ပေးသည်။ အိမ်ဝန်းကျင် လူရှင်းမရှင်း အကဲခတ်ပြီး ရီနွယ် ဖတ်ကြည့်၏။

"ဖေသောင်း၊ နေကောင်းတယ်

ပိုက်ဆံလက်ကျန်ကနည်း

ပြောရမှာလည်း အားနာတယ်"

စာကိုဖတ်ပြီးသည်နှင့် သူမ ချက်ချင်း ဝါးစားလိုက်သည်။

အမေသည် မချင့်မရဲဖြစ်သွားပြီး "ငါတောင်မဖတ်ရသေးဘူး"ဟု ငြူစူ၏။

"သူ နေကောင်းတယ်။ ပိုက်ဆံထပ်တောင်းရမှာ အားနာနေတယ်တဲ့။ ဒါပဲ"ဟု ရီနွယ်ဖြေရင်း "ဖေသောင်းဆိုတာ သူ နာမည်ပြောင်းထားတာလား" ဟု မေးသည်။

ဦးလေးအောင်က ရယ်လျက် "အေး အဲဒါတစ်မျိုးကောင်းတယ်"ဟု ဖြေသည်။

ရီနွယ် ပိုက်ဆံယူရန် အံဆွဲသော့ဖွင့်ရင်း

"ကြည့်လည်းပြောထားဦး၊ ဒီကောင် လျှောက်လည်နေဦးမယ်။ ဘယ်လိုမှ စိတ်ချရတာမဟုတ်ဘူး။ တောရကျောင်းဆိုပေမယ့်၊ ဥပုသ်လာယူသူတွေ ရှိတတ်တယ်၊ စပ်စပ်စုစုတွေနဲ့ ရောထွေးမိမှဖြင့် …"

စသည်ဖြင့် သားအမိနှစ်ယောက် တတွတ်တွတ် မှာကြားနေသည်ကို ဦးလေးအောင် ခေါင်းညိတ်ရင်း စိတ်ချပါဟုသာ တုံ့ပြန်သည်။

စာအုပ်တွေဆိုင်မှာ သွားငှားဖတ်နေကြောင်းသာ သူတို့သားအမိသိလျှင် ရင်ထု၍ ညအိပ်မပျော်ဖြစ်ကြဦးမည်ဟု ဦးလေးအောင် တွေးမိရင်း ပြုံးစေ့စေ့ လုပ်နေမိ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ညိုလည်း သူ့ကို မသင်္ကာဘူး"

"ဟင် ... မသင်္ကာတာတောင် ဘာလို့ တရင်းတနှီး လုပ်နေရသေးလဲ။ နင် ... ကလေးလည်း မဟုတ်တော့ဘူး၊ ဓာတ်ကြိုးကို စမ်းကိုင်တယ်ဆိုတာ မြွေကို ငယ်ထိပ်ပုတ်တာထက် ကြောက်စရာကောင်းတယ်၊ မြွေကိုက်ရင် ဆေးရှိသေးတယ်ဟဲ့"

မကျွမ်းကျင်ဘဲ ကြိုးတန်းလမ်းလျှောက်သူကို ကြည့်နေရသလို မျက်နှာဖြင့် ဒေါ်တင်တင် ဆူပူနေသည်။ ညိုကား နွေနေ့လယ်တွင် ရေခဲမုန့် ဇိမ်ခံစားနေသည့် အမူအရာမျိုးပင်။

"ဓာတ်ကြိုးပေမယ့် ညိုတို့အိမ်မှာ သွယ်ထားတဲ့ဓာတ်ကြိုးမျိုးပါ။ ဘယ်တုန်းက မီးလာဖူးလို့လဲ။ ညို သိချင်တာက ဒီဓာတ်ကြိုးရဲ့နောက်ကြောင်းအမှန်"

"နင်... ပြောလေကဲလေ လုပ်ပြန်ပြီ ... ချက်ချင်းမီးလာလို့ ဟုတ်ပေ့ဖြစ်သွားမယ်"

"မပူပါနဲ့အမေ .... ညို့ဘက်က မိန်းခလုပ်ပိတ်ထားရင် စိတ်ချရပါတယ်"

"ဘာစိတ်ချရတာလဲ။ လောကပရိယာယ် နင် ဘာနားလည်သလဲ။ နင် အခုမှ အသိုက်ထဲက ခေါင်းပြူကြည့်တတ်ရုံရှိသေးတယ်။ ငှက်တွေဟာ မဖြစ်မနေ အစာရှာစားရတာ ... အန္တရာယ်တွေ ဝိုင်းနေတတ်တယ်ဆိုတာ သဘောပေါက်ထား..."

ဆီပူထဲ ငါးအတုံးထည့်ချလိုက်၍ ရှဲခနဲမြည်ပြီး ဆီမြှုပ်များထလာသည်။ သမီးလုပ်သူအား ဆူပူနေသည့်ကြားက "ဆီတွေကလည်း တို့ငယ်ငယ်ကလို မဟုတ်ဘူး" ဟု ကြားဖြတ်တွေးမိ၏။





"ဒီမှာတွေ့လား။ လူတွေ အစစ်အမှန်ကို အတုအယောင်တွေ ရောကုန်ကြတာ ဆီတွေကအစ အမှန်မရှိတော့ဘူး။ ထမင်းပူပူနဲ့ ဆမ်းစားလည်း ဘာအရသာမှမရှိ နှလုံးသွေးကြောပိတ်ဖို့ ပိုနီးစပ်တဲ့ အန္တရာယ်တောင်ရှိတယ်တဲ့ ငါ ဖတ်ဖူးတယ်"

ညိုက ငရုတ်ဆုံထဲမှ ထောင်းပြီးသမျှ နှိုက်ထုတ်နေသည်။

"အမေပြောသလိုပဲ ... ညိုက အသိုက်ထဲက ခေါင်းပြူကြည့်နေရတာ မှန်ပါတယ်။ ဒါပေမဲ့ သူကလည်း အန္တရာယ်မပေးတတ်တဲ့ ငှက်ကလေးတစ်ကောင်ပါပဲ အမေ ...။ သူ့မှာ ထိတ်လန့်စရာအကြောင်းတစ်ခုကြောင့် ကျီးကန်းလိုပဲ ပူပန်နေရတယ်။ ကျီးကန်းတောင်မှ တစ်ခါတလေ စိတ်အေးလက်အေးသာ နေလို့ရသေးတယ်။ ညို ပြောချင်တာက သူဟာ လေးခွကိုင်ထားတယ်။ ဒါပေမဲ့ ကြက်ငှက်တွေ ပစ်ဖို့မဟုတ်ဘူး"

"နင် ဘယ်လောက်သိလို့လဲ။ ငါ နင့်အဖေနဲ့ တိုင်လိုက်တော့မယ်"

ညို လုံးဝမကြောက်ပေ။ အဖေကိုလည်း ထိုအတိုင်းပင် ညို ပြန်ရှင်းပြမည်ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ် ညို့ကို အန္တရာယ်မပြုပါဘူး။ စိတ်ကူးတောင်မရှိဘူး။ ကိုယ့်ဟာကိုယ်တောင် …”

သူ စကားမဆက်ဘဲ ရပ်လိုက်၏။ ဘူတာရုံကလေးမှာ ရထားဆိုက်ပြီးချိန်ဖြစ်သော်လည်း ရေစင်ကြီးအောက် ရေချိုးပြန်လာသော ကလေးများဖြင့် ရှုပ်ထွေးဆူညံနေ၏။ ဘဲတစ်အုပ်ကိုကျောင်းလာသော ဘဲကျောင်းသားက ပုဆိုးကို စလွယ်သိုင်းလျက် ဆောင်းဘီတိုကြားမှ လေးခွကိုထုတ်ကာ သစ်ပင်ကြီးပေါ် ချိန်ရွယ်နေသည်။

“အဲဒါတွေက ညို ယုံရုံနဲ့ မလုံလောက်ဘူးလေ …”

“ဟုတ်ပါတယ်”ဟုသာ သူပြန်ဖြေလျက် နှုတ်ဆိတ်နေသည်။ ဘဲကျောင်းသား၏လက်ချက်ကြောင့် ခရေပင်ကြီးပေါ်မှ ငှက်တစ်အုပ် ရုတ်ရုတ်သဲသဲဖြစ်သွားသည်ကို နှစ်ယောက်စလုံးကြည့်နေပြီးမှ သူက

“ကျုပ် လွယ်အိတ်ထဲက လေးခွကတော့ …”ဟု စကားစသည်။

“အဲဒီအကြောင်းလည်း ညို့အမေကို ပြန်ပြောပြီးပါပြီ။ အန္တရာယ်ကို ခုခံဖို့ပဲဆိုတာ”

သူ သက်ပြင်းသာချနေ၏။

“ဒီတစ်ခါ ရထားဆိုက်ရင် အဖေပါလာမယ်။ အမေကလည်း ထင်းစည်းတွေ လှည်းနဲ့သွားတိုက်နေတယ်။ တော်ကြာ ပြန်လာတော့မှာ ဒါတောင် … အဘမောင်နဲ့ အပ်သွားသေးတယ်။ ညိုက အဘမောင်ကို ပွင့်ပွင့်လင်းလင်းပြောထား”လို့ ဟု ညို အသိပေးသည်။

“ဟုတ်လား… အဘမောင်က ကျုပ်ကို ဘယ်လိုမြင်သလဲ”

ညို ချက်ချင်းမဖြေဘဲ ဇလီဖားတုံးပေါ်ကပ်ငြိနေသည့် ရွက်ခြောက်





များကို တုတ်တစ်ချောင်းဖြင့် တွန်းချနေ၏။ သူတို့နှစ်ယောက် နေရောင်ကျရာဘက် ကျောပေး၍ ဇလီဖာတုံးပေါ် ထိုင်နေခြင်းဖြစ်သည်။

“အဘမောင်ကို ညိုပြောထားတယ် …။ ကိုဖေသောင်းဟာ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ပါလို့”

“ဟာ…”ဟု သူရေရွတ်ပြီး ညို့အား နားမလည်သလို လှည့်ကြည့်သည်။

“ဟုတ်တယ် … သူ သရုပ်ဆောင်နေရတဲ့ အခန်းဟာ ငှက်ကလေးတစ်ကောင်အဖြစ်ပဲ။ ဒါပေမဲ့ သရုပ်ဆောင်ရတာကြာတော့ ပင်ပန်းပြီး ခဏတစ်ဖြုတ်နားချင်နေတယ်။ ဇာတ်လမ်းထဲက ဘဝကိုမေ့ပြီး ပကတိအတိုင်း နေချင် နားချင်နေတယ်။ အဲဒီလို နားခွင့်ရတဲ့အချိန်ရောက်ရင် ဒါရိုက်တာက မပေးနားဘဲ ဆက်ရိုက်ခိုင်းတယ်။ သူ စိတ်ရောလူရော ပင်ပန်းနေပြီလို့”

ဇလီဖားတုံးအပုံပေါ်မှ သူ ရုတ်ချည်းဆင်း၍ ညို့နံဘေး သူ ရပ်လိုက်သည်။

“ကျုပ် အမူအရာတွေက ဒီလောက်တောင် အိန္ဒြေပျက်နေပြီလား။ ကျုပ်…”

“အဲဒါတော့ ညို မပြောတတ်ဘူး။ ညိုထင်တာ မမှားဘူးလို့တော့ ညို ယုံတယ်”

ညို့နှင့် မျက်နှာချင်းဆိုင် သူရပ်လိုက်၍ ကျနေခြည်က သူ့မျက်လုံးများထဲ စူးစိုက်ရောက်လာသည်။ သူ ဦးထုပ်ကို ငိုက်ငိုက်ဆောင်းရာမှ နဖူးပေါ် ပို၍ဆွဲချကာ

“အေးလေ…ကျုပ်ကိုယ်တိုင်ကလည်း အစကတည်းက သိပ်ဂရုတစိုက် မနေချင်လှဘူး။ ပျော်သလိုပဲနေပြီး လုပ်ချင်တာတွေ ဆက်လုပ်ချင်တယ်။ အခုတော့ ဒီဘူတာရုံလေးကို ကျုပ် ခင်တွယ်နေပြီ။ ဒီရေအိုးစင်က ရေကို သောက်ပြီးကတည်းက ဆိုပါတော့၊ ကျုပ် ဒီကိုရောက်လာတာ အဓိပ္ပာယ်သစ်တစ်ခုရှိနေသလို ခံစားရတယ်”

“စကားတွေကလည်း၊ လိုရင်းကိုမရောက်ဘူး …”ဟု ညို ရှုံ့မဲ့ပြလျက် ရှုတ်ချသည်။ သူ ရယ်နေ၏။

“ဟုတ်မယ်လေ၊ ကျုပ်ဒီလိုပဲ ပြောခွင့်ရှိတာကိုး။ ကျုပ်အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



ညို့လို သက်သက်သာသာ ပွင့်ပွင့်လင်းလင်း နေခွင့်မှမရှိတာ။ ဒါသည်ပင်လျှင် ကျုပ်ဘဝ''

ကားလမ်းပေါ်မှကွေ့၍ ထင်းလှည်းလာနေသည်ကို ညို မြင်လိုက်သည်။ ထိုင်ရာမှ ရုတ်ခနဲ ထ၏။

''ဟိုမှာ အမေလာနေပြီ။ ဒီတစ်ခါ အပ်ရမယ့်စာအုပ် အဘမောင်ကို ပေးလိုက်ပါ။ ဒီလိုချည်းပဲ ငှက်လိုလို လေးခွသမားလိုလို အမေတို့မြင်နေရင် ညိုနဲ့စကားပြောဖို့ မဖြစ်နိုင်တော့ဘူး''

ရုံပိုင်ကြီးအိမ်ဘက် ပြေးထွက်သွားသော သူမ နောက်ကျောတွင် ဆံစများ ထွေးခနဲ လှုပ်ရမ်းလိုက်ပါသွားကြသည်မှာ သူ့အား လက်ပြနှုတ်ဆက်သွားသည်လို့ သူနားလည်လိုက်၏။ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်နှင့်ကင်းမရသည့် လူသားဘဝ၏ လွတ်လပ်ခွင့်အကြောင်း ဒီည သူ စဉ်းစားမည်။

* * *



## (၄)

တောရကျောင်းပြန်ရောက်ပြီး သူဘယ်မှ မထွက်တော့ဘဲ ငြိမ်ကုတ်၍ နေလိုက်သည်။ ဦးလေးအောင်ရောက်လာပြီး

''ဟိုဟိုဒီဒီ သိပ်မသွားနဲ့ လူတွေနဲ့ သိပ်မရှုပ်နဲ့ အခြေအနေမကောင်းသေးဘူး။ မင်းအိမ်ကို လာလာပြီး မျက်နှာစိမ်းတွေ လာစုံစမ်းနေကြတယ်'' ဟု သတင်းပေး၏။

''ကျနော့်သူငယ်ချင်းတွေ ဖြစ်မှာပါ။ အမေတို့ မသိလို့နေလိမ့်မယ်''

''ဒါတော့ … ငါလည်းမသိဘူး။ မင်းအမေနဲ့ အစ်မက ဘာကိုမဆို သံသယနဲ့ပူပန်နေရတယ်။ ဒါကို မင်း ငဲ့ညှာဦး။ မင်းလုပ်ချင်တာ လုပ်ခဲ့ပြီးပြီ''

''မပြီးသေးဘူး ဦးလေးအောင် …''ဟု သူပြန်ပြောချင်သော်လည်း မပြောဖြစ်ခဲ့။

''ငါလည်း ခဏခဏ မလာနိုင်ဘူး။ မင်းပိုက်ဆံကို ကြည့်သုံးကွ။ အခြေအနေကို စောင့်ကြည့်နေဦး …''

ဟု မှာပြီး ဆရာတော်ကို ဦးချကာ ဦးလေးအောင် ပြန်သွားခဲ့သည်။

သူ့အခြေအနေကား ဤတောရကျောင်းသို့ ရောက်ကာစနှယ်ပင် ယောင်ချာချာ ပြန်ဖြစ်ခဲ့ပြန်၏။ ပိုဆိုးသည်က သူ ခင်တွယ်မိပြီဖြစ်သော တောဘူတာလေးအတွက် သူ ဖြေမဆည်နိုင်သလို နေရခြင်းပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"အဖေက သမီးကိုယုံပါတယ်။ ဒါပေမဲ့ စိတ်မချတာတော့ ရှိတယ်.."

ဟု အဖေပြောခဲ့ပြီးပြီ။

"သူ လူကောင်းတစ်ယောက်ပါ အဖေ။ ခင်စရာကောင်းတယ်ဆိုတာ ညို ရိုးရိုးပဲ ပြောဝံ့ပါတယ် ..."

ဟု ညို ထောက်ခံပေးရုံသာ တတ်နိုင်ခဲ့သည်။

ညို၏အဖေသည် ဆေးတံကိုမီးညှိရင်း နွေညလေပြေ ရလိုရငြား ပြတင်းဝသို့ သွားရပ်နေ၏။ မီးပူထိုးပြီးသောအဝတ်များကိုစီရီရင်း ညိုလည်း အပြင်ဘက် မျှော်ကြည့်မိသည်။ ကုက္ကိုပင်ကြီးပင် အရွက်မလှုပ် ငြိမ်သက်နေ၏။ အမှောင်ထုထဲမှ လေပြေလား လေရူးလား၊ ကိုယ်ရောင်ကြီးမမြင်ဘဲ မျှော်ကြည့်ရသည်မှာ ရေရာမှုကင်းလှသည်ဟု ညို တွေးမိ၏။ သို့တစေ...

"မဟောသဓအမတ်ကြီးဟာ အိုးထိန်းသည်ဆီမှာ ဘာလို့ တပည့်သွားခံပြီး ဇာတ်မြှုပ်နေခဲ့ရတာလဲ အဖေ ..."

ဟု ညို ကောက်ကာငင်ကာ မေးလိုက်သည်။ အဖေ ကျေနပ်စွာပြုံးနေသေး၏။ ပြတင်းပေါက်အပြင် ညလေထုထဲ ဆေးတံငွေ့များထုတ်လိုက်ပြီးမှ..

"အေး ... အေး၊ ညို့ကို အဖေတို့က ကလေးတစ်ယောက်လို စိတ်မချလို့.. တဟဲ့... ဟဲ့ နဲ့ မထိန်းကောင်းပါဘူး။ အရာရာကို သတိနဲ့ယှဉ်ပြီး ပြုမူပြောဆိုပါ ..."ဟုသာ အဖြေပေး၏။

ဒေါ်တင်တင်သည် မီးပူထဲ မီးသွေးအသစ်ဖြည့်နေရာမှ "ဒီမှာ .."ဟု စကားစသည်။

"တစ်ခါက မျောက်တစ်ကောင်ဟာ တောရကျောင်းနားမှာနေရင်း တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေပါးစပ်က ဒုက္ခ ဒုက္ခလို့ ရေရွတ်နေကြတာ





နားမလည်နိုင်လို့ ဆရာတော်ကို သွားမေးလျှောက်တယ် ..."

ညိုသည် အမေ့လက်ထဲ မီးပူကြီးထက်မပေါ့သော စကားဥပမာဖြင့် ညို့ခေါင်းကို ထုချေတော့မည်ဟု ကြိုနားလည်လျက် ပြုံး၍ စောင့်ကြိုနေရသည်။

"ဒီတော့ ဆရာတော်က အေး..ဒုက္ခကိုသိချင်ရင် နောက်နေ့လာခဲ့လို့ ချိန်းပြီး ဂုံနီအိတ်ထဲ အစာမကျွေးဘဲထားတဲ့ ခွေးဆိုးတစ်ကောင်ထည့်ချည်ပေးထားလိုက်တယ်။ နောက်တစ်နေ့ မျောက်လာတော့ ကဲ ... မင်းသိချင်တဲ့ ဒုက္ခ ဒီအိတ်ထဲမှာရှိတယ်။ ဒါပေမဲ့ ဒါကို သစ်ပင်မရှိတဲ့ ကွင်းပြင်ထဲကျမှ ဖွင့်ကြည့်လို့ မှာသတဲ့။ မျောက်လည်း အိတ်ကြီးကို မသယ်နိုင်တော့ ဒရွတ်ဆွဲပြီး ယူသွားရတာပေါ့။ အထဲကခွေး ဘယ်လောက်ဒေါသဖြစ်နေမလဲ၊ ညည်း စဉ်းစားကြည့်။ ကွင်းပြင်ထဲရောက်မှ ကြိုးလည်းဖြေကြည့်ရော ဒေါသထွက်နေတဲ့ ခွေးနာ၊ သစ်ပင်ပေါ်ပြေးတက်စရာမရှိတဲ့မျောက်၊ ညည်း မျက်စိထဲ မြင်အောင်ကြည့် ... အဲဒီလို ဒုက္ခကို လက်တွေ့ကျကျ သိချင်တဲ့ မျောက်အတွက် ပြောပြရုံနဲ့ မလုံလောက်ဘူးဖြစ်နေတာ"

အမေ့စကားကို ညို သဘောကျစွာပင် လိုက်ရယ်နေခဲ့သည်။

အမေကား မီးသွေးခဲများ လောင်စာကောင်းရန် ယပ်ခပ်ပေးနေသည်။ ညို ကြည့်၍ ကောက်ကာငင်ကာ ဤသို့ပြောလေ၏။

"လူတွေက နွေညပူလှလို့ အေးရာအေးကြောင်း ရှာနေရတယ်။ မီးပူကြီးကတော့ နွေအပူကို နားမလည်တဲ့အပြင် အေးမှာစိုးလို့ မီးယပ်ထည့်ပေးနေရသေးတယ်နော် ..."

* * *



www.burmeseclassic.com

www.burmeseclassic.com



တောဘူတာလေး နေညိုချိန် သူ ရောက်ခဲ့ပြန်သည်။

ရေတာစ်မှတ်ခပ်သောက်ပြီးသည့်တိုင် အမောမပြေသေးသလို ဖြစ်ရခြင်းမှာ နွေညနေကြောင့်တော့ မဟုတ်တန်ရာ။ နေခြည်စောင်း၍ မီးဆလိုက်ထိုးသလိုကျနေချိန် ဘဲကျောင်းသားမောင်းနှင်ရာ တသီတတန်းကြီး ချီတက်လာသောဘဲအုပ်ကို ငေးရသည့်အရသာ၊ ရထားလမ်းပေါ်မှ ကျောက်ခဲများအပေါ် အမှိုက်သရိုက်အချို့ လူးလာခေါက်ပြန့် လေနှင်တိုင်းလိမ့်နေသည်ကို မြင်ရသည့်အရသာ၊ အော်သံခေါ်သံများကြားမှ ကလေးတို့ပြေးလွှား ဈေးရောင်းရန် လာကြပုံ၊ မြင်းနက်ကြီး အမောဆို့သလို ဝင်လာသော စာပို့ရထားခေါင်း‥ သူ့အတွက် အားလုံးမြင်ရ ကြားရပါလျက် မပြည့်စုံ။

ညိုသည် ဒန့်သလွန်သီးများရူးနေရာမှ သူ့အား မျှော်ကြည့်နေ၏။

ဘယ်ကလာလို့ ဘယ်လိုလူလဲဆိုတာမပြောရင် ကျမတို့ ဒီထက်ပိုလို့ မရဘူးဟု သူမ ပြောချင်နေသလား။ သူ့ဘာသာ နားလည်လိုက်သည်။ တောဘူတာလေးဘက်ပင် သူ ပြန်ငေးနေလိုက်၏။

ညို မနေနိုင်သည့် တစ်ညနေတွင် ရေအိုးစင်ကို ရေဖြည့်ရင်း အနီးမှာ ငုတ်တုတ်ထိုင်နေသော သူ့အားမကြည့်ဘဲ စကားတစ်ခွန်း စလိုက်၏။

“ဘာလို့ ဒီလောက်ဝန်လေးနေတာလဲ။ စာအုပ်တွေ မဖတ်ချင်ဘူးလား”

သူက ဦးထုတ်ပျော့ဖတ်ဖတ်ကို ခါတိုင်းလို ငိုက်ငိုက်ဆောင်းထိုင်လျက် ညို့အား လှည့်မကြည့်။

“စာမျက်နှာပေါ်က စာတွေကိုလည်း ဖတ်ချင်တယ်။ လူတစ်ယောက် မျက်နှာပေါ် အက္ခရာမပါတဲ့အဓိပ္ပာယ်တွေကိုလည်း ဘာသာပြန်ကြည့်ချင်တယ်။ နေစောင်းလို့ မသောက်ရသေးတဲ့ အရက်သမားထက် ကျုပ် အနေရခက်နေ





ပါတယ်”

ညို သူ့အား ရယ်လည်းရယ်ချင် စိတ်လည်းမရှည်ချင်တော့။ ဒုက္ခဆိုတာ နှုတ်ခမ်းမွှေးထူလပျစ်ကြီးနဲ့ မှုန်ကုပ်ကုပ် လူတစ်ယောက်ထံမှာ ဘယ်သို့ရနိုင်မလဲဟု သူမ စဉ်းစားနေမိ၏။ သို့သော် သောက်ရေဖြည့်ပြီး သူမ ပြန်လာခဲ့၏။ သူ စိတ်ပျက်လက်ပျက် ပြန်သွားပြန်သည်။

အတွေးစုံဖြင့် ရှုပ်ထွေးနောက်ကျိနေခြင်းကြောင့် သူ့နောက်မှာ တစ်စုံတစ်ယောက် နောက်ယောင်ခံလိုက်လာသည်ကိုပင် သတိမပြုမိဘဲ တောရကျောင်းအထိ ငိုက်စိုက်လျှောက်သွားမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၅)

“တစ်ယောက်တည်း ငြီးငွေ့နေရတယ်။ ဖြစ်နိုင်ရင် အဆက်အသွယ်လုပ်စေချင်တယ်။ ဘယ်သူတွေ ဘယ်မှာရှိလဲ ငါလည်းမသိဘူး။ မင်းတို့သိသမျှ စုံစမ်းပေးပါ။ ငါတို့ ဒီအတိုင်းနေလို့လည်း ရေရှည်မှာ ဖြစ်မှာမဟုတ်ဘူး။ ထပ်လှုပ်ရှားရဦးမှာပဲ။ ဒါကြောင့် ဒီစာရရခြင်း ငါတို့အဖွဲ့တွေ ပြန်စုထားကြပါ။ ငါနောက်တစ်စောင်ထပ်ရေးဦးမယ်။ အဲဒီကျရင် ငါ့ကိုတွေ့နိုင်မယ့်နေရာ ငါရေးပေးလိုက်ပါမယ်။ အခု ငါ့နာမည်ဖေသောင်းလို့ပဲ မင်းတို့ သုံးစွဲကြပါ”

သူ စာကို အဆုံးသတ်ပြီး အိတ်ထဲပိတ် ခေါင်းကပ်သည်။

ရုံဖန်ရုံခါမှ တောရကျောင်းသို့လာတတ်သော ဘုန်းကြီးကျောင်းသားလေးအား မုန့်ဖိုးပေး၍ စာထည့်ခိုင်းရန်စဉ်းစားနေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



“မရောက်တာလည်းကြာပြီ ဘုရား။ တပည့်တော် အလုပ်များနေလို့ သတိရလျက် မလာနိုင်ပါဘူး ...”

ဦးရွှေခင် လှူဖွယ်ဝတ္ထုများဖြင့် ကန်တော့ရင်း ဆရာတော်အား လျှောက်သည်။ အလိုက်အထိုက် ဧည့်ခံနေသော ဆရာတော်အား

“ကျောင်းထဲမှာ လူငယ်တစ်ယောက် အရင်က မမြင်ဖူးပါလား။ ဆရာတော့်ကျောင်းမှာ နေနေတာလားဘုရား ...” ဟု မေးလိုက်၏။

ဆရာတော်မှာ အိန္ဒြေပင်မပျက်...

“အေး ... ငါနဲ့ မကင်းရာမကင်းကြောင်းထဲကပဲ ...”ဟုသာ ပြန်မိန့်သည်။

“တောကလား ဘုရား...” ဟု မေးသော်လည်း...

“သူ့မိဘတွေ ခဏလာထားကြတာပါ။ လူကောင်းပါ...” ဟုသာ ဖြေသည်။

* * *





ဦးရွှေခင် ပြောပြချက်ကို ဒေါ်တင်တင် မျက်မှောင်ကျုံ့ နားထောင်နေသည်။

“ဆရာတော်ကိုယ်တိုင်က ရေရေရာရာ မသိတာလား။ မပြောချင်လို့လား”ဟု ရေရွတ်လျက် ညို့ဘက်လှည့်ကြည့်သည်။ ညိုကား အားမလိုအားမရ နားထောင်နေရာမှ တစ်ခုခုတော့ လျှို့ဝှက်ချင်နေတာ အမှန်ပဲဟု နားလည်မိ၏။

ရက်ပိုင်းအတွင်း ထူးခြားချက်က ညို၏သိလိုစိတ်ကို ပို၍နိုးဆွသည်။ အနေးရထားပေါ်မှဆင်းလာသော လူနှစ်ယောက်နှင့် ကိုဖေသောင်းတို့ ဘူတာအနီးက လက်ဘက်ရည်ဆိုင်မှာ နေ့တစ်ဝက်နီးပါး ခေါင်းချင်းဆိုင်ရိုက်နေကြခြင်းပင်။ ညိုသည် ခြံဝင်းထဲမှ အားမလိုအားမရ ချောင်းကြည့်နေပြီး သူတို့အဖွဲ့ ကုက္ကိုပင်ကြီးနောက်ဖက် သွားကြပုံ၊ တောရကျောင်းဘက် သွားရာလမ်းကို ဖေသောင်း ညွှန်ပြနေပုံ၊ ဟိုနားလျှောက် သည်နားလျှောက်နှင့် ဘူတာတစ်ဝိုက်တွင်သာ စကားပြောရင်း အချိန်ဖြုန်းကြပြီးမှ ညနေ စာပို့ရထားအပြန် သူတို့ပြန်၍ ပါသွားကြသည်။

ဖေသောင်းလက်ထဲ ထိုဧည့်သည်နှစ်ဦးပေးခဲ့သည့် အထုပ်များ တပွေ့တပိုက်ဖြင့် ကျေနပ်စွာ ပြန်သွားသည်ကို ညို ခြံစည်းရိုးကြားမှ ချောင်းကြည့် ကျန်ခဲ့ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ပဟောဋ္ဌိမှန်လျှင် အဖြေရှိစမြဲဟု ညို ယုံသည်။

တကယ်တမ်းကျတော့ သဲလွန်စကို ရှာတုန်းကမတွေ့ မရှာဘဲ ခုလုတ်တိုက်မှ တဲ့တဲ့တိုးမှန်းသိရပြီး ရင်ထိတ်သည်းဖိုဆန်ဆန် ညို ခံစားရလိုက်ရ၏။

ဧပြီ လဆန်းပြီမို့ သင်္ကြန်တွင်း စတုဒီသာကျွေးရန် အစီအစဉ်အတွက် ညိုတို့အိမ်ရှေ့ဘက်ရှိ ရွာထဲမှ အပျိုခေါင်းဆောင် မခင်အေး ရောက်လာသည်။ ညို့ထံမှ အလှူငွေကောက်ရင်း၊ အစီအစဉ်ပြောရင်း၊ ဟိုရောက်သည်ရောက် စကားပြောနေဖြစ်၏။

"မမအေးတို့ ကျောင်းဘယ်တော့ပြန်ဖွင့်မှာလဲ ..."

"မကြေညာသေးပါဘူးဟာ။ ကြာဦးမယ်ထင်တာပဲ ပြဿနာက"

မခင်အေး စကားမဆုံးဘဲ ပါးစပ်အဟောင်းသားဖြင့် ကုတ္တိုပြင်ဘက်ကြည့်ရင်း ဟဲ့.. ဟု ရေရွတ်ကာ သေချာအောင် မျက်လုံးပွတ်သပ်ကြည့်နေ၏။

ကိုသောင်းဖေသည် သူ ဝတ်ဆင်နေကျ အဆောင်အယောင်များနှင့်ပင် ဘုတာမှာရောင်းသော စာစောင်အချို့ကို လှန်လှောကြည့်နေသည်ကို တွေ့ရသည်။

"မမအေး သူ့ကို သိလို့လား ..."

"အေးဟဲ့ ... တူတော့တူတယ်၊ နေဦး ... နှုတ်ခမ်းမွေးကြီးနဲ့၊ ဟဲ့ ... ဟုတ်ပါပြီ၊ သူက ဘယ်လို ဒီကိုရောက် ..."

မခင်အေးစကားများ ပြတ်တောင်းပြတ်တောင်းဖြင့် အံ့သြစွာ ငေးစိုက်နေ၏။ ကိုဖေသောင်း စာစောင်တစ်ခု ဝယ်သွားပြီး၊ ကုတ္တိုပြင်ကွယ်ရာဘက် ငိုက်စိုက်စိုက် ထွက်သွားမှ...





"ဟုတ်တာပေါ့ ... သေချာပြီ ကြည့်စမ်း။ ငါက သူပါသွားပြီ အောက်မေ့နေတာ"

ညို၏ သိလိုစိတ်ကို ကလိထိုးနေသလိုရှိလာ၍

"မမအေးတို့ ကျောင်းကလား ..." ဟု အမောတကော မေးလိုက်သည်။

"အေး ... ဟုတ်တယ်။ ငါတို့နဲ့ ဘာသာတူတူပဲ အခန်းတော့ မတူဘူး ..."ဟုဖြေသည်။

"သူ့နာမည် ကိုဖေသောင်းဆို"

"ဟုတ်လား ငါ နာမည်တော့ ဘယ်သိမလဲ။ ဒါပေမဲ့ လူတော့ သိပါတယ်။ အားကစားပွဲတွေမှာ ဘယ်က ဝီစီကိုယူလာပြီး တကီတီမှုတ်နေမှန်း မသိဘူး။ လက်တွေ့ခန်းထဲမှာလည်း အမြဲဆော့နေတာ။ ဩော်...ငါက သူ ပါသွားပြီမှတ်လို့"

"ဘာပါတာလဲ ... မမအေးရဲ့"

ညို့ အမေးကြောင့် မခင်အေး ဟိုအကြောင်း သည်အကြောင်း ဇာတ်ကြောင်းပြန်ရင်း ညို ကွက်ကွက်ကွင်းကွင်း နောက်ခံစကားပြောနှင့် ရုပ်ရှင်ပြကွက်လို မြင်လာသည်။

"ဟိုတလောက ကျောင်းမှာ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်တယ်မဟုတ်လား။ အဲဒါ သူ ဖိုးတက်ကြွလုပ်နေတာ။ ငါတို့ အဆောင်ဘက်တောင် လာခေါ်သေးတယ်။ ငါ ကြောက်လို့ လိုက်တော့မလိုက်ရဲဘူး။ လက်ကိုင်ပဝါတွေတော့ စုပြီးပေးလိုက်ပါတယ်"

ထိုသို့ ပြောပြီး မခင်အေး တစ်စုံတစ်ခု သတိရ၍

"ဟဲ့..ငါ အားပေးတာ ဘယ်သူမှ မသိစေနဲ့ဦး။ တော်ကြာ ငါပါ အဆွဲခံနေရဦးမယ်..."ဟု ထိတ်လန့်စွာ နှုတ်ပိတ်၏။ ညို ရယ်၍

"စိတ်ချပါ မမအေးရဲ့ ..."ဟု ကတိပေးလိုက်ရသည်။

ကိုဖေသောင်းဆိုသူတို့ ကျောင်းဝင်းထဲလှည့်ပုံ၊ အုတ်ခုံပေါ်တက် တရားဟောပုံတို့ကို ညို မျက်စိထဲ မမအေးပြောသမျှ မြင်ယောင်လာ၏။

"ကန်စပ်မှာ အတီးခံရပြီး နောက်တစ်နေ့ ကျောင်းဝင်းထဲ သူပြန်ရောက်လာသေးတယ်။ ပိတ်ပြီးဆွဲသွားတော့ သူ ပါသွားပြီ အောက်မေ့နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း… သူ ကျောင်းဝင်းအပြင်မှာလည်း အဲဒါတွေ လိုက်လုပ်နေသေးတယ်။ လက်စသတ်တော့ ကိုယ်တော်ချောက ဒီကို လာရှောင်နေတာပဲ ဖြစ်ရမယ်…” ဟု တစ်ထစ်ချ ပြောနေ၏။

ထိတ်လန့်ခြင်းကြားမှပင် ညို ဘဝင်ကျသွားပြီ ဖြစ်သည်။

အိမ်ရှေ့တံခါးဝမှ ခေါင်းပြူ၍ လိုက်ကြည့်နေသေးသော မခင်အေး ပခုံးအား ပုတ်၍…

“မမအေး … ဘယ်သူမှ မပြောနဲ့နော်၊ သူ ဒုက္ခရောက်ပါမယ်”

“အို ဘာလို့ပြောရမှာလဲ … ငါတို့ အတူတူပဲဥစ္စာ”

ထိုသို့ မခင်အေးပြောပြီး

“သူ ဘယ်ရွာလာနေသလဲ မသိဘူးနော်။ အသိဆွေမျိုးတွေဆီ လာနေတယ်ထင်တယ်” စသဖြင့် တွေးဆပြော ပြောနေ၏။

“မမအေး မသိချင်ယောင်ဆောင်နေ၊ ဒီနားမှာ မမအေးတို့ကျောင်းက တခြားလူလည်းရှိတာမဟုတ်ဘူး။ တော်ကြာ မမအေးကိုတွေ့လို့ သူလန့်ပြီး ထွက်ပြေးသွားဦးမယ်”ဟု ညိုသတိပေး၏။

ငါစဉ်းစားနေတာဟု မခင်အေး ပြန်ပြောသည်။

“ငါ သူ့ကိုအားပေးလိုက်ရင်ကောင်းမလားလို့၊ ကိုယ့်တစ်ကျောင်းတည်းသားချင်းတွေလည်းဖြစ်တယ်။ ကိုယ့်ရပ်ရွာမှာ ရောက်နေတာလည်း ဖြစ်တယ်။ ဒါပေမဲ့ ညိုပြောသလို သူ့လန့်ပြီး ထပ်ပြေးနေဦးမယ်။ တကယ်တော့ ဒီမှာနေတာ ကောင်းတယ် …”

“ညို ကြည့်လုပ်လိုက်မယ် … မမအေး အသာနေလိုက်။ ညိုနဲ့သူ စကားနည်းနည်းပြောဖူးပါတယ်။ သူ သနားစရာတော့ကောင်းတယ်။ သိပ်ပျင်းနေတာ။ အဖော်လည်းမရှိဘူး။ စာဖတ်ချင်တော့လည်း အခက်ကြုံနေတယ်”

တစ်ဆက်တည်း ညို့မိဘများသဘောထားကိုပါ ညို ပြောပြလိုက်သည်။

မခင်အေး ခေါင်းညိတ်၍

“အေး ကောင်းတယ်၊ ငါနောက်နေ့ လာခဲ့ဦးမယ်။ ညို ကြည့်ပြီး သူ့ကိုပြောထားလိုက် …”ဟု သဘောတူသည်။

နောက်တစ်နေ့ နေညိုချိန် တောဘုတာလေးသို့ သူ ရောက်လာပြန်သည်။





စာပုံးထဲ စာတစ်စောင်ထည့်ပြီး ဇလီဖားတုံးပုံပေါ် ငုတ်တုတ်ထိုင်၍ ဘူတာလေး မြင်ကွင်းအား ငေးကြည့်နေပြန်၏။

ရထားသံလမ်းပေါ်တွင် တံလျှပ်ခိုးများ တရှိန်းရှိန်း ထနေသည်။ ကလေးတစ်ဖွဲ့မှာ သကြီန်မကျသေးသော်လည်း ရေပြွတ်များဖြင့် အချင်းချင်း ကျီစယ်ပက်ကစားရင်း ပြေးလွှားနေကြ၏။ သံလမ်းပေါ် ရေကျသွားတိုင်း အခိုးအငွေ့များထွက်လာသည်ကို သူ ဝေရီရီမျက်လုံးများဖြင့်သာ ငေးကြည့်နေ၏။

ညို သူ့ကိုကြည့်၍ သနားကြင်နာစိတ်များ ရင်ထဲတိုးဝှေ့ရောက်လာ၏။ သြော်·· မိသားစုအပေါင်းအဖော်တွေနှင့်ဝေးပြီး သူ အထီးကျန်နေရရှာတာပဲ။ တစ်ဖက်ကလည်း ဘယ်ကပေါ်လာမှန်းမသိတဲ့အန္တရာယ်ကို တွေးနေရသေး။ ဘာမှမပြည့်စုံတဲ့ တောရကျောင်းမှာ သူဖြစ်သလို နေနေတာပဲဟု သူမ နားလည်လိုက်၏။

ရှေ့တည့်တည့်ငေးနေရာမှ သူ့မျက်လုံးရှေ့ ဆံစများတဝေ့ကြီး ဝဲကျလာ၍ သူ လှည့်ကြည့်လိုက်သည်။ ထူးခြားသောအပြုံးတစ်ခုဖြင့် သူ့အား ငုံ့ကြည့်နေသည့် ညို့ မျက်ဝန်းညိုများနှင့် ရင်ဆိုင်လိုက်ရ၏။

“ပျင်းနေပြီလား …” ဟု ညိုက တရင်းတနှီး ကြင်နာစွာမေးသည်။ သူက အကြည့်ကိုလွှဲပြီး

“ဘယ်လိုမေးလိုက်တာလဲဗျာ။ နေစောင်းရင် ဖေသောင်း မနေတတ်ဘူး”ဟု ပကတိ ငြိုးငွေ့မွန်းကျပ်သံဖြင့် ဖြေ၏။

“မနေ့က လူတချို့လာမေးသွားတယ်။ ဒီနားမှာ ကောလိပ်ကျောင်းသားတစ်ယောက် လာပုန်းနေတယ် မတွေ့ဘူးလားတဲ့ …”

ညို့စကားကြောင့် သူ အလန့်တကြား မော့ကြည့်ပြီး ဦးထုပ်ကို ဖိဆွဲချကာ ဆတ်ခနဲ ထရပ်သည်။

“ဟုတ်လား … ဘယ်သူတွေလဲ ဘယ်မှာလဲ”

ညို ပိုင်ပိုင်နိုင်နိုင် ပြုံးသည်။

လေအဝှေ့မှာ ဆံနွယ်ရှည်တို့ ယိမ်းခနဲ လွင့်ခါပါသွားသော ထိုမိန်းကလေးသည် သူ့အား ထိတ်လန့်တကြားဖြစ်စေမည့် သတင်းဆိုးကို ဘာကြောင့်ယူခဲ့ရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ညို ပြောလိုက်တယ်လေ။ ကိုဖေသောင်းဆိုတဲ့ နှုတ်ခမ်းမွေး အတုကြီးနဲ့ တောသားတစ်ယောက်တော့ ရှိတယ်လို့"

"ဘာဗျ ... ကျုပ်နှုတ်ခမ်းမွေး အတုမဟုတ်ဘူး။ အစစ်ဗျ... ဒီမှာကြည့် ..."

သူ ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး နှုတ်ခမ်းမွေးကို လက်ဖြင့် တအား ဆွဲပြသည်။ သဘောကျစွာရယ်လိုက်သော ညို့မျက်နှာအား သူ မကျေမချမ်း ကြည့်၍

"ဘာလို့ ကျုပ်ကို ပြောလိုက်ရတာလဲ။ ကျုပ် သွားတော့မယ်။ နောက်ဘယ်တော့မှ မလာတော့ဘူး။ သူတို့ကိုလည်း အလကားနောက်တာပါလို့ ပြောလိုက်။ ကျုပ် မတွေ့ချင်ဘူး"ဟု ဘုဆတ်ဆတ် ပြောကာ သူထွက်သွားသည်။

ကုက္ကိုပင်ကြီးနောက်ဘက် သူ ရောက်သွားပြီး တောရကျောင်းဘက်ပြန်မည့်လမ်းဘက် သူ လျှောက်သည်အထိ ညို တခစ်ခစ်ရယ်လျက် နောက်ကလိုက်သွားသည်။ သူ မလုံမလဲလှည့်ကြည့်ရင်း ညို့အားတွေ့၍

"ကျုပ်နောက်မလိုက်နဲ့။ ဘာမှ မပတ်သက်ပါရစေနဲ့ ..."ဟု အော်လွှတ်သည်။

"မလိုက်ပါဘူးလေ ... တောရကျောင်းမှာရှိတယ်လို့ သတင်းပေးလိုက်ရင် ပြီးတာပဲ"

အံ့သြခြင်းမက အံ့သြ၍ သူ ဘာပြန်ပြောရမှန်းမသိ။

လှည့်ပြန်ခြေလှမ်းများတန့်သွားပြီး ညိုအား တစ္ဆေသရဲလို သူကြည့်နေသည်။ စချင်နောက်ချင်စိတ်အား သနားစိတ်က ဖုံးလွှမ်းအနိုင်ယူသွား၍ ညို သူ့အား အားပေးသည့်အပြုံးဖြင့်....

"လာ ဒီနားမှာ လူရိပ်နည်းနည်းကွယ်တယ်။ ညို ပြောတာနားထောင် ဘာမှမကြောက်နဲ့"

သူ မလာဝံ့သေး၊ ညို့အား နေ့ခင်းကြောင်တောင် ခြောက်သော သရဲမနှယ်ပင် သူထင်နေပုံရသည်။ မျက်လုံးများဝိုင်းစက်၍ မျက်တောင်မခတ် ကြည့်နေသေး၏။

"လာလေ... ဒီမှာ စိတ်အေးအေးထားပြီးထိုင်၊ ညို ပြောတာ





နားထောင် ..."

ညို ပြောတာနားထောင်ဟူသော စကားသည်ပင် သူ့နားထဲ သူ့ရင်ထဲ ပဲ့တင်ထပ်ပြီး လွန်ဆန်မရသောအမိန့်နှယ် ဖြစ်သွား၏။ ရေအိုးစင်နှင့် ကျောဘက် ကုက္ကိုပင်အကွယ်တွင် သူ မောပန်းစွာထိုင်လိုက်သည့်တိုင် စိတ်လှုပ်ရှားမှု မပြယ်သေးကြောင်း ညို သေချာမြင်သိနေရ၏။ သူ့နံဘေးတွင် ညို ဝင်ထိုင်၍။

"စိတ်အေးအေးထားပါ။ ညို ဘယ်သူ့မှမပြောပါဘူး"

သူ သက်ပြင်းမချဝံ့သေး။

"ညို့ကိုလာမေးတာ အရပ်လူကြီးတွေလား၊ ရဲတွေလား၊ ဟိုကောင်တွေလား"ဟု အမောတကော မေးနေသေး၏။

ညို ညင်သာခေါင်းယမ်းပြသည်ကိုတွေ့မှ သူ အတန်ငယ် သက်သာရာရသလို ဖြစ်သွားရသည်။ ရင်ထဲမှာ ဟုန်းခနဲ တောက်နေသော မီးတောက်ကြီးကား အရှိန်မသေနိုင်သေး။

"ကိုဖေသောင်းတို့နဲ့ကျောင်းမှာ ဘာသာရပ်အတူယူတဲ့ မခင်အေးကို သိလား"

သူ ခေါင်းယမ်း၏။

"မသိဘူးဗျာ...ဘာတွေလဲ။ ကျုပ် ရင်ပူနေတယ်"ဟု ပွင့်လင်းစွာ ဝန်ခံလိုက်၏။ ညို အချိန်မဆိုင်းတော့ဘဲ ဖြစ်စဉ်ကို သေချာပြန်ပြောလိုက်သည်။

"ဒါဆိုရင် အဲဒီ မခင်အေးဆိုတာ တွေ့သွားပြီပေါ့။ သူ သိသွားပြီပေါ့"

သူ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာသော်လည်း ခုနကလောက် ဆောက်တည်ရာမရ မဖြစ်တော့။

"အဲဒါကို မပူပါနဲ့။ မမအေးက အားပေးတဲ့လူပဲ။ ဘယ်သွားတိုင်ရမလဲ။ ကိုဖေသောင်း ဘာတွေဆက်လုပ်လို့ ဒီအထိပြေးလာခဲ့ရလဲဆိုတာသာ ညို့ကိုပြောပြပါလား။ ဘာလို့ အိမ်မှာမနေရဲတော့တာလဲ။ ညို သိပ်မရှင်းဘူး"

သူ ယခုမှ သက်ပြင်းချသည်။ မျက်နှာမှချွေးစေးများကို လွယ်အိတ်ကြိုးနဲ့ပွတ်သပ်ရင်း

"အိမ်မှာနေလို့မဖြစ်တော့ဘူး" ဟု အစချီသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၆)

နောက်တစ်နေ့ ကျောင်းဝင်းထဲသူရောက်ချိန် မနေ့က အဖမ်းမခံရသူများ ပြန်စုစည်းမိကြပြီး အပန်းဖြေခန်းမထဲ တိုင်ပင်နေကြသည်။ မနေ့ကလိုပင် အပြင်ပြန်ထွက်ဦးမည်ဟု ကြုံးဝါးသူက ကြုံးဝါး၏။ သူကား လက်ကိုင်ပိုစတာရေးဆွဲရန် လှည်းတန်းဈေးထဲသွား၍ စက္ကူ၊ ဆေးများဝယ်ရန်ထွက်ခဲ့၏။

ပိုက်ဆံလိုက်အလှူခံရင်း ကြာနေသည်။ တခြားကျောင်းမှ အဖွဲ့များနှင့် အပြန်မှာတိုင်ပင်ရင်း ဈေးထဲမှ သူပြန်လာတော့ ကျောင်းကို အပြင်က ဝိုင်းပိတ်ပြီးပြီဖြစ်သည်။ ဝင်၍မရတော့။ မကြာမီပင် အထဲမှအဖွဲ့များကိုပိတ်၍ ခေါ်ဆောင်သွားသည်ကို မြင်ခဲ့ရသည်။

သူ မကျေမချမ်းဖြင့် အိမ်ပြန်လာပြီး ရပ်ကွက်ထဲမှလူငယ်များကို စုသည်။ ထိုစဉ်ပင် သူ့လှုပ်ရှားမှုများ တစ်ရပ်ကွက်လုံး သိကုန်ပြီဟူ၍လည်းကောင်း၊ ကျောင်းမှာသူလှုပ်ရှားခဲ့သမျှ တွေ့မြင်ခဲ့သူများပြန်ပြော၍ ရပ်ကွက်ရုံးမှာပင် သူ့နာမည်ကို မှတ်သားပြီးပြီဟူ၍လည်းကောင်း သူ ကြားရသည်။

ထိုည အိမ်မှာသူမအိပ်ဘဲ မျက်စောင်းထိုးအိမ်မှာ တိတ်တဆိတ်သူအိပ်ရန် ကြံသည်။ သူ့မိဘများ ဆောက်တည်ရာမရ ပူပန်ပြီး သင့်တော်ရာပို့ရန် စီမံကြ၏။ မျက်ရည်နှင့် အငိုနှင့် တစ်အိမ်သားလုံးဖြစ်နေကြပြီမို့ သူမငြင်းဆန်ဘဲ စီမံရာ နာခံလိုက်ရတော့သည်။

တောရကျောင်းဆရာတော်ထံ ဒါယကာတစ်ဦးဖြစ်သူ ဦးလေးအောင်က…

“ကျောင်းမှာ ရုတ်ရုတ်ရုတ်ရုတ်ထဲ သူပါနေလို့ဘုရား… ကျောင်းလည်းပိတ်လိုက်ပြီ။ အဲဒါ ဆက်ပြီး ရှည်ကြာနေမှာစိုးလို့ သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း အေးအေးနေလို့ရမယ့်နေရာ ပို့ထားဖို့စဉ်းစားတာ ဆရာတော့်ကျောင်းပဲ သတိရတယ်။ သူ့အိမ်မှာဆိုရင် သူငယ်ချင်းတွေလာခေါ်လို့ ထပ်ပါနေဦးမယ်။ သူ့မိဘတွေလည်း စိတ်နှလုံးပူပင်နေကြလွန်းလို့ပါ''

ထိုသို့ လျှောက်တင်ချက်အပေါ် ဆရာတော်က ''အေးအေး…'' ဟုသာ ခပ်အေးအေးမိန့်ပြီး

''ဒီမှာ ရှိတာနဲ့စားပြီး အေးအေးနေပေါ့။ ဒီမှာ တောပဲ။ အေးဆေးပါတယ် …'' ဟုသာ သူ့အား နေရာချထားပေးခဲ့သည်။

* * *





ဟင်း…ခနဲ သက်ပြင်းကြီး မသက်မသာချ၍ ဒုက္ခ ဒုက္ခဟု ဒေါ်တင်တင်ညည်းပြီး ဒုက္ခကို အထုပ်ထမ်းပြီး ဖွင့်ကြည့်တာကိုးဟု မှတ်ချက်ချ၏။

''ဟာ … အမေကလည်း''ဟု ညို မကျေမနပ် ကန့်ကွက်၏။

''ဘာ… အမေကလည်း''ဟု ဒေါ်တင်တင် မျက်စောင်းခဲပြီး…

''နင့် လေးလေးတုန်းက …'' ဟု စကားပြန်စကာ…

''မောင်ဖေသောင်း ရေသောက်လိုက်ဦး''ဟု တိုက်တွန်း၏။

ညို အလိုက်တသိခပ်ပေးသော သောက်ရေကို သူသောက်လိုက်ပြီး နောက်ကြောင်းပြန်ခြင်းအလုပ် ပြီးဆုံးသွား၍ သူ အမောဖြေနေသည်။ ဒေါ်တင်တင်က ညိုအား လက်ညှိုးထိုးပြပြီး

''ညိုတို့လေးလေးတစ်ယောက်က ငါ့မောင်အငယ်ပေါ့။ သူတို့တုန်းက လည်း မင်းတို့လို ဝင်ပါမိလို့ အထဲမှာ အကြာကြီးနေခဲ့ရသေးတယ်။ ပြန်ထွက်လာတော့ ကျောင်းလည်းဆက်မတက်ဖြစ် တစ်ဝက်တစ်ပျက်နဲ့ ဘွဲ့လည်းမရဘဲ ဆုံးရှုံးသွားတာပဲ။ ဖြစ်တော့ မင်းတို့ အခံဘက်ကချည်းပဲ။ အဲဒါ ဒုက္ခအထုပ်ကို ဖြည်ကြည့်တာမဟုတ်လို့ ဘာလုပ်တာဖြစ်ရဦးမလဲ''ဟု မေးသည်။

ညိုကားလက်မခံ။

''တစ်နေ့တော့ ဖြစ်လာရမှာပေါ့ အမေရာ …'' ဟု အထွန့်တက်နေသေး၏။

ဦးရွှေခင်က ဆေးတံကို တခေါက်ခေါက် ခေါက်၍ ဆေးချေးခါရင်း··

''ဒီမှာပဲကောင်းပါတယ်။ ဒီနေရာဟာ တကယ့်တောပဲ။ ကိုယ့်ဟာကိုယ် ပိပိရိရိနေ။ ဘာမှမဖြစ်နိုင်ဘူး။ ဒါပေမဲ့ ဈေးကြီးဘက်တော့ သိပ်မသွားနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဈေးပိုင်းမှာ လူစုံတယ်။ မင်းတို့ကျောင်းက အသိတွေနဲ့တွေ့နိုင်တယ်။ ဒီနားမှာ မခင်အေးတစ်ယောက်ပဲရှိတာ''ဟု ပြောပြီး

''မင်း ညနေစာကျတော့ ဘယ်လိုစားသလဲ …''ဟု မေးသည်။

သူသည် ဗီဒိုခန်းထဲရှိ ညိုတို့မိသားစုဓာတ်ပုံများကို ငေးကြည့်နေရာမှ

''မနက်က ဆွမ်းကျန်တာရှိရင်စားတယ်။ မကျန်ရင် ကိုယ့်ဟာကိုယ် ချက်ပြီး ဖြစ်သလိုပဲ စားတယ်။ ဒါမှမဟုတ် ဒီဘူတာလာပြီး ဟိုဟာဒီဟာလေး စားချင်စား။ မစားလည်း ညို တည်ထားတဲ့ ရေအိုးစင်လာခပ်ပြီး တဝသောက် လိုက်တာပဲ'' ဟု ဖြေသည်။

''ဟာ ဗိုက်ဆာမှာပဲ'' ဟု ညို ဝင်မေးသည်ကို

''ဒီလိုပါပဲ၊ ချက်စားနေရတာ အလုပ်ရှုပ်တယ် …''ဟုသာ သူပြန် ဖြေ၏။ အတန်ကြာ စဉ်းစားနေပြီးမှ ဦးရွှေခင်က

''အရင်က ငါတို့ ဆွမ်းပို့နေကျကွ။ ဆရာတော် ပြည့်စုံနေတယ်ဆိုလို့ မပို့ဖြစ်တာကြာပြီ။ အေးလေ … မနက်ပိုင်း ညို့ကို ဆွမ်းအပို့ခိုင်းလိုက်မယ်။ နေ့လယ်ဆွမ်းပေါ့ကွာ၊ ပိုထည့်ပေးလိုက်မယ်။ ညနေ မင်းအတွက်ကျန်အောင်''

''ဟာ … မလုပ်နဲ့ ဦးလေး။ ဒုက္ခမရှာပါနဲ့ …''

သူ့စကားကြောင့် ညို တဟားဟားရယ်သည်။ သူ နားမလည်သလို ပြောနေ၍ ညိုက ဒုက္ခရှာသော မျောက်တစ်ကောင်ပုံပြင်ကို ပြောပြလိုက်၏။ သူ အားပါးတရရယ်၍…

''အခုမှပဲ ကျွန်တော် အားရပါးရ ရယ်ရတယ်။ တစ်ယောက်တည်း ငေါင်းစင်းစင်းကြီး နေရတာကြာပြီ …'' ဟု ဖွင့်ဟ၏။

''အေးလေ … မင်းလည်း မိသားစုနဲ့ဝေးနေရတော့''

ဒေါ်တင်တင် စကားမဆုံးဘဲ ဒီအတိုင်းထားခဲ့သည်။ သူက

''ဟုတ်ပါတယ် … အခုမှ အိမ်ကိုပြန်ရောက်သလို နွေးထွေးသွား တာပဲ'' ဟု ထပ်ပြောနေ၏။

ညိုကား သူ့စကားနှင့် အမူအယာအား တစိမ့်စိမ့်ကြည့်လျက်။

* * *



(၇)

''အင်းလျားကန်မှတ်လို့လား … ဆင်းကူးနေတာ''

တောရကျောင်းအနောက်ရှိ ချောင်းစပ်တွင် စိုက်ထားသော မမတိုင် များကြား အုန်းလက်ရှိသမျှညှပ်ကာပြီး ရင်ခေါင်းခန့်နက်သည့်ရေထဲ ပြန်ကူး လာသော သူ့အား ကမ်းပေါ်မှ ညိုက လှမ်းအော်နှုတ်ဆက်ခြင်းဖြစ်သည်။

''မဟုတ်ဘူး …။ ကမ်းပါးပြိုပြိုနေလို့ တာဖို့နေတာလေ။ ဆွမ်းပို့တာ နောက်ကျလှချည်လား။ ဆရာတော်တော့မသိဘူး။ ကျောင်းသားတော့ အတော့်ကို ဆာနေပြီ''

ညိုက ဆွမ်းချိုင့်ကို မြှောက်ပြရင်း…

''အများကြီး ဖိထည့်လာတယ်။ ဟင်းကတော့ မကောင်းလှပါဘူး'' ဟုပြော၏။

''ဒါအရေးမကြီးဘူး။ စေတနာပါရင် ဟင်းကောင်းတာပဲ။ ကျုပ်က ဘာမဆို …''

သူ့စကားမဆုံးခင် ညိုက ညို့ကို ကျုပ်‥ကျုပ်နဲ့ မပြောစမ်းပါနဲ့။ နားထဲစိမ်းစိမ်းကြီး။ ညို့အစ်ကိုကြီးအရွယ်လောက်ရှိတာပဲဟု တားမြစ်သည်။

သူ အားပါးတရပြုံးကာ ရွှံ့ရေထဲမှတက်လာရင်း…

''ဟုတ်တယ် ကိုယ်လေ … အခု ဒီတောမှာပျော်တယ်။ မပျင်းတော့ ဘူး။ ကြာချင်သလောက်ကြာပဲ …'' ဟု ဝမ်းသာအားရ သတင်းပေး၏။

''ရေချိုးလိုက်။ ရွှံ့တွေစင်အောင်ချိုး။ ညို ဆွမ်းချိုင့် တက်ကပ်လိုက် ဦးမယ်''

ထိုသို့မှာပြီး ကျောင်းပေါ် ညို တက်သွားသည်နှင့် သူ ရေချိုးဆိပ်နေသို့



www.burmeseclassic.com

www.burmeseclassic.com



ပြေးသည်။ သူ တဖွမ်းဖွမ်းလောင်းချိုးပြီး မျက်နှာသုတ်ရန် ပုဆိုးဟောင်း တစ်ထည်ကို လှမ်းဆွဲ၏။

"ဟင် ဒါကြီးနဲ့သုတ်မှာလား။ မျက်နှာသုတ်ပဝါ မပါဘူးလား"

"ဘယ်ပါမလဲ၊ တော်လှန်ရေးကာလမှာ ဒါတွေမလိုပါဘူး"

ဟု သူဖြေရင်း ခေါင်းကိုသုတ်နေသည်။

ညိုသည် ကျောင်းပေါ်မှလှမ်းကြည့်ရင်း

"နားရွက်နောက်မှာ ရွှံ့တွေနဲ့… သေချာပြောထားတဲ့ကြားက စင်အောင်မချိုးတတ်ဘူး"ဟု ဆူပူနေ၏။

သူ "ဟေး … ဟေး"ဟုရယ်လျက် ဖြစ်သလို သုတ်ပစ်လိုက်သည်။

ဗရုတ်သုတ်ခနေတတ်သော သူ့အားကြည့်ရင်း ညို စိတ်ပျက်လှသော်လည်း ပေါ့ပါးရွှင်လန်းသွားသည့် သူ့အမူအယာများ ခုမှ တွေ့ရ၍ စမ်းရေအေးသောက်ရသလို ခံစားရ၏။ ကွမ်းသီးပင်ပေါ်မှ ရှဉ့်ညိုကလေးများ ဟိုကိုင်း သည်ကိုင်း ကူးကာ တတစ်တစ် တတက်တက် အော်မြည်မြူးတူးနေကြ၏။ ညိုက…

"ဟိုမှာကြည့်စမ်း သိပ်လျင်တာပဲ …" ဟု ညွှန်ပြသည်။

သူ ဆပ်ပြာခွက်သိမ်းနေရာမှ

"ဟာ … ဒီကောင်လေး ကိုယ်နဲ့ရင်းနှီးနေပြီ၊ ညို ကြည့်နေ"

ဟုပြောကာ ပါးစပ်မှ ရှဉ့်အော်သလို တစ်တစ် တက်တက်မြည်အောင် အသံပြုပြသည်။

လွှားခနဲ ကိုင်းကူးသွားသော ရှဉ့်ကလေးမှာ သူ့အသံကြား၍ အမြီးကလေးထောင်ပြီး လှည့်ကြည့်နေ၏။ ညို သဘောကျစွာ ပေါ့ပေါ့ပါးပါး ရယ်လိုက်သည်။

"ဖမ်းလို့မရဘူးလား"

"တစ်ခါမှတော့ ဖမ်းမကြည့်ဖူးဘူး။ မြေပေါ်တောင် တစ်ခါတလေမှ ဆင်းတာ။ ကိုယ်လည်း သိပ်အသည်းယားတယ်။ ကြည့်ပါလား အမြီးက လှုပ်တုပ်လှုပ်တုပ်နဲ့…"

ဆရာတော်သည် ကျောင်းပေါ်မှဆင်းသွားသော ညိုအားကြည့်ရင်း "ကိုရွှေခင်သမီးနဲ့တောင် ရင်းနှီးပြီးနေပါလား။ ငါ့ကောင် ဘယ်လောက်





ခြေပွေသလဲကြည့် …" ဟု တစ်ပါးတည်း တွေးနေမိ၏။

"ညို ဒီကျောင်းကို အရင်ခဏခဏ ရောက်နေသားပဲ။ ဒါပေမဲ့ တစ်ယောက်တည်းဆိုတော့ ဆော့လို့မကောင်းဘူး"ဟု ပြောသည်။

သူ တန်းပေါ်လှမ်းထားသော စွပ်ကျယ်ကို ယူစွပ်ရင်း…

"ဟုတ်လား၊ အေး … အခုတော့ တို့တွေ့ကြပြီလေ"ဟု ဝမ်းပန်းတသာ တုံ့ပြန်သည်။

ဖအောက်ဘက် ဝါးကျောင်းလေးရှေ့တွင် စကြံန်လျှောက်ရင်း မျက်လွှာချနေသော ဦးပဉ္ဇင်းအားကြည့်၍ ညိုက အသံတိုးတိုးဖြင့်…

"ဟိုမှာ ဦးပဉ္ဇင်းတစ်ပါး ရှိသေးတယ်။ သူက ကိုဖေသောင်းအကြောင်းမမေးဘူးလား"

"ဦးလေးအောင်ရဲ့တူမှန်းတော့ သိတာပေါ့။ သိပ်အေးပါတယ်။ သူ့တရားနဲ့သူပဲနေတာ။ ကိုယ်သွားပြီး စကားစပြောဖို့တောင် အားနာနေရတယ်"

သူတို့ ကျောင်းဝင်းအတွင်းဘက် မွှေနှောက်လျှောက်လာကြ၏။

"မာလကာသီး စားချင်လိုက်တာ" ဟု ညိုက အပင်ပေါ်မော့ရင်း ပူဆာ၏။

သူက "ရတာပေါ့ …"ဟု ဖြေသည်။

"ဆရာတော်ကြီး ကြိုက်ပါ့မလား"

"ဟာ ရတယ်၊ ကိုယ့်ကို ကြိုက်တာခူးစားလို့ သေချာမှာထားပြီးသား" ပြောပြောဆိုဆို သူ ခါးတောင်းကျိုက်ပြီး မာလကာပင်ပေါ်တက်သည်။

"အဲ … အဲ ဟိုအကိုင်းက ဟိုမှာ ရွက်ပုန်းသီးကြီး ဝင်းနေတာ…"

ဟု ညိုက အပင်အောက်မှမော့ကာ ခြေဖျားထောက်၍ညွှန်ပြသည်။

"ဒီဘက်ကလား …"ဟုမေးလိုက် တစ်လုံးခူးပြီး ပစ်ပေးလိုက်နှင့် သူ အလွန်ပီတိဖြစ်နေ၏။ ညိုကလည်း လက်ထဲရောက်သည်နှင့် ဂျွမ်းခနဲ ကိုက်လိုက်သည်။

"ဟိုမှာ ဟိုမှာ အယ်စတုံကြီးပဲ။ တွေ့လား၊ မှည့်နေပြီ"

သူမ ညွှန်ပြရာလှမ်းအဆွဲ သူ့အမှားကို နောင်တဖြင့်သိလိုက်ရ၏။ တစ်ကိုယ်လုံးပူထူသွားပြီး မနည်းသတိထားကာ ခုန်ချရင်း ထွက်ပြေးရသည်။ အခြေအနေကိုသဘောပေါက်သွားသည့် ညိုမှာ…



www.burmeseclassic.com

www.burmeseclassic.com



"အမလေး... ကြောက်ပါပြီ" ဟု အော်ရင်း ရှေ့မှ တဖုန်းဖုန်း ဦးဆောင်ပြေးနှင့်ပြီ။ ဝီခနဲ ဝီခနဲ ပျားတပ်ဖွဲ့က မကျေမချမ်း ဒလကြမ်းလိုက်ဆဲ။

* * *





ဆရာတော်ကိုလည်း မလျှောက်ရဲ၊ ဆေးဝါးဟူ၍လည်း ထုံးဖူးပင်မရှိ။ သို့နှင့် "အိမ်မှာထုံးရှိတယ်"ဆိုသော ညို့စကားဖြင့် စက်ဘီးနောက်ခုံပေါ် သူတက်လိုက်ရင်း ရှူးရှူးရှဲရှဲ အော်နေရသည်။

ဒေါ်တင်တင်ကား

"မောင်ဖေသောင်းလည်း မျောက်တစ်ကောင်ပဲ။ အိမ်က ကျွဲမနဲ့ ဘာမှမထူးဘူး။ ဒါကြောင့် ငါပြောတာပေါ့။ ဒုက္ခကို အပင်ပေါ် တက်ရှာကြတဲ့ မျောက်တွေပဲ ..."

ဟု တဗျစ်တောက်တောက် ပြောသည်။ မျက်နှာတစ်ခုလုံး ပိန္နဲသီးလို ဖူဖောင်း၍ ထွက်လာသော သူ့မျက်နှာအား ညိုကြည့်၍ ကြမ်းပေါ်တင်ပလ္လင်ခွေ ထိုင်နေသော ညို ရယ်၍မဆုံး။ အထူးသဖြင့် မျက်ခွံကြီးမို့အစ်လာ၍ ရယ်စရာ ကောင်းတတ်သည့် သဘာဝကို ညို မလွန်ဆန်နိုင်ဘဲ ရယ်မိခြင်းပင်။

"အခုမှ တကယ်ရုပ်ပြောင်းသွားတယ်။ ရုပ်ဖျက်ပြီး ကုပ်ချောင်းချောင်း နေစရာမလိုတော့ဘူး"

ဟု ညိုပြောသည်။ သူကား ကိုယ့်အပြစ်နှင့်ကိုယ် ဒေါ်တင်တင် ဝို့ပေးသမျှ ခံနေရင်း ရယ်ရခက် မဲ့ရခက်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၈)

လန့်ဖျားလား၊ ကြောက်ဖျားလားမသိ။ ပုဇွန်တောင်ဘုရားပွဲမှ ပြန်ရောက်ပြီး အောင်မြင်ဆိုသည်မှာ ... 

လန့်ဖျားလား၊ ကြောက်ဖျားလားမသိ။ ပုဗ္ဗာရုံဒဏ်ရာမှ အနာရှိန် တက်သည်ဆိုရမလား။ ထိုညတွင် သူ ဖျားတော့သည်။ ထိုအခါ ညီကြ သင်တန်းဆင်းကာစ သူနာပြုဆရာမ အိုက်တင်ဖြင့် ဆေးဝါးများအပါအဝင် တောက်တိုမည်ရများပွေ့ကာ ရောက်ချလာပြန်သည်။

“တစ်ပူပေါ် နှစ်ပူဆင့်ပြန်ပြီပေါ့။ အနေအစား ဆင်းရဲရတဲ့အထဲ”

ဟု ဒေါ်တင်တင် ဝေဖန်ရင်း ဆရာတော်ကျောင်းအောက် ကွပ်ပျစ် တစ်လုံးဖြင့် ဖြစ်သလိုနေရသော သူ့ အနေအထားကို အလိုမကျကြည့်ကာ...

“မာလကာသီး တစ်လုံးရဲ့ဆွဲဆောင်မှုနဲ့ နင်တို့ ဒုက္ခကိုကြုံရတယ်။ ဘာမှ စူးစမ်းဆင်ခြင်ဖို့ သတိမရှိကြဘူး”

ဟု မြည်တွန်တောက်တီးနေပြန်သည်။

ဆရာတော်ကား စကြံန်လျှောက်ရင်းလာကြည့်၍...

“ဆေးခန်းသွားပြလိုက်တာ အကောင်းဆုံးပဲ၊ ယောင်ဝါးဝါး လုပ်မနေကြနဲ့၊ ငါ့မှာတာဝန်ရှိတယ် ...”

ဟု မိန့်သည်။ ညနေ ဆေးခန်းမသွားမီ သူ့အဖျားတက်ပြီး အမေ့ကို ယောင်ယမ်းသလို တမ်းတမိ၏။

ဒေါ်တင်တင် မျက်နှာညှိုး၍...

“ဟယ် ငါတို့ရှိတာပဲ ဘာအားငယ်စရာရှိလဲ...”ဟု နှစ်သိမ့်ရသည်။

သူ စိတ်ချမ်းသာသွားဟန်ဖြင့် ကျေးဇူးတင်သော မျက်ဝန်းများဖြင့် ခေါင်းညိတ်ပြသည်။ ပိန္နဲသီးထုံးတို့ထားသည်နှင့်တူလှသော သူ့မျက်နှာကိုကြည့်၍ ညီ့မှာ သနားသည့်ကြားက ရယ်ချင်စိတ်ကို ဇွတ်မျိုသိပ်ထားရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကြောပင် အောင့်မတတ်။ နောက်ဆုံးတွင်...

"ညရေးညတာ ကြည့်ရှုဖို့ခက်မယ်၊ ငါ့အိမ်မှာပဲ ဒီညနားလိုက်"ဟု ပြောရင်း ဆရာတော်အားလျှောက်ရန် ဒေါ်တင်တင် ထသွား၏။

ညိုက သူ့အား ကျေနပ်စွာပြုံးပြလျက်...

"အမေ သဘောကောင်းတယ်။ ဆူစရာရှိရင်တော့ မြဲမနေဘဲ ဆူတတ်တာတစ်ခုပဲ။ သားလည်းမရှိတော့ ကိုဖေသောင်းကို သံယောဇဉ်ဖြစ်မိတယ်ထင်တယ်" ဟု ခပ်တိုးတိုး ပြော၏။

"အင်း ပျားတစ်ခါတုပ်လို့ ဒီလိုမိသားစုမျိုး တစ်ခါရရင် ခဏခဏ အတုပ်ခံချင်ပါတယ်"ဟု သူ တိုးတိုးပြန်ပြောသည်။

ညို ကြည်သာစွာ ပြုံးနေ၏။

* * *





ဘက်ထရီမီးချောင်းအောက် ခေါင်းလေးလုံးဆိုင်နေကြသည်။ သူက ညိုတို့ အိပ်ခန်းကြမ်းပြင်ပေါ် ဖျာခင်းလှဲလျောင်းနေရာမှ

"ဒါက ကျနော်တို့မိသားစုပုံ။ အဖေက ခရီးထွက်နေလို့ မပါလိုက်ရဘူး။ ဒီမှာလေ.. အဖေနဲ့အမေ အမှတ်တရရိုက်ထားတာ။ ဒါက ကျနော့်အစ်မ မရီနွယ်။ ဒါက ကျနော့်အိမ်ကခွေးမနဲ့ အမှတ်တရ။ ဒီမှာ ..."

စသဖြင့် ဓာတ်ပုံများ လက်ထောက်၍ပြနေသည်။

သူ့အဝတ်အစားအိတ်ပါ ဆွဲယူခဲ့၍ အိမ်အရောက် လျှော်စရာရှိတာ လျှော်ရန် ဆွဲထုတ်ရင်း ထွက်လာသည့်ပုံများကို သူ ပြနေခြင်းဖြစ်သည်။

"ဒါတွေ ဘာလို့ ယူလာရတာလဲ။ မိသားစုကို သံယောဇဉ်ကြီးနေရင် ဒါတွေ ဘာလို့ လုပ်သလဲ"ဟု ညိုက မေးသည်။

"ယူလာတာမဟုတ်ဘူး။ ဦးလေးအောင်သတင်းမေးဖို့ တောရကျောင်းလာတုန်းက အစ်မရီနွယ်က ထည့်ပေးလိုက်တာ။ အလွမ်းပြေကြည့်ဖို့တဲ့"

ဟု သူဖြေရင်း ဒေါ်တင်တင်က ဘွဲ့ဝတ်စုံနှင့်ပုံအား ကြည့်၍

"ဒါက အစ်မကြီးလား သူကကော မင်းကိုမချစ်ဘူးလား"ဟု မေးသည်။

"ချစ်တော့ချစ်တယ်။ ဒါပေမဲ့ အစိုးရိမ်ကြီးပြီး အဒေါ်လိုပဲ သိပ်ဆူပူတတ်တယ်" ဟု သူဖြေသည်။

သူ ပွင့်ပွင့်လင်းလင်း ဝေဖန်သလိုပြော၍ ဒေါ်တင်တင် ကျေနပ်သော်လည်း...

"ဟဲ့ နင်တို့သဘာဝကိုက ဟန့်တားနိုင်မှ တန်ကာကျတာ၊ ငါတို့လို ပါးစပ်အမြှုပ်ထွက်အောင် ဆူပူတဲ့လူမရှိရင် တစ်လောကလုံးဟာ မျောက်တွေ လက်ချက်နဲ့ အပင်တွေမှာ ဘာအသီးမှမကျန်ဘဲဖြစ်မယ်။ နင်တို့မျောက်တွေက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အခါအငြိမ်နေကြလို့လဲ။ ဘာမှလည်း နားလည်တာမဟုတ်ဘူး။ ဒါကြောင့် တောထဲမှာ မျောက်ဖမ်းတဲ့မုဆိုးတွေက ပုလင်းထဲကရေတွေ ငှဲ့သောက်ပြပြီး ထားခဲ့တယ်။ မျောက်တွေကချောင်းကြည့်ပြီး လူလုပ်သလိုလိုက်လုပ်တော့ ပုလင်းထဲကအရက်တွေသောက်မိပြီး မူးလဲ။ ဒါနဲ့ မုဆိုးကပြန်လာပြီး အသာဖမ်းသွားတာပေါ့''ဟု ပြောတော့သည်။

ဒါ ရယ်စရာကောင်းသည်ဟု ဦးနောက်ကဆုံးဖြတ်ပြီးသည်နှင့် ရယ်ချလိုက်ရန် တစ်ဆက်တည်း အမိန့်ပေး၏။ ထိုအမိန့်ကို ညို ကျေပွန်စွာထမ်းလိုက်သည်။

အမေက…

''ဒါ ရယ်စရာပြောတာ မဟုတ်ဘူး။ နင်တို့မျောက်တွေ ဒုက္ခကို ဆတ်ဆော့ပြီး ရှာတတ်လွန်းလို့'' ဟု ငေါ့၏။

ဦးရွှေခင် အိမ်တံခါးကိုထပိတ်ပြီး

''မင်းတို့ မိဘတွေက ဘယ်လိုသဘောရှိလဲ။ မင်းတို့ကျောင်းမှာ လုပ်ခဲ့တဲ့ကိစ္စအပေါ် '' ဟု မေးသည်။

သူ ''ဟုတ်ကဲ့ …'' ဟုပြောပြီး…

''သူတို့လည်း အရင်ခေတ်နှစ်ခုစလုံးကို မီလိုက်တာပဲ။ ကျနော်တို့နဲ့ ဆန္ဒချင်းတော့တိုက်ပါတယ်။ ဒါပေမဲ့ မင်းတို့လုပ်တိုင်း အခံဘက်ကချည်းပဲလို့ ပြောတယ်။ ဦးသန့်တို့ မှိုင်းရာပြည့်တို့တုန်းက ကျောင်းသားတွေ ကျနော်တို့ ပတ်ဝန်းမှာရှိခဲ့တော့ ကျနော်တို့ကိုလည်း စိုးရိမ်ပူပန်တယ်'' ဟု သူဖြေသည်။

''အေး ဒါမျိုးက တစ်နှယ်ငင် တစ်စင်ပါဆိုသလို ပတ်သက်မိတဲ့ လူတွေပါ ထိခိုက်နိုင်တယ်။ မှန်တာပြောရရင် ငါတို့လည်းခပ်လန့်လန့်၊ ဝန်ထမ်း ဖြစ်နေတော့ ပိုဆင်ခြင်ရတယ်''

''ဟုတ်ပါတယ် ဦးလေး… တစ်ခုတော့စိတ်ချပါ။ တစ်ခုခုဖြစ်လာရင် ဦးလေးတို့ကို မထိခိုက်စေရပါဘူး။ ကျနော့်ကို တောသားဖေသောင်း အဖြစ်ပဲ ဦးလေးတို့သိကြတယ်လို့ ကျနော် ပြောမှာပါ''

''အေးလေ … ငါတို့စိတ်ထဲရှိတာတော့ မင်းသိမှာပါ။ အားပေးနိုင်သလောက် အားပေးတာပဲ။ ဒီကနေ မင်းတို့နောက်က လိုက်နိုင်ကြမယ့် အခြေအနေ အရေးကြီးတယ်။ မင်း ဘယ်လိုသုံးသပ်ထားသလဲ''





''ကျနော်တို့အဖွဲ့တွေ ပတ်ဝန်းကျင်မှာလည်း အားလုံးကြိတ်ပြီး အာရုံစိုက်နေကြတာပါပဲ။ အပြောင်းအလဲတစ်ခုကို အာသာပြင်းပြင်း မျှော်လင့်နေကြတယ်လို့ ကောက်ချက်ချထားကြတယ်''

ဦးရွှေခင် ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးမှ…

''မွန်းကျပ် ညောင်းညာနေတာကြာတော့ ဒီလိုပါပဲ'' ဟု ရေရွတ်၏။

''ကျနော့်သဘောကတော့ မျှော်လင့်နေတာထက် ယုံကြည်ဖို့လိုတယ်။ အားပေးတာထက် ဝင်ပါဖို့လိုတယ်လို့ မြင်ပါတယ်''

''ဒါကတော့ မင်းတို့အစွမ်းအစပေါ်လည်း မူတည်တာပေါ့ကွာ၊ ရအောင်ဆွဲခေါ်ကြည့်ပေါ့။ တို့လူတွေအခြေအနေက မောင်ခေါ်ရာ အထုပ်လေး ပိုက်လို့ လိုက်ချင်နေတာပဲ …'' ဟုပြောကာ ပြုံးနေသည်။

''အတော်အားရှိမိတယ်ဦးလေး …''ဟု သူ ဝမ်းပန်းတသာပြော၏။

ဒေါ်တင်တင်ကား သူ့မျက်နှာကို ဆေးလိမ်းပေးရန်ပြင်ရင်း

''ကြည့်လည်းလုပ်ဦး။ မာလကာသီးရူးတာတောင် မမြင်တဲ့ မျောက်တွေ ငါနောက်က ထုံးတစ်ဗူးနဲ့မလိုက်ပါရစေနဲ့ …''ဟု သတိပေး၏။

ညို့မျက်စိထဲတွင်ကား ပုံရိပ်တစ်ခု ရေးရေးထင်မြင်လာသည်။ ထိုပုံရိပ်သည် အမှောင်ကိုဖောက်လာသော အလင်းနှင့်အတူ ပေါ်လာခြင်းပင်။ လမ်းကြောင်းတစ်ခုပေါ်တွန်းရာ တက်လာသော အစုအဝေး အစိုင်အခဲများ မှိန်နေရာမှ တောက်ပလာပုံလည်းပေါ်၏။

ဖေသောင်းက ''ညောင်သီးလည်းစား လေးညို့သံလည်း နားထောင် ဆိုတဲ့ စကားလိုလားအဒေါ် …'' ဟု မေးသည်။

''အဲဒါက ငှက်အတွက်ပဲ။ နင်တို့မျောက်တွေအတွက် မာလကာသီး ရူးရင် ပျားအုံလည်းကြည့် …''

ဟု ဒေါ်တင်တင်က စကားပုံကို ပြုပြင်ပေးလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၄)

"လူတွေကို ဘာကြောင့် လုပ်ရမယ်ဆိုပြီး စည်းရုံးဖို့မလိုလှဘူးကွ။ ဘယ်လိုလုပ်ကြမလဲဆိုတာပဲ ငါတို့ကို မေးနေကြတယ်"

ထွန်းသက်စကားကို သူရ ခေါင်းညိတ်ထောက်ခံရင်း...

"အေး... ငါတို့ဘက်က နောက်တစ်ပွဲ ဒီထက်ပိုပြီးကျယ်ပြန့်အောင် ဆင်နွှဲနိုင်ဖို့ပဲ" ဟု သုံးသပ်၏။

သူတို့သုံးယောက် လေးခွကိုယ်စီဖြင့် ငှက်ပစ်ယောင်ဆောင်ရင်း သစ်ပင်အုပ်အုပ်ရှိရာ တဖြည်းဖြည်းရွှေ့လျက် ပြောလာကြခြင်းဖြစ်သည်။ သရက်ပင်ပေါ်မှ ဆက်ရက်ကို သူရ ခွနှင့်လှမ်းပစ်ပြီး...

"ဟော့ကောင် မင်းနာမည် 'ဖေသောင်း'လို့ ပြောင်းထားတာ ကောင်းတယ်။ ငါတို့လည်း ဒီလို နာမည်ဝှက်တွေ ထားရမယ်" ဟုပြော၏။

"ငါလည်း ပါးစပ်ထဲတွေ့ရာ ထားလိုက်တာကွ။ ရှုပိုင်ကြီးမိသားစုကလည်း ဒီနာမည်ခေါ်တော့တယ်။ ဒါမှ ငါ့နောက်ကြောင်းကို တခြားသူတွေ မျက်ခြည်ပြတ်မှာ"

သရက်ပင်ခြေရင်း သုံးယောက်ဝိုင်းထိုင်ရင်း ထွန်းသက်မှ...

"မိုးဦးကျရင်တော့ ကျောင်းပြန်ဖွင့်မှာပဲ။ ငါ့တို့ ဒီအတောအတွင်း ရသလောက် လိုက်ချိတ်ထားရမယ်"

"ဟော့ကောင် ဖေသောင်း၊ မင်းတော့ ပြန်လို့မဖြစ်သေးဘူးကွ။ မင်းတို့ အရပ်လူကြီးက သိပ်မဟန်ဘူး"

"ဒါဆိုလည်း ငါဒီကပဲ စည်းရုံးနှိုးဆော်စာတွေ ရေးနေမယ်ကွာ။ ဒီမှာ အကြမ်းရေးထားတာဖတ်ကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



သူရနှင့် ထွန်းသက်တို့ ဖတ်ကြည့်ပြီး…

"အေး ဒါကို ပြင်စရာရှိရင် ပြင်မယ်။ ပြီးရင် ဖယောင်းလှည့်ပြီး ဖြန့်မယ်" ဟု တက်ကြွနေကြသည်။

စာရွက်ကို သေချာခေါက်သိမ်းရင်း သူရက…

"ကဗျာလည်းရေးလေကွာ။ ဗြောင်ကျကျ ရေးကွာ။ 'ရွှေကျောင်းက ဖေသောင်း' ဆိုပြီး ကလောင်နာမည်တပ်" ဟု အကြံပေး၏။

သူ ရယ်ကာ…

"အေးပါ … ကဲ မင်းတို့ ပြန်ဖို့လုပ်တော့။ ရထား လာကာနီးပြီ။ မင်းတို့ဘာသာ လက်မှတ်ဝယ်ပြီးပြန်၊ ငါနဲ့တွဲတာ လူတွေ မတွေ့တာ အကောင်းဆုံးပဲ။ သကြင်္ကန်ရက်ကျော်ရင် နောက်တစ်ခေါက် ဆုံကြမယ်" ဟု နှုတ်ဆက်သည်။

ပြိုင်တူ ထရပ်ကြရင်း ပုဆိုးမှ ဖုန်များခါလျက် ထွန်းသက်က…

"ဟော့ကောင်… ဖေသောင်း၊ ရုံပိုင်ကြီးသမီးလေးက အတော်ပြေပြစ်ပါလား" ဟု စကားစသည်။

"ကလေးသာသာ ရှိပါသေးတယ်ကွာ… ချမ်းသာပေးပါ" ဟု တောင်းပန်နေသည့်ကြားက…

"ချမ်းသာပဲပေးမှာပါကွာ။ ဆင်းရဲမပေးပါဘူး" ဟု ထွန်းသက်က ကြေညာသွားသေး၏။

* * *





အုန်းသိမ်းရင်ထဲ နှလုံးသားသည် ခေါင်းနှင့်ဆောင့်မိသော ဗူးသီးနှယ် လှုပ်ယမ်းသွား၏။ သူ ဗူးစင်အောက်မှ ဖြုန်းခနဲ ထရပ်လိုက်ရာ အမှတ်မထင် ဆောင့်မိသည်။ ဗူးသီးအား လက်ဖြင့် ပြန်ထိန်းရင်း ညိုတစ်ယောက် ထူးခြားနေသည်ကို မကျေမချမ်း တွေးမိ၏။

ကြည့်လေ … စတုဒီသာမဏ္ဍပ်မှာ မုန့်လုံးရေပေါ်လုံးပြီးသည်နှင့်

"ညို ပြန်မယ်…" ဆိုကာ…

မခင်အေးကိုနှုတ်ဆက်ပြီး ထွက်ခွာသွားသည်မှာ ဘယ်သူ့ကိုမှပင် နှုတ်မဆက်။ သူမ မျက်နှာလေးကြည့်ရင်း အကြံအစည်ပေါင်းစုံကို အစီအစဉ်ချထားသည့် အုန်းသိမ်းအတွက် မျှော်လင့်ချက်မဲ့ရတော့မှာလား။ ညိုနဲ့အတူ ရေပက်မယ်၊ ညို ပက်သမျှ ကုန်တဲ့ရေကို သူ့အိမ်ကမီးစက်နဲ့ မောင်းပြီး ပိုက်နဲ့တင်ပေးမယ်။ ပြီးတော့ ခါတိုင်းနှစ်တွေလို နေ့လယ်ပိုင်းမှာ ကက်ဆက်ဖွင့်ပြီး ကကြမယ်။ မြို့က အဖေဝယ်လာတဲ့ကင်မရာနဲ့ ညို့ကို ဓာတ်ပုံရိုက်မယ်။ ဒါတွေ ကြံထားတာ သွားပြီပေါ့ဟုတ်လား။

မခင်အေးက…

"ငါလိုက်ပို့မယ်" ဟု ဆိုကာ…

ရေပေါ်ကာစ မုန့်လုံးဗန်းထဲက တစ်ဆုပ်ထည့်ယူပြီး ဖက်နဲ့ထုပ်ကာ ညိုနှင့်အတူ ထွက်သွားသည်။ အုန်းသိမ်း အသည်းနှလုံးကိုနှိုက်ပြီး ယူသွားသလို အုန်းသိမ်း ထင်မှတ်လိုက်၏။

ဒီလောက် ပျော်စရာကောင်းတဲ့အချိန်မှာ ပျော်ရမယ့်နေရာမှာမနေဘဲ ဘာလို့ အိမ်ပြန်ရမှာလဲ။ တောဘူတာနံဘေးမှာ အိမ်နီးချင်းတောင်မရှိ ငုတ်တုတ်ကြီး ပျင်းစရာကောင်းတဲ့နေရာ ဘယ်လိုသကြင်္ကန်ကျမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာရှေ့မှာ အိပ်နေတဲ့ ခွေးဝဲစားတွေကို ရေပက်လို့ပျော်ရမှာလား။ အုန်းသိန်း ဘယ်လိုမှတွေးမရ။

ညိုကတော့ မခင်အေး လိုက်ပို့ရာ ရယ်ကာမောကာ ထွက်သွားချေပြီ။

"သူများပျော်လို့ မပျော်နိုင်" ဆိုသော သံချပ်ထိုးသံမှာ အုန်းသိန်း အတွက်ဖြစ်သွား၏။

* * *





"ဒံပေါက်စားသံ···ပလွပ်ပလွပ်

"ကြက်ပေါင်ကိုက်သံ···ဍျှတ်ဍျှတ်"

"ယမကာပုလင်းတွေ···ပြွတ်ပြွတ်"

"အစည်းအဝေးပွဲကြီး···ဋွဒ်ဋွဒ်"

"တို့ပြည်သူတွေ···ဖွတ် က ဖွတ်"

ပလပ်စတစ်ပုံးကို သူ့ဘာသာဗုံလိုခေါက်၍ သံချပ်ထိုးပြနေသော ဖဲသောင်းအား ကြည့်ရယ်ရင်း ညိုက စလောင်းဖုံးကို တချွမ်းချွမ်းမြည် လိုက်တီးပေးနေသည်။ ဦးရွှေခင်သည် မီးဖိုခန်းတွင် နှစ်ယောက်တည်း သံချပ် ရေသဘင် ဆင်နွှဲနေသည့် သူတို့နှစ်ဦးအား ရပ်ကြည့်ရင်း···

"အဲဒါ ဘယ်က သံချပ်လဲ" ဟု မေး၏။

ညိုက···

"တောသားကြီးသံချပ်အဖွဲ့ပေါ့ ···"ဟု ရယ်မောမပျက် ဖြေသည်။

ဖဲသောင်းမှာ နဖူးတွင်စည်းထားသော ပိတ်စနီနှင့် နောက်ကျောတွင် ပုဆိုးဟောင်းတစ်ထည် ဝတ်ရုံလိုခြုံထားသည်တို့ တလှုပ်လှုပ်ရမ်းအောင်ကရင်း အဖြေကို သံချပ်လိုထိုး၍ပေးသည်။

"ဟိုးခေတ်ဟောင်းက သံချပ်ပါ၊ ခုခေတ်ဒါတွေ ထိုးလို့မရဘူး"

ဦးရွှေခင် အိတ်ကပ်ထဲစမ်းကြည့်ပြီး ငွေစက္ကူအချို့ထွက်လာ၍···

"ရော့ ဆုချတယ်"

ညိုက ဆတ်ခနဲဖြတ်ယူကာ ထပြေးသည်။

ဒေါ်တင်တင်မှာ အာလူးများကိုလှီးချွတ်နေရာမှ···

"မျောက်တွေကို ငှက်ပျောသီးပေးပြန်ပြီ။ ပိုအားရှိပြီး တစ်နေ့လုံး



www.burmeseclassic.com

www.burmeseclassic.com



အိပ်မရအောင် ကျွမ်းထိုးပြနေတော့မယ်…'' ဟု ဝင်ပြော၏။

''အရက်ရေထိုး ပက်ချင်သူခိုး သဘော်နစ်ပါစေ''

''ဟဲ့ နိမိတ်မရှိ နမာမရှိ''

ဖေသောင်း၏သံချပ်ကို ဒေါ်တင်တင် အထိတ်တလန့်တား၏။

''ပထမဆုပေး တို့ဦးလေး သိန်းဆုပေါက်ပါစေ'' ဟု ဖေသောင်းက ဆုတောင်း၏။

''ဆု မချသူ ဒေါ်ဆူပူ ဝဲထူပျောက်ပါစေ'' ဟု ညိုက ဝင်အော်၏။

''မိုးကြိုးပစ်ခံချင်လို့ ငါ့ကို …''ဟု ဒေါ်တင်တင် မကျေမချမ်း ဆူသည်။ ညိုက…

''အမေ့မှာ ဝဲရှိရင်တောင် ပျောက်ပါစေလို့ ဆုတောင်းတာပဲ''

ဟု ဆင်ခြေပေးပြီး ဖေသောင်းရင်ဘတ်သို့ ငွေစက္ကူများ ချိတ်နှင့်တွယ် ပေး၏။ ဖေသောင်းက ဓာတ်မင်းသားဟန်ဖြင့်…

''မြို့မေတ္တာခံယူမယ့် တောသားကြီးပေမို့ အာခေါင်နှစ်ခြမ်း … ဖြန်းဖြန်းကွဲအောင် အော်ရပါဦးမည်'' ဟု ဆိုနေသည်။

''ဩော် မီးတွင်းမှာတင် အဖတ်မတင်ခဲ့တဲ့ ငါ့သားကြီးသာရှိရင် မောင်ဖေသောင်း အရွယ်လောက် ရောက်နေမှာပဲ။ ကျွဲမည်းနဲ့ပေါင်းပြီး ခုလို ပျော်စရာတွေလုပ်နေမှာပဲ'' ဟု တွေးရင်း ဒေါ်တင်တင် ငေးငိုင်ကြည့်နေမိသည်။

ဦးရွှေခင်က…

''ရွှေဘုန်းနိဒါန်းအဖွဲ့က သံချပ်တွေမရဘူးလား''ဟု မုတ်ဆိတ်မွေး ညှပ်ရင်းမေး၏။

ညိုက ကြားဖြတ်၍…

''နေ့လယ်က သံချပ်ဟာသ အဖေ့ကို လုပ်ပြလိုက်လေ။ အဖေ မကြည့်ရသေးဘူး။ ကိုဖေသောင်းက ရှင်ဘုရင်လုပ်၊ ညိုက ထီးတော်မိုးလုပ်မယ်''

ဟိုဟာလေး ကပြလိုက်ပါလား၊ ဒီဟာလေး ဆိုပြလိုက်ပါလား စသဖြင့် လူတတ်ဝင်လုပ်နေ၏။

သင်္ကြန်ရေမဆို သင်္ကြန်မိုးမရွာဘဲ ဤဂေဟာလေးစိုပြေနေသည်ကို အားလုံး ကြည်နူးစွာ နှစ်သစ်ကြို ခံစားနေကြ၏။

* * *





အကျနေ့ကလည်း ရုတ်တရက် ပြန်သွား၍ မွန်ထူပြီးကျန်ခဲ့ရာ ရေလောင်းဖို့ပင် အခွင့်မရလိုက်။

ဒီနေ့တော့ မဏ္ဍပ်လာမည်ထင်၍ မျှော်သော်လည်း ညိုက ပေါ်တော်မမူ။ အုန်းသိန်း နေမထိထိုင်မသာသည့်အဆုံး ဘူတာလေးရှေ့မှ တောလိုက်မှဆိုးနှယ် ချောင်းမြောင်း၍ ရေပက်ရန်ကြံသည်။ ရွှေသမင်ညိုက အရိပ်အယောင်ပင်မပြ။ အိမ်ဘေးကပတ်လည်းမမြင်။ နောက်ဆုံး ညိုတို့ နောက်ဖေးခြံစည်းရိုးဘက်မှ လှည့်ချောင်းရန်ကြံသည်။ ဆူးချုံပေါ်သောစည်းရိုးဘေး ကုပ်ကပ်သွားပြီး ညိုတို့ နောက်ဖေးဘက်ကို သူ ကြည့်သည်။ နောက်ဖေးက ရေကပြင်တွင် ပက်လက် ကုလားထိုင်ဖြင့် ငိုက်မြည်းနေသူတစ်ဦးကို ညိုက နောက်မှသိုင်း၍ မျက်နှာ အုံးမည်းသုတ်လိုက်သည်ကို အုန်းသိန်း မြင်လိုက်၏။

ထိုသူ လန့်နိုးပြီး ရယ်မောကာ မျက်နှာကိုပွတ်၊ လက်မှာပေလာသော အိုးမည်းဖြင့် ညိုလက်မောင်းကို လှမ်းသုတ်သည်ကိုလည်း အုန်းသိန်းတွေ့လိုက်သည်။ မသက်မသာမျက်နှာဖြင့် ထွက်ခွာသွားသော အုန်းသိန်းကို အဘမောင် နှီးထိုင်ဖြာ နေရာမှ လှမ်းမြင်လိုက်ပြီ။ ဒီကောင် ဆူးချုံကြားထဲအထိ လာချောင်းနေပါ ကလားဟု သတိပြုမိလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ မခင်အေး ကြိုတင်စီစဉ်ထားသလို မှင်မသေနိုင်။ အုန်းသိန်း၏အမေးကို အေးဆေးစွာဖြေရမည့်အစား ရင်ထဲထိတ်ပျာသွားသေးသည်။ ဒါကို ဂရုတစိုက်ရှိမိသော အုန်းသိန်းက ဘဝင်မကျ။

"တောက လာတာပါဟာ.. တကယ့်ကို ကားမမြင်ဘူး၊ ရထားမမြင်ဘူးတဲ့နေရာက"

မခင်အေး အဖြေကြောင့် တောဘူတာရုံ မနီးမဝေးနေပြီး အိမ်မှာမီးစက်နဲ့နေနိုင်တဲ့ ငါ့လောက်တော့ ဘယ်မီမလဲဟု အုန်းသိန်း တွေးမိသည်။

"အလကားပါဟာ သိပ်ပြီးကျပ်ပြည့်တာတောင် မဟုတ်ဘူး"

အုန်းသိန်း စိတ်ဝင်စားမှုလျော့ပါးသွားအောင် မခင်အေး ပါးစပ်ထဲတွေ့ကရာ ပြောလိုက်သည်။ စိတ်တော့မချရသေး။ ညို့အနီးရောက်လာသောယောကျ်ားသားမှန်သမျှ အုန်းသိန်း မျက်စိစပါးမွေးစူးမည်ကို မခင်အေး သဘောပေါက်နေ၍ နွေအပူက သူမရင်ထဲ တိတ်တဆိတ် ရောက်လာရပြီ ဖြစ်သည်။

* * *



(၁၀)

ကက်ဆက်ဇာတ်လမ်း နားထောင်ကောင်းတုန်း အိမ်ကလာခေါ်၍ မကြည်မလင် ဖြစ်သွားတတ်သည့် မိန်းမတို့မျက်နှာမျိုးဖြင့် ညို အိမ်ရှေ့ထွက်လာသည်ကိုမြင်၍ အုန်းသိန်း မကျေနပ်ချက် အစိုင်အခဲမှာ ပိုကြီးမားလာပြီး ရင်တွင်းကျပ်လာသည်။

"ဘာလဲဟာ နေပူရတဲ့အထဲ ..."

ကြည့်စမ်း၊ ခါတိုင်းသကြန်ဆို တစ်နေကုန် မဏ္ဍပ်မှာရှိနေတတ်တဲ့ ညိုက ဒီလို ခုတော့ပြောရသလား။

"နင့်ကို ရေပက်မလို့ဟော့။ နင်က ဘာလို့အိမ်ထဲအောင်းနေရတာလဲ"

"ဘာမှမဟုတ်ပါဘူးဟာ ပျင်းလို့"

အုန်းသိန်း ရယ်သည်။ ငါသိပါတယ်...ဟူသောမျက်နှာကို ညိုမြင်၍ ပိုမလုံမလဲ ရှိလှသည်။

"ကဲ လောင်းဟာ ..." ဟု ဆိုကာ...

အိမ်ပေါ်မှ ဆင်းလာ၍ ရေလောင်းလိုက်ရသည့်တိုင် အုန်းသိန်းရင်ထဲ မကျေနပ်မှုက ပျောက်မသွားသေး။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်တယ်ညို ··· ဒီမှာကြည့်စမ်း အသီးအကင်းတွေ တန်းပြီးထွက်လာတာ ငါးလုံး၊ ခြောက်လုံး၊ ခုနစ်လုံး··· ဟာ ခွေးမကြီး ခွေးလေးတွေ ပေါက်တာထက်တောင် များသေးတယ်"

ဖေသောင်း တအံ့တသြ ဗူးစင်အောက်မှမော့ကာ ရေတွက်နေသည်။ ညိုကား···

"ညို မပြောဘူးလား" ဟု

အလွန်ကျေနပ်သောမျက်နှာဖြင့် တုံ့ပြန်၏။ ဖေသောင်းသည် ဗူးစင်တွင် ဆွဲထားသော အမဲရိုးကို လက်ဖြင့်တို့ကာ···

"အမဲရိုး ချိတ်ထားလိုက်တာနဲ့ မြုံနေတဲ့ဗူးစင်က ဒီလိုပဲ အသီးတွေ ထွက်လာရောလား။ လေး ငါးရက်ပဲ ရှိသေးတယ်။ ချက်ချင်း သတ္တိပြတာပဲ"

ဟု အံ့သြမပြေ ထရွတ်နေ၏။

"အံမယ် ဒါတောင် တချို့ ရေထုပ်တွေ ဆွဲကြသေးတယ်"

ညို ထိုသို့အဖြေ၊ ဖေသောင်းက···

"အတော်ဆန်းကြယ်တဲ့ သဘာဝ ဓာတ်ပြုမှုပဲ" ဟု မှတ်ချက်ချ၏။

ခြံနောက်ဘက်စည်းရိုးတွင် ကပ်၍ချောင်းနေသော အုန်းသိန်း ဘဝင်မကျ စဉ်းစားနေသည်။ ဘယ့်နှယ်လဲ တောသားစစ်စစ်လည်းဆိုသေးရဲ့ ဗူးပင်သဘာဝ တောင် နားမလည်ဘူးဆိုပါလားဟု တွေးမိ၏။

ဟိုအလုံးဟုဆိုကာ ဖေသောင်း လက်ညှိုးညွှန်သည်။ ညိုက အထိတ် တလန့် သူ့လက်ကိုဆွဲ၍···

"ဟာ ··· လက်ညှိုးနဲ့မထိုးရဘူး။ ပုပ်ကုန်မယ်" ဟု တား၏။

ဖေသောင်း ဟက်ဟက်ပက်ပက် ရယ်ကာ···





"လာပြန်ပြီ ဒါတော့ မဖြစ်နိုင်ပါဘူး၊ လက်နဲ့ထိတယ်ဆို ဟုတ်တုတ် တုတ်" ဟု မယုံသလို လုပ်ပြန်၏။

ညိုက မယုံရင် နောက်နေ့တွေကြည့်ဟု ပြောကာ သူ့လက်ကို ဆွဲထားဆဲ။

ဖေသောင်း အငြိမ်မနေဘဲ···

"နောက်တစ်လုံး ညို့လက်နဲ့ ထိုးကြည့်စမ်း"

ဟု ခိုင်းပြီး ညို့လက်တစ်ဖက်ကို ပြန်ကိုင်၍ ဗူးကင်းကို လက်ညှိုး ညွှန်ခိုင်းသည်။

"ဟင့်အင်း" ဟု ငြင်းရင်း···

ရယ်ကာမောကာ 'ပုပ်ကုန်မယ်၊ မပုပ်နိုင်ဘူး' ဟု ငြင်းရင်း နှစ်ယောက် သား တွန်းတိုက်နေကြ၏။

စည်းရိုးအပေါက်ကွယ်သွား၍ နေရာထပ်အရွှေ့ အုန်းသိန်း ခြေမှာ မျက်ခနဲ ခံစားလိုက်ရ၏။ ခရာဆူးတစ်ချောင်း စိုက်သွားခြင်းပင်။ နောက်ဆုံး တစ်ချောင်းကလည်း မျက်ခနဲ အုန်းသိန်းရင်ထဲ စူးသွားသည်။ အဲဒါ ဘာဆူးဟု ခေါ်ရမည်လဲ။ အုန်းသိန်းမသိ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မပေါ့နဲ့နော်၊ ငါ ရင်ပူတယ်။ အုန်းသိန်းက…"

ဟုဆိုကာ နောက်ယောင်ခံစုံစမ်းသည်ဟု အဓိပ္ပာယ်ရှိသည့် အင်္ဂလိပ်စကားဖြင့် မခင်အေး သတိပေးသည်။

သောက်ရေအိုးမှ ခပ်သောက်မိသောရေသည် သူမတို့ ရောက်နေရာ တောရကျောင်းနောက်စီးနေသည့် ချောင်းရေပမာ နောက်ကျိသွားပြီဟု ညိုခံစားလိုက်ရ၏။ ဖေသောင်းမှာ "ဟာ …" ဟု ရေရွတ်ရင်း…

"တောသား ဖေသောင်းလို့ပဲ သိမှာပဲ ပူစရာလိုသေးလား" ဟု ဈေးဆစ်သည်။

မခင်အေးမှာ ချောင်းကမ်းပါးရှိ့နှစ်များထဲ ခဲလုံးတစ်လုံး ကန်ချလိုက်ရင်း…

"မထင်နဲ့၊ လျှော့မတွက်နဲ့၊ ကိုယ့်ဘဝကိုယ်သိ၊ အနေအထိုင်မတတ်တာနဲ့ မီးခိုးကြွက်လျှောက်ပေကုန်မယ်"

ဟု စိုးရိမ်တကြီး ပြောနေသည်။

ညိုနှင့်ဖေသောင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"နင့်အဖေတို့ပါ စိတ်ပူသွားရင် ပိုဆိုးမယ် ညို။ ငါပြောတာ စဉ်းစားကြည့်…"

ထိုသို့သာ ပြောခဲ့ပြီး မခင်အေး ဘုရားပန်းအိုးများ ရေသွားဆေးနေသည်။ တောရကျောင်းတစ်ဝင်းလုံး ကျေးငှက်သံနှင့် ရေစီးသံသာ ကြည်နူးဖွယ် ကြားနေရသော်လည်း သူတို့ မသာယာနိုင်။

"တို့ ပျော်မယ်တောင် မကြံရသေးဘူး"ဟု ဖေသောင်း ရေရွတ်မိသည်။

သန့်စင်နေခဲ့သော ညိုမျက်နှာမှာ သောကအပူကြောင့် နွမ်းကျသွားသော ကြာဖြူတစ်ပွင့်နှယ်…။





"အုန်းသိန်း အဖေက အရပ်လူကြီး၊ ပေါက်ရောက်တယ်။ ပြီးတော့ ပါဝါလည်းသိပ်ပြချင်တာ"

ဟု ညို မသက်မသာ ရေရွတ်နေ၏။

မခင်အေးက…

"ငါတို့တောင် ကျောင်းမှာဖြစ်ကြတုန်းက ပါသလား၊ မပါနဲ့နော်။ အလကားနေရင်း ဒုက္ခရောက်မယ်လို့ ခြိမ်းခြောက်သေးတယ်"

ဟု လှမ်းပြော၏။

ဘယ်လိုလုပ်ကြမလဲဟု စကားသံမထွက်ဘဲမေးနေသော ညို့မျက်ဝန်းများအတွက် သူ့မှာအဖြေမရှိ။

"အဲဒီ မောင်အုန်းသိန်းက ကျောင်းသားမဟုတ်ဘူးလား။ လက်တွဲလို့ မရဘူးလား"

ဟု သူ ပြန်မေးမိသည်။

"ဟာ လေးတန်းတောင်မအောင်လို့ ကျောင်းထွက်ထားရတာ။ သူ့မိဘတောသူဌေးဆိုပြီး ဘာမှလည်းလုပ်တာမဟုတ်ဘူး။ သွားစည်းရုံးဖို့ မစဉ်းစားနဲ့။ အဲဒါမှ ဒုက္ခအထုပ်ဖြည်ကြည့်တာအစစ်"

ညို၏ စိတ်ပျက်လက်ပျက် အဖြေစကားကြောင့် ဒီနည်းလမ်းကို သူ စွန့်လိုက်ရသည်။

"ငါ အုန်းသိန်းကို ပြောထားတာလည်း မမေ့နဲ့ဦး။ တောသား ဖေသောင်းက ကျပ်လည်းပြည့်တာမဟုတ်ဘူးလို့ လိုမ့်ထားရတာ။ မရှောင်သာလို့ တွေ့ရင် ရူးပေါပေါလုပ်နေလိုက်"

မခင်အေးစကားကြောင့် သူတို့ခါတိုင်းလို မပြုံးနိုင် မရယ်နိုင်။

"ညိုတို့အိမ်ကို မလာတာအကောင်းဆုံးပဲ"ဟု မခင်အေး စကားဆက်ခြင်းကြောင့်ဖြစ်သည်။ အခြေအနေမှန်ကို သဘောပေါက်နေကြသူများပီပီ ဈေးမဆစ်ဝံ့ကြတော့။

ညိုသည် ရှဉ့်ကလေးများ ဇွေ့ခနဲခုန်သွားသည်ကို မော့ကြည့်လျက် ရင်ထဲပေါ့ပါးရမည့်အစား ချောင်းစပ်ရှိ့ပြင်ထဲလျှောက်ရသလို လေးလံခက်ခဲသော ခြေလှမ်းများဖြင့် ဖေသောင်းအပါးမှ ခွာသည်။ ဖေသောင်း လိုက်လိုစိတ်မရှိတော့။ ဝါးခုံတန်းလေးပေါ် ကျိုးခနဲ ထိုင်ချရင်း ညို့ကျောပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ရာ ဆံစရှည်များတထွေးကြီး ရုတ်ခနဲသိမ်း၍ သူ့ကို လှည့်ကြည့်သည့် ညိုနှင့် အကြည့်ဆုံပြန်၏။

"ဆွမ်းလာပို့ရင်တောင်သင့်ပါမလား။ ငါ့သဘောကတော့ ဖေသောင်း တောပြန်သွားပြီလို့ ကြေညာလိုက်ချင်တယ်။ ဒါမှ မျက်ခြည်ပြတ်သွားမှာ"

မခင်အေးစကားကို သူတို့ ကန့်ကွက်ပြင်ဆင်နိုင်စွမ်းလည်းမရှိတော့။

ညိုက သူ့အား သောကအပူကြားမှ ကြိုးစားနှစ်သိမ့်သော မျက်ဝန်းများဖြင့်...

"ညို ပစ်တော့မထားပါဘူး၊ လစ်ရင် ကြည့်ပြီးလာခဲ့ပါ့မယ်" ဟု ပြောခဲ့၏။

သူ ဟာန်မဆောင်စတမ်း ခြေပစ်လက်ပစ် ကျန်ရစ်ခဲ့သည်။ ငှက်သံတွေက နားငြီး၍ ရှဉ့်ကလေးတွေကို မျက်စိနောက်စရာဟု သူထင်သွားပြီဖြစ်သည်။

* * *



## (၁၁)

တိတ်ဆိတ်သောနွေညကို သည်းမခံနိုင်သည့်နှယ် ဒေါ်တင်တင် ယပ်ခတ်ရင်း စကားစ၏။

"မျောက်လွှဲကျော်တစ်ကောင်လည်း ပျောက်နေပါလား။ အိမ်က မျောက်ညိုကြွမနဲ့ပေါင်းပြီး ကိုရီးယားကားရားတွေလုပ်တာ မမြင်ရတော့ ခပ်ခြောက်ခြောက်ကြီး"

တဝူးဝူးမြည်နေသော ရေဒီယိုလှိုင်းကိုဖမ်းနေရာမှ ဦးရွှေခင်မှာ ဒေါ်တင်တင် စကားကို "ခြေကုန်လက်ပန်းကျနေပြီထင်တယ်" ဟု ထင်မြင်ချက်ပေး၏။ ခြင်ထောင်ထဲဝင်ပြီး လူးလူးလိမ့်လိမ့် မအိပ်နိုင်သေးသော ညိုမှာ အသာထ၍ အခန်းတွင်းပြတင်းဝမှာ ထွက်ရပ်သည်။ နွေညသည် လမရှိ၊ ကြယ်များဖြင့်သာ နှစ်သိမ့်အလှဆင်နေရသည်။

သူမ ကြယ်ပွင့်များကိုငေးလျက် တစ်ကိုယ်ရည် အသံမဲ့စကား ပြောဆိုမိ၏။

"ကြယ်တွေမှာလည်း ကြယ်လူကြီး ကြယ်ကလေးတွေရှိတယ်၊
မူဝံကြယ်က အဘိုးကြီးမို့ တစ်နေရာတည်း ငုတ်တုတ်ထိုင် စဉ်းစားနေတာပေါ့။
ခုနစ်စင်ကြယ်က ကလေးတွေမို့ ကုန်းပိုးစီးတမ်းကစားနေကြတာ။
အခြေမခိုင်ဘဲ လိမ့်ကျသွားတဲ့ကြယ်တွေ မြင်ဖူးပါတယ်၊
ဒါပေမဲ့ အဲဒီထဲမှာ လူတွေအတွက် အသုံးတည့်လို့၊
နာမည်မှည့်ခံထားရတဲ့ကြယ်တွေ တစ်ပွင့်မှ ပါမသွားဘူး။
တကယ်တော့ ကြယ်တွေရဲ့ဘဝမှာ အဖော်နီးတာ အဖော်ဝေးတာ အရေးမကြီးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လောကအတွက် အသုံးဝင်တဲ့ကြယ် ဘယ်တော့မှ မကြွေတာသေချာပါတယ်''…။

ထိုစကားကို သူမ ဘာကြောင့် ဖေသောင်းအား ပြောချင်နေမှန်းမသိ။ သို့ကြောင့်ပင် စာအုပ်နှင့်ဘောလ်ပင်ယူ၍ ထိုအတိုင်း ရေးချမိသည်။

* * *





လက်ကမ်းစာစောင်ကို အပြီးသတ် ဒီဇိုင်းပြင်ဆင်ပြီးပြီ။

ထွန်းသက်နှင့် သူရတို့ပေးခဲ့သော စာမူများအားလုံး ထည့်ပြီးသည့်တိုင် သူ့မှာ အလုပ်မရှိဖြစ်နေ၍ စာစောင်မျက်နှာစာကို အနားကွပ်ဒီဇိုင်း အကျအန ထပ်ဆွဲနေမိသည်။ စာစောင်အတွက်လိုအပ်သော သင်္ကေတများပြည့်စုံပါလျက် သူထိုင်ရာမှ မထဖြစ်သေး။ နေခြည်နု ပြောက်ကျားဝင်နေသော တောရကျောင်းရှုခင်းကို အညောင်းဆန့်ရင်း ကြည့်နေမိ၏။

''အုန်းသိန်းက စိတ်ချရတာမဟုတ်ဘူး။ နောက်ကလိုက်ချောင်းနေလို့ နေရာပါသိသွားဦးမယ်''

ဟု ညို ပြောခဲ့ဖူးပြီမို့ ခွမ်းချိုင့်ပို့ရန် မရောက်လာသည့် နေ့များကိုလည်း သူ အပြစ်မတင်မိတော့။

တစ်ကိုယ်တည်း ဇေကစာရိကျင့်သားရနေပြီးကာမှ သိကြားမင်း လွှတ်လိုက်သော အမွှေးလာနတ်သမီးကြောင့် ကျင့်နေသောတရားများ ပျက်ခဲ့ရသည့် ရသေ့တစ်ပါးအကြောင်း သူဖတ်ရှုမိရင်း မပြုံးချင်ဘဲ ပြုံးမိသည်။ နားထဲတွင် ကြားယောင်သည်လား။ မှတ်မိနေသော စက်ဘီးခေါင်းလောင်းသံက ချွင်ခနဲ မြည်လိုက်သည်မှာ သူ ကြားဖူးခြင်းမရှိသော နတ်စောင်းသံပင်မီမည်မထင်။ တကယ်ပင် ကျောင်းဝင်းထဲ ချိုးကွေ့ဝင်လာသော ခရမ်းနုရောင်ဝတ်စုံဖြင့် ဆံနွယ်များ ဝင့်ခနဲ လွင့်လာသည့်အရိပ်ကို လှစ်ခနဲ လှမ်းမြင်လိုက်ရသည်။

သူ စာစောင်မူကိုသိမ်းလိုက်ပြီး ရောင်စုံကျောက်တုံးများ မညီမညာ ပုံနေသည့် ရေမြောင်းနံဘေး ကြိုရပ်လိုက်သည်။ ညိုမှာ သူ့အပါး စက်ဘီးဒေါက်ထောက်ရင်း…

''ပျင်းနေပြီလား'' ဟု ကရုဏာငွေ့ဆိုင်းသော လေသံဖြင့် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖော်ရှိပါတယ် ... အထီးကျန်ခြင်းလေ"

မရယ်မပြုံး သူ့အဖြေကို ညိုက နားလည်လောက်သော မျက်နှာဖြင့်

"အခြေအနေအရ လစ်မှလာရတာ"ဟု ပြောသည်။

"ကိစ္စမရှိပါဘူး။ နားလည်ပါတယ်" ဟု သူ ပြန်ဖြေရာ...

ညိုက...

"ထမင်းကိုမျှော်တာထက် အဖော်ကိုတမ်းတနေမှာ ညို နားလည်ပါတယ်" ဟု စာနာသံဖြင့်ပြောကာ သူ့အား မော့ကြည့်သည်။

ရေကြည်ကြည်များ ခပ်ပါးပါးစီးနေသော တစ်တောင်ခန့် ကျောက်စရစ်မြောင်းကလေးနံဘေး သူမလက်နှစ်ဖက်က ပဝါပြာနှမ်းနှမ်းအရောင်ကို စုကိုင်ကာ ရပ်နေသည်။ ချောင်းကမ်းပါးဘက်မှ တက်လာသောလေ ပင့်ထူထား၍ သူမဆံနွယ်များနှင့် ပဝါပါးပြာပြာကလေးမှာ ရောထွေးယှက်ယှက်ရှုန်းထွက်ချင်နေကြ၏။

"တကယ်လို့ နွယ်မျှင်လေးတွေနဲ့တူတဲ့ မျက်လုံးတစ်စုံသာ အထီးကျန်ခြင်းမှာ ရှိမယ်ဆိုရင် ကိုယ်တစ်ယောက်တည်း အမြဲနေရဲပါတယ်"

သူမမျက်ဝန်းများကို လွမ်းဆွတ်စွာငုံ့ကြည့်ရင်း ပြောသည့်စကားကြောင့် နီးရာကိုတွယ်ရစ်သည့် နွယ်ပင်လေးများအား ညို မြင်ယောင်လျက် ရှက်ခြင်းမဟုတ်တာ သေချာသော ခံစားမှုတစ်ခုကို နွေးထွေးစွာ ခံယူလိုက်ရသည်။ ကျောက်စရစ်ပုံပေါ်တင်ထားသည့် ဆွမ်းချိုင့်ကို လှမ်းယူရန်ကြံမိပါလျက် မလှုပ်ရှားဖြစ်ဘဲ သူ့စကားကိုသာ ဆက်လာနိုးနိုး မျှော်မိ၏။

"အပြင်မှာ နေပူလှပြီ။ နေ့ဆွမ်းစားချိန်ဆိုတော့ ညို နေပူထဲလာခဲ့ရတာ ချွေးတွေတောင်စို့လို့။ ညို ပင်ပန်းတာကို ကိုယ်စိတ်မကောင်းပေမယ့် ကိုယ်ဝမ်းသာမိတာကိုတော့ ပြောပါရစေ ညိုရယ်"

"အရင်နေ့တွေကလည်း လာချင်ပါတယ်။ သတိလည်းရနေတာပဲ။ မဖြစ်သေးလို့ပါ ..."

"ဟုတ်ပါတယ် ... လာလာ ဆွမ်းအရင်ကပ်လိုက်ကြရအောင်"

သူတို့ ချိုင့်ဆွဲ ကျောင်းပေါ်တက်မည်အပြု ဆွမ်းစားချိန်သာ ကျောင်းသို့လာ၍ ဝေယျာဝစ္စပြုလေ့ရှိသော ကျောင်းသားလေးပြေးလာယူရင်း..

"ဆရာတော် ရေချိုးနေတယ်"ဟု ပြော၏။





သူတို့ ကျောင်းပေါ်မတက်ဖြစ်ဘဲ ရေကြည်မြောင်း နံဘေးသာ ပြန်လျှောက်လာကြသည်။ တောင်ပိန္နဲပင်ကလား၊ ဒူးရင်းသြဇာပင်ကလား မသိ၊ ရနံ့သင်းသင်းဖြင့် မွှမ်းထုံနေသောနေရာဝယ်...

"ညိုတို့ အဖေနဲ့ အမေက ဆွမ်းမပို့နိုင်းဘူးလား"ဟု သူ မေးသည်။

"နိုင်းတာပေါ့၊ ညိုလည်း အမှန်အတိုင်းပဲ ပြောလိုက်တော့တယ်။ နို့မဟုတ်ရင် ဟိုတစ်ယောက်အန္တရာယ်ကို မသိဘဲနေမှာစိုးလို့"

"အဲဒီတော့ ..."

"အဲဒီတော့ အမေတို့ကလည်း တစ်ခါတလေမှ သွားချင်သွားပေါ့တဲ့။ သိသွားလို့မဖြစ်ဘူးတဲ့ ..."

"အင်းလေ ... ကြောက်ကြမှာပေါ့။ ကိုယ်နားလည်ပါတယ်"

သူ့စကားကြောင့် ညို ဆတ်ခနဲ မော့ကြည့်သည်။ ညို့မျက်လုံးများ အရောင်မှိန်၍...

"ဒီလို မဟုတ်ပါဘူး။ ကိုဖေသောင်းအတွက်ပါ။ ညိုတို့က ရှောင်ပြေရင်ရပါတယ်..."

သူက "သြော် ..."ဟုသာ မှားမှန်းသိ၍ အားတုံ့အားနာ ဖြစ်မိသည်။

ညို ခြေလှမ်းကိုရပ်၍...

"ညိုတို့စေတနာကို နားမလည်ဘူး။ ဟိုက စပ်စုနေပြီ။ ဒီထက်ပိုမသင်္ကာဖြစ်ပြီး ဖွတ်စုံစမ်းရင် ဘယ်သူ ဒုက္ခရောက်မှာလဲ။ ညို ပြောတာလည်း နားမလည်ဘူး။ ဟိုက ဘယ်လောက်တောင် သိချင်နေတယ်မှတ်သလဲ"

ညိုသည် မထူးတော့ပြီဖြစ်၍ အဘမောင်မြင်ခဲ့သော အုန်းသိန်းတစ်ယောက် တကောက်ကောက်ချောင်းနေပုံကို ပြန်ပြောပြလိုက်သည်။

သူ အံ့သြပြီး "ဟုတ်လား..."ဟု သာ မေး၏။

"ညိုလည်း လာချင်တာပေါ့၊ ညိုတို့နှစ်ယောက်ပေါင်းမှ ပျော်စရာကောင်းတာပါ။ ညိုတစ်ယောက်တည်း အိမ်မှာပျော်နေတယ်ထင်လို့လား"

ဟု ဝမ်းနည်းသံဖြင့်မေး၏။ သူသည် ညို့မျက်ဝန်းများကို သေချာကြည့်၍...

"ဒီမှာ ညို... ကိုယ်မှားသွားပါတယ်။ ကိုယ်ပြောတာ နားထောင်ပါဦး။ ဟောဒီ ရေကြည်မြောင်းကလေးကိုကြည့်၊ ကြည်လင်ပြီး အောက်က ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံတွေကို မြင်နေရတာ။ ဟိုမှာ… ဟိုမှာ… ဒေါင်းငါးလေးတွေ့လား။ ရေမှော်ပင်ကလေးတွေစိမ်းလို့ ကြားထဲမှာ ဘယ်လောက် ကြည်နူးစရာကောင်းလဲ။ ညို့မျက်လုံးလေးက အရင်ကဆို အဲဒီလိုပဲ။ အမြဲကြည်လင်ကြည်နူးစရာကောင်းတာပါ။ ကိုယ့်ကြောင့်ဖြစ်ဖြစ်၊ ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ဟိုချောင်းရေလို မနောက်ကျိသွားစေချင်ဘူး။ ဒါ ကိုယ့်ဆန္ဒအမှန်ပါ ညိုရယ်။ ကိုယ်မှားသွားတာ စိတ်ထဲမထားပါနဲ့တော့။ ညို့မျက်လုံးလေး ဒီရေကြည်မြောင်းလို ကြည်နေတာပဲ တွေ့ပါရစေ”

သူ့စကားကြောင့် ညိုမှာ သူ့အား မော့ကြည့်ပြန်၏။ ခရမ်းနုရောင်အင်္ကျီ၊ ခရမ်းပြာရောင်ပွင့်ယှက်ထမီနှင့် ညို၏ခန္ဓာမှာ အရောင်များဟပ်နေသော ရေကြည်မြောင်းလေးလိုပင်။ ညို့မျက်လုံးများ ခရမ်းပြာလဲ့လဲ့ သန်းလာကာ အနည်ထိုင်လာ၍ ကြည်လင်လာသည်ဟု သူမြင်သည်။

ဖျတ်ခနဲ သူတို့ခြေရင်း ပြုတ်ကျလာသော်အရာအား ညို ထိတ်လန့်၍ ခြေကိုရုတ်ကာ လှမ်းကြည့်သည်။ ပုတ်သင်ညိုခေါင်းစိမ်းတစ်ကောင် မြေပေါ်ကျပြီး ထွက်မပြေးဘဲ ခေါင်းတညိတ်ညိတ် လုပ်ပြနေသည်ကို တွေ့ကြရ၏။ သူ ညို့အား လှည့်ကြည့်၍ ပြုံးပြသည်။

ညို နှုတ်ခမ်းများမပြုံးခင် မျက်လုံးများ အရင်ပြုံးလာသယောင်ယောင် …

* * *





ဒီဒေသတွင် သူ့လိုလူကိုမှ ဒီမိန်းကလေး မရွေးချယ်လျှင် ဘယ်နတ်သားကို မျှော်မည်နည်း။ အုန်းသိန်း ဘယ်လိုမှစဉ်းစားမရ။ ရုံပိုင်ကြီးသမီးလို့သာ ခေါ်စရာရှိသည်။ ရွှေထည်ပင် တစ်ခါတစ်ရံ သေးမျှင်မျှင် ဝတ်နိုင်သူက၊ အုန်းသိန်းလို ရွှေကြိုးတုတ်တုတ်၊ ငွေပေါကြွယ်ကြွယ်၊ ပြီးတော့ ဒီရွာနားတစ်ဝိုက် အုတ်တိုက်ဆို၍ ဒီတစ်လုံးသာရှိသော ဂေဟာကိုမှပိုင်သူကို ပုံမှန်ထက်မပိုတာ နားမလည်စရာ ဖြစ်နေ၏။

“ညိုက ဘာကို ကြီးကြီးကျယ်ကျယ် မှန်းလို့လဲ”ဟူသော တစ်ခါက သူ့အမေးကို မခင်အေးက…

“ပညာလည်းရှိဖို့လိုမှာပေါ့”ဟု မရေမရာ ဖြေဖူးသည်။ အုန်းသိန်း ပို၍မကျေနပ်။

“ပညာ … ဟုတ်လား။ အဲဒီပညာတတ်ပြီးတော့ ဘာလုပ်မှာလဲ။ ပိုက်ဆံကို အဲဒီပညာနဲ့ရှာမှာပဲ မဟုတ်ဘူးလား။ ပိုက်ဆံဥစ္စာရှိပြီးသားလူက ရေကြည်တွင်းပိုင်ပြီးသားပါ။ ပညာသင်တယ်ဆိုတာဟာ ရေတွင်းကို အပင်ပန်းခံပြီး တူးနေရတဲ့သူတွေ၊ ရေထွက် မထွက်တောင် မသေချာဘူး”

သူ နားလည်သလို စဉ်းစားမိသမျှ ပိုခေါင်းရှုပ်စရာဖြစ်လာသည်။

“တစ်ခုရှိတယ်ကွ … မိန်းမဆိုတာ သူတို့စိတ်ချမ်းသာအောင် ပြောတတ် လုပ်တတ်တဲ့လူအပေါ်မှာ သာယာတတ်တယ်။ မင်းက ညိုနဲ့ နီးနီးစပ်စပ် ရှိအောင်လိုက်ပေါင်းပေါ့ကွာ။ သူ စိတ်ချမ်းသာမယ်ထင်တာတွေ များများလုပ်ပေး။ ကြာတော့… သံယောဇဉ်ဖြစ်လာရော၊ ငါပြောတာမယုံရင် စမ်းကြည့်”

ဟုတ်နိုင်သည်ဟု အုန်းသိန်း ထင်ပြန်သည်။ ပြောသူက မိန်းမနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရပြီးသူ။ ဘာအလုပ်မှလည်း ဟုတ်တိပတ်တိ မရှိဆိုတော့ ဒါမှန်နိုင်သည်ဟု အုန်းသိန်း ယူဆလိုက်သည်။

“ဝင်ပူးကွာ ဘယ်သူ့မှ ဂရုမစိုက်နဲ့၊ ကြိုက်မရှက် ငိုက်မရှက်ဘဲ…” ဟု ထပ်ဆင့်တွန်းအားပေးလိုက်၏။ အုန်းသိန်း ရွှေသွားသည်။

* * *





ကားလမ်းပေါ်မှဆင်းလိုက်သည်နှင့် အုန်းသိန်းနင်းလာသော စက်ဘီးနှင့် ဘွားခနဲတွေ့ပြီး ညို ရင်ထိတ်သွားရသည်။

“ဘယ်လဲ…” ဟု အပြုံးဖြင့် မေးသည်ကို ဘယ်လိုတုံ့ပြန်ရမှန်း ရုတ်တရက် စဉ်းစားရသည်မှာ ပင်ပန်းလှပါဘိ။

“အုန်းသိန်းဟာ ဖွတ်သမား၊ အတင်းရှောင်လိုက်ရင် ရှက်ရမ်းရမ်းမယ်” ဟူသော မခင်အေးစကားကို လိုက်နာမိ၍ “ဆွမ်းပို့မလို့လေ” ဟု ပုံမှန်ပြောလိုက်ရသည်။

“ဘယ်ကျောင်းလဲ”

“တောရကျောင်း”

“ဟာ … အတော်ပဲ၊ ငါလည်း အဲဒီမရောက်တာ ကြာပြီ၊ ကျောင်းဝင်းထဲက စေတီလေးကို ဝင်ဖူးလိုက်ဦးမယ်”

မိုးကြိုးပစ်တောင် ခွာမည်မဟုတ်သည့်တောက်တဲ့ ကပ်နေပြီဖြစ်၍ ညိုက…

“အင်း” ဟုသာ တုံ့ပြန်ရင်း ကိုယ့်စက်ဘီးကိုယ် မပျက်နင်းလာသည်။ အုန်းသိန်းက ရင်ပေါင်တန်း နင်းလာရင်း ဧည့်သည်ကြီးပြန်သွားပြီလားဟု ပြုံးစစ မေး၏။

“အင်း …” ဟုသာ မဖြေချင်ဖြေချင် ဖြေလိုက်ရသည်။ ကျောင်းထဲမှာ ပက်ပင်းတိုးရင်တော့ ဒုက္ခပဲဟု သူမ ပူပန်နေရင်း ငါလူရှင်းမှ ထွက်လာတာ ဘယ်အချိန်ကတည်းက ချောင်းပြီး စောင့်နေပါလိမ့်ဟု အလိုမကျ ဖြစ်လာပြန်သည်။

ကျောင်းဝင်းထဲ စက်ဘီးဝင်လာကတည်းက ပျော်မြူးရသောခံစားမှုမှာ



www.burmeseclassic.com

www.burmeseclassic.com



ညို့မျက်နှာပေါ်မှ စိုးရွံ့ခြင်းအရိပ်အယောင်ကြောင့် ပူပန်မှုဖြင့် ဖေသောင်း ပြောင်းလဲခံစားလိုက်ရ၏။ ရလိုက်သည့် အခွင့်အရေးလေးတွင် မျက်ရိပ်ပြ လိုက်သည့် ညို့အချက်ပေးမှုကြောင့် ဖေသောင်း ကိုယ်ရှိန်သတ်ကာ အသာပု နေရသည်။

မောင်အုန်းသိန်းဆိုတာ ဒီပုဂ္ဂိုလ်ပဲနေမှာဟု ချက်ချင်း ခန့်မှန်းမိသလို နောက်ဆက်တွဲပြဿနာများကို ရှောင်ရမည့်အသိကြောင့် သူ့ဆန္ဒအားလုံးကို ချိုးနှိမ်ကာ တောရကျောင်း အစွန်အဖျားဘက် သွားရှောင်နေလိုက်ရသည်။

ဒီတစ်နေ့အတွက်သာ မျှော်လင့်ချက်ကင်းခြင်းမဟုတ်။ မနက်ဖြန်ပေါင်း များစွာအတွက်လည်း သူသည် ညို့မျက်လုံးလေးများအစား ရေကြည်မြောင်း ကိုသာ အလွမ်းပြေကြည့်ရတော့မည်ဟု နားလည်လိုက်သည်။

* * *



## (၁၂)

"ရောင်စုံကျောက်လုံးအရွယ်စုံနဲ့ ဒေါင်းငါးလေးတွေကူးနေတဲ့
ရေကြည်မြောင်းကလေးကို··· မျက်ဝန်းတစ်စုံအနေနဲ့
သပိတ်လွယ်ငှက်ကလေး တေးသံကို··· စကားသံအနေနဲ့
ရှဉ့်ညိုကလေးရဲ့ အမြီးဖားဖားကို··· ဆံနွယ်ရှည်တွေအနေနဲ့
ပြောင်းလဲနှစ်သိမ့်ရတဲ့အခါ။
ကံကြမ္မာလက်ချောင်းက ပြောင်းပြုတ်လွှဲရာ
နွယ်ပင်ကလေး တွယ်ရာမဲ့
နေရာလွှဲသွားမှာ···· ရင်ပူတယ်"။

ရက်အတန်ကြာ ညို့ကိုယ်စား မခင်အေးက တောရကျောင်းသို့သွား၍ ညို မလာတော့ကြောင်း၊ အုန်းသိန်းနှင့် ဖေသောင်းဆုံမှာ စိုးရိမ်နေကြောင်း ပြောပြသည်။

ဖေသောင်းက ဒီရက်ပိုင်းတွင် သူရ တို့လာမည်ဖြစ်၍ ဘူတာမှာ ချိန်းထားကြောင်း၊ ဖေသောင်း မလာမဖြစ် လာရမည်။ ညို ထွက်မတွေ့ပါနှင့်ဟု မှာရင်း စာတစ်ပိုဒ်ရေးပေးလိုက်သည်ကို အိတ်ပိုက်၍ ယူလာခဲ့သည်။

မခင်အေးပြန်သွားမှ ညို ဖွင့်ဖတ်ရင်း မှန်ထဲတွင် သူ့မျက်ဝန်းကို ပြန်ကြည့်မိ၏။ သောကလက်ဖြင့် မွှေနှောက်ခံရ၍ ရေကြည်မြောင်းကလေး အနယ်ထကာ မကြည်လင်နိုင်ကြောင်း တွေ့ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ဆာလောင်နေသော ကျားရှေ့ သမင်ဖြတ်လျှောက်၍တော့ အစာဖြစ်ရုံ ရှိမည်။ သမင်သွားလိုသောလမ်းမှ ကျားကိုနေရာရွှေ့ရန် ညို ဆုံးဖြတ်လိုက်သည်။ ဘူတာရှိ လက်ဖက်ရည်ဆိုင်တွင် တစ်နေ့ကုန် အချိန်ဖြုန်းနေသော အုန်းသိန်းအား ခေါ်ထုတ်ရန် ညို ထိုနေရာလျှောက်သွားလိုက်၏။

"စက်ဘီးခဏလောက် အားရင်ငှားပါလား"

"ဟာ ရတာပေါ့ … ဘယ်သွားမလို့လဲ" ဟု ချက်ချင်းဖြေကာ အုန်းသိန်း ထရပ်၏။

"ဈေးကြီးခဏ …" ဟု သူမ ပြန်ဖြေသည်နှင့်

"အိမ်ကစက်ဘီး ဘာဖြစ်လို့လဲ …" ဟုတောင်မမေး၊ စက်ဘီးသော့ဖွင့်ကာ…

"လိုက်ပို့ပေးမှာပေါ့ …"ဟု ပြော၍ ထိုင်ခိုင်းသည်။

"ဒီလိုပဲဖြစ်ရမှာပေါ့။ ဒီဘူတာမှာ ဒီအချိန် ရှင်ရှိနေလို့မဖြစ်ဘူးဆိုတော့ ဒီနည်းပဲရှိတာပေါ့" ဟု ညို စိတ်ထဲက ပြောနေမိ၏။

ဈေးကြီးဘက် သူမတို့စက်ဘီးရောက်လာချိန် ရထားဝင်လာသံကြား၍ ဖေသောင်းတို့အဖွဲ့ တွေ့ဆုံကြပြီဟု တွေးကာ အုန်းသိန်း၏ တောင်စဉ်ရေမရ စကားများကို သည်းခံနိုင်စွမ်းရှိလာရ၏။

"ဘယ်သူမဆို ပိုက်ဆံများများ လိုချင်ကြတာပဲမဟုတ်လား"

ဘယ်နည်းနဲ့ရတာလဲ၊ ပိုက်ဆံရတိုင်း ကောင်းတာမဟုတ်ဘူးဟု ပြန်ပက်ချင်သော်လည်း

"ဟုတ်တာပေါ့ …"ဟုသာ သူမ အလိုက်သင့် ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အုန်းသိန်းကား ကျေနပ်လျက်။

"သိန်းနဲ့သောင်းက ဘယ်ဟာပိုများလဲ"

"သိန်းကများတာပေါ့ ..."

"အေး ဒါကြောင့် ပြောတာပေါ့။ ဖေသောင်းနဲ့ အုန်းသိန်းဆိုတာ သိန်းက ပိုက်ဆံပိုများတာပေါ့"

စိတ်ညစ်ရသည့်အထဲ ရယ်ချင်စရာကောင်းသောစကားကြောင့် ညို ဖွင့်ရယ်လိုက်သည်။ အုန်းသိန်းကား မိန်းကလေးသဘောကျအောင် ပြောနိုင်ရမယ်ဟူသော အချက်နှင့် ဘောင်ဝင်ပြီဟု မှတ်ယူလျက် ကျေနပ်မဆုံး။

"ဒါဆိုရင် ဆံပင်ညှပ်ဆိုင်က ကိုဘသန်းက အုန်းသိန်းထက် ချမ်းသာရမှာပေါ့"

"ဟာ ကိုဘသန်းက ကလေးအဖေ၊ အုန်းသိန်းက လူပျိုလေ"

ညို ဘာပြောရမည်ကို မသိတော့။ သည်လိုလူစားက သည်လိုပြော တတ်သည်ကို သိပါလျက် ခေါ်ထုတ်လာမိသော သူမအပြစ်နှင့် သူမပင်။ အုန်းသိန်းကား တဟဲဟဲ ရယ်မဆုံး။

ညိုကား...

"ကိုဖေသောင်းရေ ... ညို့အဖြစ်ကို မြင်လှည့်ပါဦး။ ရှင်ကတော့ လုပ်ချင်တာတွေ သည်းထိတ်ရင်ဖိုလုပ်နေရလို့ ကျေနပ်နေမှာပေါ့..."

ဟုသာ အော်ဟစ်ငိုလိုက်ချင်တော့သည်။

* * *





"အေး ... ကောင်းတယ်။ ဒါကို ကော်ပီဆွဲပြီး အများကြီး ထုတ်ဖြန့်ရမယ်။ အခု ငါတို့မှာ စက္ကူအလှူရှင်ရှိနေပြီကွ။ သူရတို့ဆီက စက်နဲ့ ခိုးခိုးလှည့်နေတာ။ ရတာနဲ့ ငါတို့လျှောက်ဖြန့်တာပဲ"

ဖေသောင်း ပြုစုထားသော လက်ကမ်းစာစောင်ကို သူရနှင့် ထွန်းသက်တို့ အားရနေကြသည်ကို ကြည့်ရင်း ဖေသောင်း အားတက်လာသည်။

"တို့ညွှာတွေ ဒီထက်ပိုထိရောက်ဖို့လိုတယ်ကွ။ ခေါက်ချိုးလေးမျက်နှာ လုပ်ရင်ကောင်းမလား"

စသဖြင့် သူတို့ အားတက်သရော တိုင်ပင်ပြီး ကုတ္တိုပြင်ခြေရင်းမှာပင် အချိန်ကုန်မှန်း မသိ၊ ညနေရထားလာသံကြားမှ ကမန်းကတန်း လက်မှတ်ဝယ်ပြီး သူရတို့ ပြန်သွားကြသည်။ ဖေသောင်း ရွှင်လန်းစွာပြန်ခဲ့ပြီး လမ်းရောက်မှ ညို့ကို သတိရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

““ဖြစ်စဉ်ဆိုးရှည်ကြောသမျှ
အချစ်ပင်ပျိုး ရေမျှောရတော့မယ်””

ထိုသို့ သူ့စိတ်ထဲ ရေရွတ်ဆိုနေမိပြီးမှ အချစ်ဆိုသော စကားလုံး မသင့်လျော်ဟု မိမိဘာသာဝေဖန်ကာ ဆက်ကာ မတွေးဝံ့တော့ချေ။ မခင်အေး ရောက်လာပြီး ဖေသောင်းတို့ အဆင်ပြေမပြေ မေးခဲ့သဖြင့် အားတက်သရော ဖေသောင်း စားမြုံ့ပြန်သမျှ မခင်အေး မအီမလည် နားထောင်နေ၏။

““ဘာဖြစ်နေတာလဲ။ တို့အလုပ်တွေ အားရစရာကောင်းတာ ဝမ်းမသာဘူးလား။ အားပေးနေတယ်လည်း ဆိုသေးတယ်””

ဖေသောင်း၏ အားမလိုအားမရ အမေးကို မခင်အေးက…

““ဒါကတော့ ကောင်းပါတယ်။ ညီ့ကိုရော ကျေးဇူးမတင်ဘူးလား”” ဟုသာ ပြန်မေး၏။

““ဟာ ဘယ်လိုမေးလိုက်တာလဲ … သိပ်ကျေးဇူးတင်တာပေါ့”” ဟု ဖြေသော်လည်း မခင်အေး ဘဝင်မကျ။

““ကျေးဇူးတင်တယ်ဆိုတာတော့ ကောင်းပါတယ်။ ညီ့အတွက် ထိခိုက်စေတာတော့ မစိုးရိမ်ဘူးလား”” ဟု မေးပြန်၏။

““ဘာဖြစ်လို့လဲ…””ဟု သူ ပြန်မေးမှ…

““ညီသည် အုန်းသိန်းကို ကြည်သွားပြီ””ဟု အရပ်ထဲက လျှောက်ပြောနေကြောင်း မခင်အေး အမျက်ထွက်သော မျက်နှာဖြင့် သတင်းပေး၏။ ဖေသောင်း ဆတ်ခနဲတွန့်ကာ…

““ဘယ်လိုဗျ …””ဟု ဘုဆတ်ဆတ် ပြန်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီို အိမ်မှာလည်း အဆူခံရတယ်…" ဟုသာ မခင်အေးက ဆက်ပြောသည်။

အကောင်းအတွက် တွဲလျက်ခံလိုက်ရသော အဆိုးအပေါ် ဖေသောင်း တုန်လှုပ်သွား၏။

"အုန်းသိန်းက လိုရာဆွဲတွေးပြီး ပါးစပ်သရမ်းတာပဲဆိုတာ ကျမတို့ ယုံတယ်။ ဒါပေမဲ့ ညီို့ရဲ့ဖြေရှင်းပုံကို ဘဝင်မကျဘူး…"

ဟူသော မခင်အေး စကားကို သူ ဆိတ်ဆိတ်နေ၍ သဘောတူလိုက်ရသည်။

"မခင်အေး ဘာပြောချင်သလဲ"

"ရှင် ပြောသင့်ပါတယ်"

သူ သက်ပြင်းသာ ခိုးချလိုက်ရသည်။

"တစ်ခုတော့ အလေးအနက် စဉ်းစားတာပေ့ါ။ ရှင်ဟာ တောသား အယောင်ဆောင်ထားတဲ့ နောက်ကြောင်းတစ်ခုကို ဖုံးကွယ်ထားသူဆိုတာ အုန်းသိန်း အသေအချာ သိနေတယ်။ ဗူးစင်အောက်က ရှင့်စကားတွေကို သူ မှတ်မိခဲ့တယ်ဆိုတာ မမေ့ပါနဲ့" ဟု တိုက်တွန်း၏။

"အုန်းသိန်းပါးစပ်ကို ကျနော် လက်သီးနဲ့ ပိတ်ဆို့ပစ်လိုက်မယ် ဆိုရင်"

"သူ့အဖေက ရှင့်ကုပ်ကိုဆွဲပြီး လက်ထိပ်ခပ်ခိုင်းလိုက်မယ်။ ပြီးတော့…"

"ဟုတ်ပါတယ်… ကျနော့်ဆန္ဒတွေကို မျိုသိပ်ရပေါင်းများနေ ပါပြီ"

ကျောင်းဝင်းအတွင်း တိရစ္ဆာန်ကလေးများတိုးသံ ချိုးချိုးချွမ်ချွမ် မြည်နေသည်ကိုသာ နှစ်ယောက်သား နားထောင်နေကြသည်။

"ညီိုက စာလေးဘာလေး မရေးလိုက်ဘူးလား …" ဟုမေး၏။

"ညီိုက တတ်နိုင်ရင် သူ့အခက်အခဲကိုတောင် ရှင့်ကိုသိစေချင်တာ မဟုတ်ဘူး။ ကျမက မနေသာတော့လို့သာ လာအသိပေးရတယ်။ ရှင်တို့ လူတွေ တွေ့လိုက်ရပြီး အနှောင့်အယှက်မရှိ အဆင်ပြေခဲ့တယ်ဆိုတာကို ညီို ကျေနပ်မှာတော့ သေချာပါတယ်"





သူမ စကားကို သူ ခေတ္တတွေးနေသည်။ ပြီးမှ…

"နောက်တစ်ခါ ဒီနည်းနဲ့ မလုပ်သင့်တော့ဘူးလို့ ကျနော် နားလည် ပါတယ်ဆိုတာပဲ ပြောပါရစေ။ ညီို့ဂုဏ်သိက္ခာ ထိခိုက်စေမှုမှာ ကျနော် အဓိကတရားခံပါ ဆိုတာလည်း ဝန်ခံပါတယ်"

သူ့စကားကို မခင်အေး နားထောင်ပြီး သံဝေဂရသလို ညည်းသည်။

"တစ်ခါတစ်ခါ ရှင်တို့ယောကျ်ားတွေဟာ မိန်းမသားဆိုတဲ့ အတိမ်း အစောင်းမခံတဲ့ဖြစ်တည်မှုကို လေးနက်ဖို့ မေ့နေတတ်တယ်။ ဘာနဲ့တူသလဲ ဆိုတော့ ရေစိုရင်ပျက်တတ်တဲ့ ရေဆေးပန်းချီကားကို မိုးရွာထဲ ခေါင်းပေါ်တင် ဆောင်းပြီး ကိုယ်လိုရာခရီးသွားသလိုပေ့ါ"

သူ မချိပြုံးပင် မပြုံးနိုင်။

"ကိုယ်တို့အဖွဲ့တွေနဲ့ ချိန်းထားတယ်။ မောင်အုန်းသိန်းရန်က ရှင်းအောင် ဘယ်လိုလုပ်ရမလဲ"

ဟု ညီိုအား သူ မေးခဲ့ခြင်းသည်ပင် မလိမ့်တပတ်နှင့် မောင်အုန်းသိန်း အား ခေါ်ထုတ်သွားခိုင်းခြင်းမည်နေပြီ ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူ ချီတုံချတုံ စဉ်းစားနေစဉ်ပင် တစ်နံနက်ခင်း ညို ဆွမ်းပို့ရောက်လာသည်။

"ညို အဆူခံရတယ်…ဆို" ဟု သူ ကရုဏာသက်စွာ မေးသည်ကို ညို မသာယာသောမျက်နှာကို ဟန်မဆောင်ဘဲ…

"ရပါတယ် …။ အမေတို့က ညို့ကိုယုံတယ်။ အဲသလို မလုပ်ရဘူး ဆိုတဲ့သဘောပဲပြောတာပါ…"ဟု ဖြေသည်။

"ဟုတ်တယ် … ညို၊ ကိုယ်တို့ယောကျ်ားတွေက တစ်ခါတလေ မိန်းကလေးတွေအပေါ် ကိုယ်ထင်ချင်သလို ထင်လိုက်တာ"

"ထင်နေတာက တော်သေးတယ်။ ထင်နေတာကို လျှောက်ပြောတာက ပိုဆိုးတာ …" ဟု ညို စိတ်လက်ပင်ပန်းစွာ မှတ်ချက်ချသည်။

"ဘာပဲဖြစ်ဖြစ် ညိုရယ် ကိုယ့်အတွက်ဖြစ်ရတာမို့ ကိုယ့်မှာပဲတာဝန်ရှိတယ်။ ဒါပေမဲ့ နောက်တစ်ခါ ဖြစ်စရာအကြောင်းမရှိတော့ပါဘူး။ ကိုယ် ဒီဒေသက စွန့်ခွာပါတော့မယ် …"

ဟု သူ ဖွင့်ဟလိုက်မိသည်။

ကွမ်းသီးပင်ပေါ်မှ ရှဉ့်ကလေးခုန်ကူးသွား၍ ကွမ်းလက်လှုပ်ရှားသွားသည်နှင့်ထပ်တူ ညို့မျက်နှာ တည်ငြိမ်မှုပျက်သွားသည်ကိုတွေ့သည်။

"ဘာဖြစ်လို့လဲ … ။ ညို လစ်တာနဲ့လာနေမှာပဲ"

ဟု အစောတလျင် ပြန်မေးရင်း သူမဆန္ဒကို ပွင့်လင်းမှုတစ်ခုဖြင့် ဖော်ပြသည်။ သူ့စကားကို ကန့်ကွက်လိုသော မျက်လုံးများပင်ဖြစ်၏။

ကြံရည်ရောင် ဖဲအင်္ကျီ၊ ရွှေရောင်ထမီနှင့် နံဘေးမှာ ယဉ်ယဉ်ကျေးကျေး ထိုင်ကာ အဖော်ပြုပေးနေသည့် ထိုမိန်းကလေးအား စွန့်ခွာသွားလိုသည့်ဆန္ဒ သို့မဟုတ် သွားနိုင်သည့်သတ္တိ သူ့မှာ အလျှင်းမရှိကြောင်း ညို သိစေချင်လှတယ်။





သို့သော်…

"ကိုယ့်အလုပ် ကိုယ်စဉ်းစားကြည့်တယ် ညို …။ သံယောဇဉ်ကို အလိုလိုက်လို့မရဘူး။ အစာထက် အသက်ကိုတန်ဖိုးထားရမယ့် ငှက်လို ဖြစ်နေတယ်။ ညိုနဲ့ကိုယ် ဒီလိုပဲတွေ့နေကြရင် တစ်နေ့မဟုတ်တစ်နေ့ အန္တရာယ်က ခြေရာခံပါလိမ့်မယ်။ အထူးသဖြင့် သူရတို့လာရင် ကိုယ်တို့ အပေးအယူလုပ်တဲ့ စာစောင်တွေက လူမိလို့မဖြစ်ဘူး။ မသင်္ကာလို့ကြည့်မယ်ဆိုတဲ့ အခြေအနေကို ရောက်လို့မဖြစ်ဘူး"

"ဟုတ်တယ် … အုန်းသိန်းက သူ့အဖေကို လက်တို့လိုက်ရင် ကွဲခနဲ မိတော့မှာ …"

ညို့ရင်ထဲ အပူပန်ဆုံးအချက်ကို မထူးတော့ပြီဖြစ်၍ ထိုသို့ ဖွင့်ပြောကာ အုန်းသိန်းက သူမအား "ဖေသောင်းဟာ တောသားဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ ဘာလို့ လိမ်ပြောရတာလဲ"ဟု သူမ ဈေးကြီးကိုလိုက်ပို့ရန် ခေါ်ထုတ်ခဲ့စဉ်က အတင်းအကျပ် မေးနေခဲ့ကြောင်းပါ ပြောပြလိုက်သည်။

"ဟုတ်တယ် ညို … ကျောင်းသားတွေ အငြိမ်မနေဘဲ လှုပ်ရှားနေကြတာ အားလုံးသဘောပေါက်နေကြတော့ သူတို့သံသယဖြစ်ပြီး ဖမ်းစစ်လိုက်ရင် မိသွားနိုင်တယ်"

အခြေအနေအရပ်ရပ်အပေါ် ညို သဘောမတူဘဲ လက်ခံလိုက်ရပြီဖြစ်သည်။

"ဘယ်တော့သွားမှာလဲ…"ဟုသာ တိုးတိမ်သောအသံဖြင့် မေးကာ သူ့အား မရှင်ပျနိုင်သောမျက်နှာဖြင့် မော့ကြည့်နေသည်။

"မနက်ဖြန်ပဲ သွားတော့မယ်လေ။ သန်ဘက်ခါဆိုရင် သူရတို့လာကြဦးမှာပါ။ သူတို့မလာခင် သူတို့ဆီရောက်အောင် သွားရမယ်။ သူရတို့နဲ့ပဲနေပြီး ကျောင်းဖွင့်ချိန်အထိ ကြိတ်လှုပ်ရှားနေရမှာပဲ။ ညို့ကိုတော့ အခုကတည်းက နှုတ်ဆက်တယ်နော်…"

ဟု သူ တည်ငြိမ်အောင် ကြိုးစား၍ ပြောသည်။

"ဟုတ်ကဲ့…"ဟု တုံ့ပြန်သော ညို့အသံမှာ မထွက်ဖြစ်၍ ထွက်လာရသော နှုတ်ခမ်းမှာ တွဲလွဲခိုလျက် အမျှင်တန်းနေသယောင်။ ပြီးနောက် သူ့အား မကြည့်တော့ဘဲ ဒူးတစ်ဖက်ထောင်၍ ထိုင်နေလျက်ပင် ဒူးပေါ်မေးတင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တင်လျက် သူမရှေ့မှ ရေကြည်မြောင်းကလေးအား ငေးကြည့်နေ၏။ ခေါင်းငါးကလေးများ ရေမှော်ပင်အကြား တိုးဝှေ့ကာ လူးလာကူးနေကြသည်ကို သူမမြင်ပါလျက် ရေတွေနောက်ကုန်ပြီလားဟု တွေးမိနေသည်။

ဖေသောင်းသည် ညို့နံဘေးထိုင်နေရင်းမှ…

"ဒီမှာ ညို …" ဟု စကားစ၏။

ညို လှည့်မကြည့်၊ ဒူးတစ်ဖက်ထောင်ထိုင်နေသော ခြေကျင်းဝတ်ကို လက်နှစ်ဖက်ဖြင့် ပိုက်ထားလျက်ပင် ငြိမ်သက်နေဆဲ။

"ကိုယ် အခုပြောတာတွေ ညို မမေ့စေချင်ဘူး။ ညို အသေအချာနားထောင်ပါ …"

"ဟုတ်ကဲ့ …"ဟုဆိုကာ ညို မျက်လွှာချလျက် အခြား မည်သို့မျှ ထူးခြားမတုံ့ပြန်။

"ကိုယ်တို့မျက်စိထဲမှာ ဘယ်တော့မှ ကြည့်မဝနိုင်တဲ့ ရှဉ့်ကလေးတွေလိုပဲ ညိုဟာ ပြုံးမူနေထိုင်တတ်ခဲ့တယ်။ အမြီးဖားဖားကြီးတွေ တလွှားလွှားနဲ့ လျှောက်ပြေးနေတဲ့ ရှဉ့်ကလေးတွေ ကြည့်ကောင်းသလို ညို့ဆံပင်ဖားဖားကြီး ဝေဆာနေတာလည်း ကိုယ် သတိရနေမယ်"

ထိုသို့ ပြောနေစဉ်ပင် သစ်သီးတစ်လုံးကို မတ်တတ်ရပ်၍ ကောက်ကိုင်မိသွားသော ရှဉ့်ညိုကလေးမှာ ခွေ့ခနဲ သစ်ပင်ပေါ် ပြေးတက်သွားသည်ကို တွေ့လိုက်ကြရသည်။

"သပိတ်လွယ်ငှက်ကလေးလို သာယာတဲ့ ညို့စကားတွေကိုလည်း မမေ့ပါဘူး။ ပြီးတော့ ဒီရေကြည်မြောင်းကလေးလို အမြဲ ကိုယ့်အတွက် ကြည်လင်ခဲ့တဲ့ ညို့မျက်လုံးတွေကိုလည်း ကိုယ်အမြဲ မြင်ယောင်နေပါမယ်။ ပြီးတော့ ညို တည်ခဲ့တဲ့ ရေအိုးစင်ထဲကရေလို ကိုယ့်ရင်ကိုအေးမြစေတဲ့ ညို့အပြုံးတွေကိုလည်း ဘယ်တော့မှ မမေ့ပါဘူးဆိုတာ ညို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ကိုယ့်ဘက်က မပျက်နိုင်တဲ့ မှန်သောစကားပါ ညိုရယ်"

ညိုသည် သူ့စကားအဆုံး ဟင်းခနဲ သက်ပြင်းရှည်သာချလိုက်နိုင်၏။

"ညို ဘာပြောဦးမလဲ …"

ဟု သူ ဂရုတစိုက် မေးသည်။ ညို မပြောတတ်၍…

"ညိုလည်း သတိရနေပါ့မယ်…" ဟုသာ တိုးတိုးပြောသည်။





အတန်ကြာသည့်အထိ သူတို့စကားသံများအစား ငှက်ပေါင်းစုံတို့၏ ဘာသာဘာဝ တွန်ကျူးသံကိုသာ ကြားနေရ၏။

"ညိုသာ ရေအိုးစင်မတည်ခဲ့ရင် ခုလို နှုတ်မဆက်ချင်ဘဲ နှုတ်ဆက်နေရမှာမဟုတ်ဘူးနော်။ ဒါပေမဲ့ ရေအိုးစင်တည်မိတာ ညို နောင်တတော့ မရပါဘူး။ ဆုံပြီးခွဲကြရတာ ညို နားလည်ပါတယ်"

"ဒီလိုပါပဲ ညိုရယ် … နေးတာနဲ့မြန်တာပဲရှိကြတာပါ။ တွေ့တုန်းဆုံတုန်းမှာ ကိုယ့်အပေါ် စိတ်ချမ်းသာစရာတွေချည်းပေးခဲ့တဲ့ ညို့ကို ကိုယ်ကျေးဇူးလည်းတင်ပါတယ်။ ကိုယ်တို့ ပြန်ဆုံကြတဲ့အခါ ဘယ်သူက ပိုသတိရလည်းဆိုတာ ပြောခွင့်ရပါရစေလို့သာ ကိုယ် ဆုတောင်းပါတယ်"

"ညိုတို့ ဘယ်လိုပြန်ဆုံဦးမှာလဲ"

ဟု မေးသော ညို့မျက်လုံးများ စိုလျက်…။

"ညို ဆယ်တန်းအောင်ရင်လည်း တွေ့မှာပဲလေ။ မခင်အေးနဲ့ ကိုယ်လည်း အဆက်အသွယ်ရှိကြမှာပဲ။ ကိုယ်လည်း တစ်ချိန်ရောက်လာဦးမှာပါ"

အတန်ငယ် စိတ်သက်သာရသွားခြင်းကို ညို မဖုံးကွယ်။ ညိုဆုတောင်းနေပါမယ်ဟုသာ နှစ်သိမ့်လျက်ပြောနေသည်။ ညို ဘာပြော၍ ဘယ်လိုဆက်နေရမည်မသိ။

သူမ ထရပ်သည်နှင့် သူလည်း ထရပ်လိုက်ကာ…

"မနက်အစောကြီး ဦးလေးတို့ကို ကိုယ်လာကန်တော့မယ်။ ပြီးတာနဲ့ လာမယ့်ရထားနဲ့ ကိုယ်လိုက်သွားမယ်။ ညို အစောကြီး နိုးနေအောင် ကြိုးစားနော်…"

ဟု သတိပေးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညကလည်း ကောင်းစွာအိပ်မပျော်ခဲ့။ အရုဏ်တက် ကြီးမနိုးခင် သူမ ထ၍ ခြံဝဆင်းကာမျှော်မိသည်။ မကြာခင်ပင် ရောင်နီနှ မသန်းမီ ဖေသောင်း အိတ်တစ်လုံးကျောပိုးလျက် ဆိုက်လာ၏။ ခြံတံခါးဖွင့်ဝင်ပြီး ညို အသင့်ပြင်ထားသည့်ကော်ဖီကို သောက်သည်။

ညို့မိဘနှစ်ပါးကို သူ ကျေးဇူးတင်စကားပြောပြီး ကန်တော့သည်တွင်…

"အေးကွာ … မင်းတို့ကလည်း ဆက်လှုပ်ရှားနေတော့ ဒီအခြေအနေ ရောက်လာတာကိုး။ နေရာရွှေ့ရပြီပေါ့ကွာ။ ဘယ်ပဲရောက်ရောက် ဉာဏ်ပညာ ရှိရှိ ပြုမူနေထိုင်ပါ" ဟု ဦးရွှေခင်က မှာ၏။

ဒေါ်တင်တင်ကား ညိုအား ထမင်းကြော်ခိုင်းပြီး…

"သြော်… ငါ့မျောက်တွေ တစ်ကောင်တစ်ကွဲ ဖြစ်နေကြပြီပေါ့။ ဒုက္ခကိုပူးပေါင်းပြီး မရှာနိုင်ကြတော့ဘူး" ဟု ရေရွတ်သည်။

"မျောက်တွေက ဆော့ပေမယ့် သံယောဇဉ်တော့ ရှိတတ်ပါတယ် အဒေါ်ရယ် … "

"အေးပါဟယ်.. ငါလည်း နားမျက်စိနောက်လွန်းလို့သာ ပြောရတာ။ တကယ်တော့ နင်တို့ဟာ ကိုရွှေခင်သောက်တဲ့ ဆေးတံလိုပါပဲ။ အနားမှာ သောက်နေရင် ညှော်လွန်းလို့မောင်းထုတ်ရတယ်။ သူ မရှိရင်လည်း ညှော်နံ့လေးပဲ သတိရနေပြန်ရော"

သူ ရယ်၍…

"ကျနော် ညို့ကိုနှုတ်ဆက်ဦးမယ်။ ရထားလည်း လာတော့မယ်" ဆိုကာ မီးဖိုခန်းထဲဝင်သွားသည်။





ညိုမှာ ထမင်းကြမ်းအိုး၊ ဒယ်အိုး၊ မီးဖိုတို့ကြား ဆီပုလင်းကိုင်လိုက် မီးမွှေးလိုက်ဖြင့် ယောင်နေစဉ် သူ ဝင်လာသည်ကိုတွေ့၍…

"ခဏလေးနော်" ဟုပြောကာ ကမန်းကတန်း ယပ်ခပ်နေသည်။

"ထားလိုက်စမ်းပါ ညိုရယ်။ ဒီအချိန်မှာ ညို အလုပ်ရှုပ်ပြီး ကြော်နေတာကို ကိုယ် မစားရက်ဘူး။ တစ်မျိုးကြီးပဲ"

သူ့စကားကြောင့် ညို သူ့အား လှည့်ကြည့်ပြီး…

"ဟုတ်တယ်၊ ညိုလည်း တစ်မျိုးကြီးပဲ။ မလုပ်ချင်ဘူး။ ရင်ဘတ်ထဲမှာ ပူဆာဆာကြီး"

ဟု ဝန်ခံကာ လက်ထဲကိုင်ထားသမျှ လွှတ်ချလိုက်သည်။

"ညို ကိုယ့်ကို တစ်ခုခုပြောပါလား။ ညကစဉ်းစားထားတာ ဘာမှ မရှိဘူးလား။ ကိုယ်တို့ အမှတ်ရနေစရာ"

ညိုသည် နောက်ဖေးဘက်သို့ပြုကြည့်ရာ ရောင်နီသန်းနေပြီကိုမြင်၍..

"လာ … ညို ပြစရာရှိတယ်" ဆိုကာ…

သူ့အား မီးဖိုချောင်ထဲမှထုတ်၊ ရေကပြင်မှဆင်းကာ ဗူးစင်အောက် ခေါ်သွား၏။

"ဟိုမှာ ကြည့်စမ်း"ဟု ညွှန်ပြရာ ပုပ်၍မဲနေသော ဗူးသီးကလေး တစ်လုံးကိုသာတွေ့ရ၏။ သူ ညို့မျက်နှာပြန်ကြည့်သော် ညိုက သူမ အလေးအနက် ပြောလိုသည့် အကြောင်းအရာကို လွမ်းစဖွယ်စကားသံဖြင့် ပြောပြ၏။

"တွေ့လား၊ ဗူးသီးလေးပုပ်သွားပြီ"

ညို့စကားသည် ထိုမျှသာဖြစ်၏။

"သြော် …"ဟုသာ သူ တအံ့တသြ ရေရွတ်မိပြီး အတွေးများမှာ ရင်ထဲတိုးဝှေ့ရောက်လာသည်။

"ဒါ ကိုယ်လက်ညှိုးထိုးလို့ ပုတ်တာမဟုတ်ဘူး။ ပုပ်မဲ့အလုံးကို လက်ညှိုးထိုးမိတာ"ဟု သူငြင်းခုံလိုစိတ်မရှိတော့။ သူ အလျှင်အမြန် စဉ်းစား၍ သူ့စကားကို စောင့်စားနေသော ညိုအား ယခုလို စီကာပြောလိုက်မိသည်။

"ကိုယ်နောက်ဆိုရင် ဘယ်တော့မှ ဗူးသီးအကင်းလေးတွေကို လက်ညှိုးနဲ့ မထိုးတော့ပါဘူး ညိုရယ်။ ဗူးသီးနုနုလေးကို အမွှေးမသပ်ရဘူး ဆိုတာတော့ ကိုယ်ကြားဖူးလို့မသပ်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ညိုစိတ်ရှုပ်သွားဟန်ဖြင့်...

"ညို ဒါတွေ ပြောချင်တာမဟုတ်ပါဘူး"

ဟု ဆိုကာ ဗူးသီးအပုပ်ကလေးကို ခူးလိုက်သည်။ ပြီးနောက် ယူသွားဟု အမိန့်ပေး၏။ သူ အူကြောင်ကြောင်ဖြင့် ယူလိုက်ရသည်။

"ဒါ ညို့လက်ဆောင်လား။ ကိုယ် သိမ်းထားရမှာလား"

ညို မည်သို့မျှ ပြန်မဖြေ၊ နှုတ်ခမ်းကို မရယ်မပြုံးမိစေရန် သို့မဟုတ် မမဲ့မိစေရန် ခပ်တည်တည်ဖြစ်အောင် စေ့၍သာနေနေ၏။

"ယူသွားပါမယ်လေ... 'ညို' ဆိုတဲ့ ဗူးစင်မှာ ပျော်ရွှင်ခြင်း ဗူးသီးကလေးတွေ အများကြီးနဲ့ ဝေဝေဆာဆာနေခဲ့ပါ။ ကိုယ့်ကြောင့်ပုပ်သွားတဲ့ ပျော်ရွှင်ခြင်းတစ်ခုကိုတော့ ကိုယ်ကြည့်ပြီး နောင်တရနေပါ့မယ်"

ဟု သူ သရုပ်ဆောင်တစ်ယောက် ပြဇာတ်ထဲပြောသည့် အမူအယာဖြင့်ပြောကာ ညို့ကိုကြည့်သည်။

ဘာကြောင့်ဟု သူ မသိ။ ညို့ရှေ့မှ ခေါင်းငိုက်စိုက်ချသွားလိုစိတ်ကို အကောင်အထည်ဖော်ကာ အိမ်ရှေ့ခန်းပြန်ရောက်လာသည်။ သူ ဦးရွှေခင်တို့နှင့် နှုတ်ဆက်စကား ထိုင်ပြောနေစဉ် ညိုက ခန်းဆီးကြားမှ သူ့ကို ချောင်းကြည့်နေခဲ့၏။ သူပြန်ကြည့်သော် သူမ ထသွားကာ ကုက္ကိုပင်မှရေအိုးစင်ကို သန့်ရှင်းရေလုပ်နေတော့၏။

ရထားသံကြားသော် သူ အိမ်ပေါ်မှဆင်းလာသည်။ ညိုအား...

"ကိုယ်သွားပြီနော် ... ကိုယ်ပြောတာတွေ မမေ့စေချင်ဘူး။ ညို အိမ်ထဲ ဝင်နေလိုက်လေ။ တော်ကြာကိုယ့်ကို နှုတ်ဆက်နေတာ အုန်းသိန်း တွေ့သွားဦးမယ်။ မကြောက်ဘူးလား ..." ဟု စလိုက်သည်။

"အုန်းသိန်းမကလို့ အုန်းသိန်းအဖေပဲဖြစ်ဖြစ် ညိုမကြောက်" ဟု ပြောချင်သော်လည်း စကားသံမထွက်ဘဲ ရေအိုးစဉ်ကလေးရှိရာသာ သူမ သွားရပ်နေသည်။ သူ ရထားပေါ်တက်၍ လက်ပြသော်လည်း ညိုကသည်အတိုင်းပင် ပေကပ်ကပ်ရပ်နေဆဲ။ လက်နှစ်ဖက်ကို နောက်ဘက်ကပ်၍ ကုက္ကိုပင်ကိုမှီကာ အရုပ်တစ်ရုပ်လိုကျန်ခဲ့သော ညို့ဆံပင်ဖားဖားများမှာ ရထားရှိန်ကြောင့်လားမသိ လေထဲဝှေ့ဝဲကျန်ခဲ့သည်ကိုသာ သူကြည့်ရင်း လိုက်ပါသွားခဲ့ရတော့သည်။

* * *



## (၁၅)

မိုးဦးကျ ကျောင်းပြန်ဖွင့်သည်နှင့် သူ အိမ်ပြန်နေလိုက်သည်။

သူရတို့ထံနေရင်း ဆက်သွယ်မိသူများနှင့် ကျောင်းထဲပြန်ဆုံသည်တွင် တစ်ချိတစ်မောင်းပြန်စသည့် အရေးတော်ပုံပေါ်လာ၏။ မိုက်ဆာနေတုန်း ကိတ်မုန့်လာပေးသည်နှင့် တူလှသည်ဟုထင်ပြီး အားပါးတရ ဝင်နွှဲလိုက်သည်။ ယခင်တစ်ခါထက် အားကောင်းလာပြီဖြစ်၍ မကျေပွဲမှာ ပိုစည်ကားလာ၏။

မခင်အေးမှာ ကြောက်ကြောက်လန့်လန့်ဖြင့် လှမ်းမျှော်ကြည့်ရင်း လူပိုစည်ကားလာ၍ အနားသို့ကပ်ရင်း ဖေသောင်းကို တွေ့အောင်ရှာရသည်။ စီးပွားရေးတက္ကသိုလ် အဝင်ဝ၌ ပိုစတာတစ်ချပ်ထူနေသော ဖေသောင်းအား တွေ့၍ ကျောကိုလွယ်အိတ်ဖြင့် ပိတ်ရိုက်လိုက်သည်။

"ဟာ မခင်အေး လာလေဗျာ။ မိန်းကလေးတွေ အများကြီးပါနေပြီ လန့်မနေနဲ့"

ဖေသောင်း အားပါးတရပင် နံဘေးရှိ ဗလာစာအုပ်များကိုညွှန်ပြ၍ "စာအုပ်အလှူခံမလား၊ ကြွေးကြော်သံတွေ ရိုက်ရေးပေးမလား ကြိုက်တာလုပ်" ဟု ခိုင်း၏။

မခင်အေး စိတ်မရှည်တော့။

"ရှင့်ဟာတွေ ခဏထားပါဦးရှင်။ ညို့သတင်းလေး ဘာလေး မေးဖို့ သတိမရအောင် အလုပ်ရှုပ်နေပြီလား"

"ဟာ ဟုတ်တယ်၊ ညို နေကောင်းလား"

ဟု သူ မေးသော်လည်း လက်ထဲအလုပ်များကို မျက်နှာမလွှဲ။

"တော်ပြီ..." ဟုပြောကာ မခင်အေး လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … နေပါဦးဗျ။ ဒါလေးတွေ ယူသွားပါဦး။ အဆောင်မှာ လိုက်ဝေဗျာ" ဟု သူ တောင်းပန်ရင်း စာရွက်တစ်ထပ် လက်ထဲထိုးပေးသည်။

မခင်အေး ပို၍ စိတ်တိုကာ…

"ရှင် … ကိုဖေသောင်းမှ ဟုတ်သေးရဲ့လား"

ထိုစကားကြောင့် သူရ ရယ်ကာ…

"အေးလေဗျာ… ဖေသောင်းဘဝကို ဒီကောင် စွန့်လိုက်ပြီ" ဟု ဝင်ပြော၏။

"ရှင် အူကြောင်ကြောင် လုပ်မနေနဲ့။ ဖေသောင်းဟာ ဖေသောင်းပဲ။ တောဘူတာလေးက မပြောင်းလဲသေးဘူး။ ရှင် ပြောင်းလဲချင်လို့ ဘယ်ရမလဲ" ဟု ဆူဆူအောင့်အောင့် ကြိမ်းမောင်း၏။

"ကျနော် ဘာပြောင်းလဲလို့လဲဗျာ၊ မခင်အေးကလည်း"

"ရှင် စာလေးတစ်စောင်တောင် ဘာလို့ရေးဖော်မရလဲ"

"အာ လိပ်စာမသိ"

"ဘာ…ဘာလို့ မသိရမှာလဲ။ သူ့အဖေနာမည်နဲ့ ရုံပိုင်ကြီးဆိုရင် ရောက်ပြီပေါ့။ ရှင် ကျမတို့ တောဘူတာလေးကို မမှတ်မိလောက်အောင် ရူးသွားပြီလား"

"ဟာ ဟုတ်သားပဲဗျာ…"ဟု သူ အရှက်ပြေ ရယ်နေသော်လည်း မခင်အေး ကျေနပ်မှု လုံးဝမရပေ။

"ရှင့်ကို အုန်းသီန်းအဖေလက်ထဲ အစောကြီးထည့်အပ်လိုက်ရင် အကောင်းသား…"

ဟု မခင်အေး ရေရွတ်ရင်း တစ်ရှူးထိုး ထွက်သွားသည်။

ဖေသောင်း မှာ…

"ဟာဗျာ ရေးလိုက်ပါမယ်၊ မအားသေးလို့ပါ"ဟုသာ ဆင်ခြေပေးရင်း လက်စအလုပ်များနှင့်ကျန်ခဲ့၏။

* * *





"အလှူခံဖို့လာနေတယ်"ဟူသော သတင်းကြောင့် မခင်အေး တွေ့သမျှ ပိုက်ဆံဆွဲကာ အဆောင်ပေါ်မှ ပြေးဆင်းလာပြီး ဝေဖာတစ်ထုပ်ဝယ်လိုက်သည်။ တောင်းတစ်လုံးကို ဝါးလုံးလျှိုထမ်း၍ စိုက်စိုက်လာနေသော ဖေသောင်းနှင့် သူရကိုမြင်သော် သူမ လက်တွန့်သွား၏။

တောင်းထဲတွင် ငှက်ပျောသီးနှင့် မုန့်ထုပ်များ တွေ့ရသည်။

"ရှင် မစားနဲ့…"ဟု ဆူအောင့်အောင့်ပြောကာ မခင်အေး တောင်းထဲ ထည့်လိုက်၏။ ဖေသောင်း ရယ်ကာ…

"ဝေဖာ ကျနော်ကြိုက်တယ်ဗျ၊ စားမှာပဲ"ဟု ပြန်နောက်၏။

"ဒီလိုမှန်းသိရင် ရှင့်အတွက် မှန်တစ်ချပ် လှူလိုက်ချင်တာ"

မခင်အေးစကားကို ဖေသောင်း နားမလည်…။

"ဘာလုပ်ဖို့လဲဗျ။ ကျနော် ရုပ်ရည်လှပတာ ကျနော် သိပြီးသားပဲ။ ကျောင်းထဲလာလေဗျာ၊ တရားပွဲရှိနေတာပဲ …" ဟု ခေါ်သည်။

သူမ တရားပွဲမကြာခဏ နားထောင်သော်လည်း ရှင်းမပြချင်။ ဖေသောင်းအား စိတ်တို၍…

"ရှင့်ရုပ်ကို ပြန်ကြည့်ဖို့မဟုတ်ဘူး။ ကျောခိုင်းရာမှာ ဘာဖြစ်ကျန်ခဲ့မှန်း မသိသူအတွက် နောက်ကြည့်မှန်တစ်ချပ် လှူချင်တာ"

ဟု ဆောင့်ကြီးအောင့်ကြီး ပြောလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ္ရီးရွီးနှင့် လေတိုးသံများကြားမှ စကားများကို ညို အားစိုက်နားထောင်နေရသည်မှာ အားမလိုအားမရ ရှိလှသည်။ ရေဒီယိုလိုင်းမှာ ပြည်ပခရီးဝေးမှလွှင့်ထုတ်နေ၍ တိုးတစ်ခါ ကျယ်တစ်လှည့်။ ကြားရသမျှနှင့်ပင် ညိုမျက်စေ့ထဲ ပုံဖော်ကြည့်သည်။ အများနည်းတူ လှုပ်လှုပ်ရွရွ ဖြစ်နေသော ကျောင်းသားအုပ်ထဲ ဟိုပြေးဒီပြေး လုပ်နေမည့် ဖေသောင်းကို မှန်းဆကြည့်ရင်း အသည်းတထိတ်ထိတ် ဖြစ်လာ၏။

"ညို ရန်ကုန်သွားကြည့်ချင်တယ်"

အဖေ့အား မပူဆာစဖူး ပူဆာမိသည်။

အဖေသည် "အင်း…"ဟု သံရှည်ဆွဲပြီး…

"ဘယ်သူ့ဆီမှာနေမလဲ။ နင့်ဒေါ်လေးတွေအိမ်နဲ့ ကျောင်းကလည်း အဝေးကြီး။ ဘယ်သူ့ လိုက်ပို့ခိုင်းမလဲ …"ဟု ပြန်မေး၏။

"မခင်အေး ရှိတာပဲ။ သူ့အဆောင်ကိုသွားရင် မရဘူးလား"

ဆန္ဒပြင်းပြနေသော သမီးအတွက် ဦးရွှေခင် အကြံထုတ်နေစဉ်၊ ဒေါ်တင်တင် ထ၍…

"ဟဲ့ မျောက်က ဒုက္ခအထုပ်သွားမဖြည်နဲ့ဦး …၊ ရောယောင်ပြီး အဆွဲခံရလို့…"

ညို မျက်နှာစူ၍ ညို ကြည့်ချင်တယ်… ညို ကြည့်ချင်တယ်… ဟူ၍သာ တစာစာ အော်နေသည်။

* * *



(၁၆)

လက်ခုပ်သံတဖျောင်းဖျောင်းနှင့် ကျောင်းသားပရိသတ်ထဲ အရပ်ထဲမှ မိန်းမလူကြီးများနှင့်အတူ ညို ဝင်သာလာရသည်။ ရင်က တဒိတ်ဒိတ်ခုန်နေဆဲ။ မခင်အေး လက်ကို မလွှတ်တမ်းကိုင်၍ အဓိပတိလမ်းပေါ် ညို ရောက်လာချိန် အပန်းဖြေရိပ်သာရှေ့တွင် အသံချဲ့စက်တင်ထားသည့် စင်မြင့်နှင့်အတူ ဖွေးနေသော ကျောင်းသားပရိသတ်ကိုမြင်၍ အားတက်လာသည်။

"ဘာမှမကြောက်နဲ့ ငါရှိတယ် …"

ဟု မခင်အေး အားပေးရင်း ဖေသောင်းဆိုသည့် လေလိုအဖမ်းရခက်သူကို ဘယ်လိုမိအောင်ကြံရပါ့ဟု တွေးပူနေမိ၏။ စာကြည့်တိုက်သစ်ရှေ့တွင် ညို့အား နေရာချကာ…

"ဒီမှာ ထိုင်နေနော် …။ ဘယ်မှ မသွားနဲ့။ ငါလိုက်ရှာလိုက်ဦးမယ်"

ဟု မှာကာ ညို့အား မခင်အေး ထားရစ်ခဲ့သည်။

အခုနေ ရုတ်ရုတ်သဲသဲ ဝင်ဖမ်းရင်ဒုက္ခပဲ။ ငါတော့ ဘယ်ပြေးရမှန်း မသိဘူးဟု အားငယ်ရင်း တရားပွဲမှဟောပြောချက်ကို အာရုံစိုက်မိသည်။

"အဓိပတိလမ်းကစခဲ့တဲ့ ပထမအကြိမ် ကျောင်းသားသပိတ်ကပဲ ကိုလိုနီစနစ် ထမ်းပိုးအောက်မှ လွတ်မြောက်ရေးအတွက် မီးရှူးမီးပန်းဖြစ်ခဲ့တယ်"

ဟု အစချီကာ ဟောပြောနေသော ကျောင်းသားတစ်ဦး၏စကားဝယ် မျောပါရင်း ညို အကြောက်ပြေလာသည်။

ဝေါခနဲ ပွဲလှန့်လိုက်၍ ရုတ်ရုတ်သဲသဲ ဖြစ်သွားသော ပရိသတ်ကို ကျောင်းသားများ ပျာပျာသလဲ ထိန်းနေရ၏။ ညိုမှာ ထိုင်ရာက ထပြီး အားကိုးရာမဲ့ ပြေးပေါက်ရှာနေရသည်။ မခင်အေးမှာ စိတ်ပူပြီး ချက်ချင်း ပြန်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မပြေးနဲ့ ညို ဘာမှမဖြစ်ဘူး။ တွေ့အောင်ရှာပြီး ငါ့သူ့ကို ပြချင်တယ်"

ပရိသတ်ပြန်ငြိမ်သော် မခင်အေး ပြန်ထွက်သွားသည်။ ညို ရင်တဖိုဖို ကျန်ခဲ့ပြန်၏။ ဟိုဘက်က ဝိဇ္ဇာဆောင်တွေဆိုတော့ ကိုဖေသောင်းတို့ စာသင်ဆောင်က ဒီဘက်ကပေါ့ဟု သူမ လှမ်းမျှော်ကြည့်လိုက် ဟောပြောချက်များကို တလန့်လန့်နှင့် နားထောင်လိုက်။

လေးဘီးကားတစ်စီးပေါ် လှမ်းတက်လိုက်သည့် ဖေသောင်းကို မြင်၍ "ကိုဖေသောင်း"ဟု မခင်အေး ကျယ်လောင်စွာ ဟစ်ခေါ်လိုက်သည်။

ဖေသောင်း လှည့်ကြည့်ပြီး...

"ဟာ... လိုက်မလား၊ အာစီသရီးကအဖွဲ့တွေကို သွားကြိုမလို့"

ဟု ဖိတ်ခေါ်သည်။

"ညို ရောက်နေတယ်။ စာကြည့်တိုက်ရှေ့မှာ စောင့်နေတယ်။ လိုက်ခဲ့..."

သူ့မျက်နှာပေါ်မှ အံ့ဩသွားခြင်းလက္ခဏာကို မခင်အေး မြင်လိုက်ရ၍ ကျေနပ်မိသည်။

သူ ကားပေါ်မှ ပြန်ဆင်းရမလိုလို ဖြစ်နေ၏။

"ဟေ့ကောင် လိုက်ခဲ့ဦးလေကွာ၊ ဟိုမှာ ချိန်းထားပြီးတော့"

ဟု ထွန်းသက်က သတိပေး၏။ သူ ဆင်းမည်ပြုပြီး တန့်နေသည်။

မခင်အေး ထွန်းသက့်ကို မျက်စောင်းထိုး၍...

"ရှင်တို့ဘာသာ သွားခေါ်ကြပါလား။ ဟိုမှာ လိုက်လာရတာတော့ သနားပါတယ်" ဟု ငေါက်ဆတ်ဆတ် ပြောလိုက်၏။

တွေဝေနေသော ဖေသောင်းအား ထွန်းသက်က...

"ဟေ့ကောင် ပြန်လာမှတွေ့တော့။ ကိုယ်ရေးကိုယ်တာ ဦးစားမပေးနဲ့။ ဟိုမှာ ချိန်းထားတာ မင်းပါမှဖြစ်မယ်" ဟု သတိပေးသည်။

"ဘာလုပ်နေတာလဲ၊ ဆင်းခဲ့လေ။ ဟိုမှာနေပူကြီးထဲ တစ်ယောက်တည်း"

စိတ်မရှည်ဘဲ ဟောက်လိုက်သော မခင်အေးအား သူ မျက်နှာချိုသွေး၍...

"အခု ချက်ချင်း ပြန်ခဲ့မယ်ဗျာ။ ရော့ နေပူရင် ဦးထုပ်ကလေးဆောင်း





ပေးထားလိုက်..."

ဟု ဆိုကာ ခေါင်းပေါ်ဆောင်းထားသောဦးထုပ်ချွတ်၍ ကမ်းပေးပြီး ကားပေါ်ပါသွားတော့၏။

မခင်အေးမှာ အငိုက်မိပြီး ယူမိသောဦးထုပ်ဖြူကိုသာ ဒေါမာန်ပါပါဖြင့် လုံးချေလျက် တောက်ခနဲ တက်ခေါက်ကာ...

"အေးပါ ရှင့်ထိုက်နဲ့ ရှင့်ကံ နောက်မှ အဆိုးမဆိုနဲ့။ အခုတော့ ညို့ထိုက်နဲ့ ညို့ကံပါ" ဟု အော်ဟစ်ကျန်ခဲ့သည်။

ကား၏ နောက်ကြည့်မှန်ထဲကျန်ခဲ့သော မခင်အေးအား ဖေသောင်း မကြည့်ရဲ ကြည့်ရဲ ကြည့်ရင်းပင် ဝေး၍ကွယ်ပျောက်သွားရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



“ရော့ … ဒီမှာ နှလုံးသားမရှိသူတစ်ယောက်ရဲ့ကြင်နာမှု”

နေပူထဲဖြတ်လာရ၍လားမသိ။ မခင်အေးမျက်နှာ နီမြန်းလျက် လက်ထဲပါလာသော ဦးထုပ်ကို ညို့ထံပေးသည်။ ဖေသောင်း ဆောင်းနေကျ ဖြစ်၍ ညို မှတ်မိပြီး အငမ်းမရ လှမ်းယူလိုက်သည်တွင် ရင်ထဲနွေးထွေးစွာ ခံစားလိုက်ရ၏။

“သူ မလာဘူးလား … မမအေး”

“သူလား၊ အေး နောက်ကြည့်မှန်မပါတဲ့ ကားတစ်စီးပေါ် ပါသွားတယ်”

ခပ်ဆတ်ဆတ်နိုင်သော မခင်အေးစကားကို ညို မေးခွန်းပြန်မထုတ်ပုံ။ ဦးထုပ်ဖြူကိုသာ ရင်ဝယ်ပိုက်၍ တရားပွဲဘက် အာရုံပြန်ပို့ကြည့်သော်လည်း မရ။ အတွေးစုံဖြင့် ရှုပ်ထွေးနေသည်။

မခင်အေးက…

“လာ သွားကြမယ် …” ဟု ဆိုကာ ထရပ်၏။

“ဟာ ဘာဖြစ်လို့လဲ၊ ညို နားထောင်ချင်လို့ လာခဲ့ရတာ”

ညို့စကားကို မခင်အေး သနားသော်လည်း ဖေသောင်းကို ထုရိုက်၍ အမှုန့်ကြိတ်ပစ်ချင်စိတ်က မကုန်သေး။ ဖေသောင်း လာရှာရင်မတွေ့ဘဲ ယောင်ချာချာဖြစ်နေအောင် လုပ်ချင်လှသည်။

“လာစမ်းပါ … နင် ကလဲ့စားမချေချင်ဘူးလား။ ချေရမယ်။ ကလဲ့စားဆိုတာ မသိတတ်သူတွေအတွက်ချေဖို့ လိုကိုလိုတဲ့ ဆုံးမနည်းပဲ။ လာခဲ့ …”

မခင်အေး အတင်းဆွဲခေါ်ရာ ညို ပါလာခဲ့သော်လည်း မရေရာမှုတို့က ကြီးစိုးနေ၍ မျက်လုံး ကလယ်ကလယ် ဖြစ်နေသည်။





“ဦးထုပ်ဆောင်းထား နေပူတယ်။ ဒါပေမဲ့ သူ့ဦးထုပ်လို့ မမှတ်နဲ့”

ဟု မခင်အေး အမိန့်ပေး၍ ဆောင်းလိုက်ရသော်လည်း ကိုဖေသောင်း ဦးထုပ်၊ ကိုဖေသောင်းက ငါ ဆောင်းဖို့ပေးလိုက်တာဟူသော နွေးထွေးကြည်နူးမှုကို သူမ မဖျောက်ချင်ပေ။

စာကြည့်တိုက်ရှေ့သို့ လှမ်းမြင်ရသည့်နေရာသို့ရွှေ့ရင်း သူမတို့ ဆက်နားထောင်ကြ၏။

“ဆဲဗင်းဂျူလိုင်က စခဲ့တဲ့ စစ်အာဏာရှင်အောက်က လွတ်မြောက်ရေး လှုပ်ရှားမှုဟာ တို့နောင်တော် အစ်မတော်တွေရဲ့ သွေးနဲ့ ရေးခဲ့တာ။ ဘဝတွေနဲ့ ရင်းပြီး အရိုးတွေနဲ့ခင်းထားခဲ့တာ” ဟူသော ဟောပြောချက်ဖြင့် နောက်ကျောင်းသားတစ်ဦး တက်လာပြန်သည်။

“ဦးသန့်နဲ့ မှိုင်းရာပြည့်အရေးတော်ပုံတွေနဲ့ လက်ဆင့်ကမ်းခဲ့တာ၊ ငါတို့ရဲ့တာဝန်ကို စက်မှုကျောင်းသား ကိုဖုန်းမော်က သွေးနဲ့မီးရှူးဖောက်ပြီး အချက်ပေးခဲ့ပြီ။ ငါတို့ခေတ်မှာ အပြီးအပြတ်တိုက်ကြမယ်”

ဟု ဆက်လက် ဟောပြောလာသည်။

ညို့အတွက် ခံပြင်းစရာများ၊ လှုပ်ရှားစရာများ၊ ရင်နာစရာများ တစ်ခုပြီးတစ်ခု နားထောင်နေရပြီး တဖြောင်းဖြောင်း လက်ခုပ်သံများနှင့်အတူ တိုက်ပွဲဝင်ရဲတယ်မဟုတ်လား။ အခု အကျဉ်းထောင်ထဲမှာရှိနေတဲ့ ငါတို့ရဲဘော် ကျောင်းသားတွေကြားအောင်၊ လွတ်မြောက်ရေးတိုက်ပွဲတွေ အသက်ပေးခဲ့တဲ့ ငါတို့နောင်တော် အစ်မတော်တွေရဲ့ ဝိညာဉ်တွေကြားအောင် ကြွေးကြော်ကြမလားဟူသော မေးသံ၊ စင်အောက်မှာကျောင်းသားထု၏ လိုက်မယ်၊ တိုက်ပွဲဝင်မယ်ဟူသော ကတိပေးသံများနားထောင်ရင်း သူမပါ အားတက်လာသည်။

ရပ်ဟန်းတစ်ပါးဟောပြောရန် တက်လာလိုက်၊ တော်ကြာ ထပ်မံချီတက်လာသည့် ကျောင်းအသီးသီးမှ ကျောင်းသားများကို လက်ခုပ်တီးကြိုဆိုလိုက်နှင့် ကျောင်းဝင်းတစ်ခုလုံးနှင့်အတူ ညို့ရင်ထဲမှာ လှုပ်ရှားနေသည့်ကြားမှ စာကြည့်တိုက်ရှေ့သို့ ကြည့်၍ ရှာဖွေရသည်မှာ အမောသား။

* * *



www.burmeseclassic.com

www.burmeseclassic.com



အလျင်လို အနေးတွေ့သလိုဖြစ်နေပြီ။

လိုက်ချင်သူများကိုခေါ်ရန် ဘတ်စ်ကားငှားရသည့်တာဝန်ပါ ဖေသောင်း ယူရ၏။ လွယ်လွယ်နှင့်မရ။ နောက်ဆုံးမှ ဟီးနိုးတစ်စီးရလာ၍ အမောတကောခေါ်ကာ တင်လာရသည်။ စိတ်ထဲ၌ အလုပ်ကတစ်ဖက် ညီ့အတွက် အားနာရသည်ကတစ်ဖက်။ ကျောင်းဝင်းထဲ ပြန်ရောက်၍ စာကြည့်တိုက်ရှေ့ ပြေးမည်ကြံကာမှ ပြဿနာကပေါ်နေသည်။

"ဟော့ကောင် စင်ဘေးမှာ လုံခြုံရေးယူကွ၊ ပွဲဖျက်မယ့်ကောင်တွေ အားစမ်းနေပြီ"

သချ်ာအဖွဲ့များ အရေးတကြီး သတင်းပေး၍ သူ စုံစမ်းကြည့်ရာ "ကျောင်းသားရေးပဲလုပ်မယ်၊ နိုင်ငံရေးမဟောပြောနဲ့"ဟုဆိုကာ သူတို့တစ်ခါမှ မမြင်ဘူးသူတစ်စုက စင်ကို တက်သိမ်းရန်ကြံခြင်းပင်။ ဖေသောင်း စင်နံဘေး တင်းကျပ်သောလုံခြုံရေးစည်းမှာ လက်ချင်းချိတ်၍ ကာကွယ်ထားရသူတွေထဲ ပါဝင်နေရ၏။

ဗိုက်က တဂွီဂွီမြည်လာမှ ထမင်းမစားရသေးမှန်း သိလာသည်။ စင်အောက်ရှိ ထမင်းထုပ်များမှ တွေ့ကရာအထုပ်လှမ်းဆွဲ၍ တစ်ယောက်က လိုက်ခွဲကျွေး၏။ ဖေသောင်းတို့ လက်တွဲမဖြုတ် ကာရံထားရင်း ပါးစပ်ကဝါး မျက်စိက လျှင်လျှင်ထားရသည်။ ဘဲဥတစ်လုံးနှင့် ထမင်းလေးငါးလုပ်ဝင်သွားပြီ၊ သူ ခေါင်းရမ်းပြလိုက်ရ၏။ စင်အံနောက်မှာ ကြိတ်၍ဖြစ်နေသော ပြဿနာကို ပရိသတ်မသိရန် ဖုံးဖိလျက် သူရတို့အဖွဲ့ ပျာယာခတ်နေသည်။

"ကြည့်စမ်း၊ ခုနကပဲ အာစီသရီးအဖွဲ့တွေလာတာ ငါတွေ့ပါတယ်။ ဘယ်မှာလဲ ကိုဖေသောင်း။ စာကြည့်တိုက်ရှေ့ကို မရောက်လာဘူး။





ဘယ်လောက်နေစိမ့်လဲဆိုတာ"

အရာရာကို မျက်စိသူငယ် နားသူငယ်နှင့်ကြည့်နေရသော ညီမှာ မခင်အေး စကားကြောင့် စိမ်းကားခြင်း ဓားပါးနှင့် သူ့မရင်တွင်း အမွှန်းခံနေသည့် ဝေဒနာကို အသိအမှတ်မပြုချင်ဘဲ ပြုလိုက်ရပြီဖြစ်သည်။

"ငါတို့လည်း ဆာလှပြီ။ လာ… တစ်ခုခုသွားစားရအောင်"

မခင်အေးခေါ်ရာ ညီ့မှာ ဦးထုပ်ကလေးဆောင်း၍ ကုပ်ကုပ်လိုက်ခဲ့ရ၏။ စင်ပေါ်တွင် ဒိုးပတ်များတီး၍ ကျောင်းသူသုံးယောက်ခန့် သီချင်းများဆိုနေသည်။ ဟုတ်တိပတ္တိ သီချင်းမတိုက်ရဘဲဆိုရသည်မို့ အသံမမှန်၊ ကျောင်းသူများမှာလည်း မရဲတရဲဖြစ်နေ၍ ညီ ဝိုးတဝါးသာ ကြားရသော်လည်း 'ဟယ် နေဝင်းရဲ့' ဟူသောအသံကို အတိအကျကြားလိုက်၍ကျောချမ်းသလိုဖြစ်မိ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ညို ... ညို၊ မခင်အေး လာလာ ဒီကိုလာ"

စင်နောက်ဘက် သူမတို့ဖြတ်လျှောက်ချိန် ရှုပ်ထွေးနေသော ကျောင်းသားအုပ်ကြားမှ ခေါ်သံကြောင့် လှည့်ကြည့်ကြသည်။ ဖေသောင်းမှာ စင်နောက်ဘက်၌ အခြားကျောင်းသားများနှင့်အတူ လူတံတိုင်းသဖွယ် လက်ချင်း ချိတ်ကာထားရာမှ သူမတို့အား မချင့်မရဲ ခေါ်နေခြင်းပင်။

"ရှင့်ဆီလာတာ မဟုတ်ဘူး။ ဘာမှ မစားရသေးလို့ သွားစားမလို့"

မခင်အေး ပြန်အော်ပြီး ညို့လက်ကိုဆွဲခေါ်သည်။ လှည့်ကြည့် လှည့်ကြည့်နှင့် ဒရွတ်ဒရွတ်ပါသွားသော ညို့မျက်လုံးကလေးများကို မြင်၍ ဖေသောင်းရင်ထဲ လှုပ်ခါသွားသော်လည်း အခြေအနေအရ သူတတ်နိုင်တာ ကိုသာ လုပ်လိုက်ရသည်။

"ဟော့ ဟော့ ဒီမှာ ထမင်းနှစ်ထုပ်လောက် ပေးလိုက်ပါကွာ။ ငါ့ညီမလေး တောကတောင် လာအားပေးတာ ဘာမှမစားရသေးလို့ပါ"

ထမင်းထုပ်နှင့် အနီးဆုံးကျောင်းသားက တောင်းထဲမှာပုံနေသော အထုပ်နှစ်ထုပ်ဆွဲ၍...

"ဘယ်မှာလဲ"ဟု ပြန်မေးသည်။

"ဟိုမှာ ဟိုမှာ ဦးထုပ်အဖြူလေးနဲ့ ..."ဟု မေးငေါ့သာပြနိုင်သည်၊ လက်မဖြုတ်ရဲ။

မခင်အေးက...

"နေပါစေ ကျွန်မတို့ဝယ်စားမယ်"

ဟု ထိုကျောင်းသားအား ယဉ်ယဉ်ကျေးကျေး တုံ့ပြန်သော်လည်း...

"အစ်မတို့ တောကတောင် လာအားပေးတာဆို စားပါ။ အများကြီး





ရှိပါတယ်..." ဟု အတင်းပေးသည်။

မခင်အေးက တွန့်ဆုတ်နေစဉ်ပင် ဖေသောင်း၏ အားတောင့်အားနာ မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရသော ညိုမှာ လက်ထဲရောက်လာသည့်အထုပ်ကို ယူလိုက်၏။ မခင်အေးက ဖေသောင်းကို အားရအောင် မျက်စောင်းလက်နက်ဖြင့် ပစ်ခတ်ခဲ့ပြီး ပြန်ထွက်လာခဲ့သည်။

ဖေသောင်းကား...

"မနက်ဖြန် ကျနော် မခင်အေးအဆောင်ကို စောစောလာခဲ့မယ်။ ညို စောင့်နေ လာခေါ်မယ်။ စကားတွေလည်းပြောရအောင် ..." ဟု သာ လှမ်းအော်ကျန်ခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

တကယ်တမ်းကျတော့ မနက်ဖြန်ဆိုတာ မရေရာသော ကာလတစ်ခုသာဖြစ်မှန်း ညို့ အခုတော့ နားလည်သွားပြီဖြစ်သည်။ တစ်ညလုံးအိပ်မရအောင် နေ့ခင်းက အာရုံများဖိစီးထားခဲ့သည်ကို မငြင်းပယ်ဘဲ ပြန်ခံစားရင်း ညသည် လွန်ခဲ့သည်။ မနက်ဖြန်တော့ ကိုဖေသောင်းနှင့် စကားအေးဆေး ပြောခွင့်ရမှာ သေချာတယ်။ ငါလည်း တစ်ခုခုဝိုင်းလုပ်ပေးချင်တယ်လို့ ရအောင်ပူဆာရမှာပဲ။ ဒါမှ ငါလည်း ကျောင်းသူတစ်ယောက်အနေနဲ့ တာဝန်ကျေမယ်ဟုတွေးကာ ကိုဖေသောင်းကို ပြောရမည့်စကားကို စီကာပတ်ကုံး စဉ်ကြည့်နေခဲ့သည်။

"ကိုဖေသောင်းကိုလေ ... ညို အရမ်းစိတ်ကုန်နေတာသိလား။ ဘာမှလည်း ညို့အပေါ်မှာ မခင်တတ်ဘူး။ ညို့ကို နေပူခံဆောင်းတဲ့ ဦးထုပ်လောက်တောင် အလေးမထားဘူး။ ဦးထုပ်ကိုတောင် ညစ်ပေနေရင် သန့်စင်ဖို့ သတိရချင်ရမယ်။ ညို့ကိုတော့ တွေ့တုန်းက ပြောချင်တာပြော လုပ်ခဲ့ပြီး ညို လိုက်လာတာတောင် ဂရုစိုက်ဖော်မရဘူး" လို့ ညို စဉ်းစားပြီး ဝမ်းနည်းနေတာ။ ဒါပေမဲ့ ကိုဖေသောင်းက ညို့ကိုမြင်တော့ မလာနိုင်ပေမယ့် "ငါ့ညီမလေး တောကတောင်လာအားပေးတာကွာ ထမင်းထုပ်ပေးလိုက်ပါလို့ ပြောလိုက်တဲ့ မျက်နှာလေး ညို မြင်လိုက်ရလို့ အားလုံးအရည်ပျော်သွားရော"ဟု သူမ ဝန်ခံရန် ဆုံးဖြတ်ထားသည်။

ဟောပြောစင်မြင့်နှင့် မလှမ်းမကမ်း သစ်ပင်ရင်းတွင် ထမင်းထုပ်ကို ဖြည်စားရင်း ဟောပြောချက်များ နားထောင်လိုက် ဖေသောင်းထံလှမ်းကြည့်လိုက်လုပ်နေသော ညို့အား မခင်အေးက မသက်မသာမျက်နှာဖြင့် ကြည့်ကာ...

"နင် ဒီလို ထိုင်စားနေတာ ငါမြင်ရတာ ဝမ်းနည်းသလိုကြီး" ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နည်းတူ ကြုံရာနေရာ ထမင်းထုပ်ဖြည်စားနေသူ အများကြီး ရှိပါလျက် ဘာကြောင့် ထိုသို့ ပြောသည်မသိ။ အဝေးကလာတဲ့သူတွေကို ကျွေးကြပါကွာ။ တို့က ကျောင်းခံတွေ ကိစ္စမရှိပါဘူးဟူသော ပြောသံများဖြင့် ဝေငှပေးနေသည်ကိုလည်း မြင်ပါလျက်။

"ငါပြောချင်တာက နင်ဟာ ကိုဖေသောင်းဆီက ရတာဆို ဘာမဆို... ကျေနပ်လိုက်တာပဲ။ ရောင့်ရဲလိုက်တာပဲ။ ငါ့မျက်စိထဲမှာ နင် ထမင်းစားနေတာ ဟာ ကလေးလေးတစ်ယောက် အရိုက်ခံရပြီး မျက်ရည်စက်လက်နဲ့စားနေတာ ကြည့်ရသလိုပဲ ငါ စိတ်မကောင်းဘူး"

မခင်အေး စကားကြောင့် ညို့ရင်ထဲ ဖွတ်နစ်ထားရသော အရာတစ်ခု ဘွားခနဲ ပေါ်လာသည်။ ထိုအရာသည် စိမ်းကားခြင်းကြိမ်လုံးဖြင့် နာနာနက်နက် ထားရသော သံယောဇဉ်ကလေးပင်။ ကလေးငယ်၏ မျက်ရည်စိုမျက်နှာ၊ တိုးတိမ်တိမ် ရှိုက်သံပင်ဖြစ်သည်ဟုလည်း သူမဘာသာ သိခဲ့ပြီးသားပင်ဖြစ် သည်။

ညို ဘာမှ ပြန်မပြောဖြစ်။ သူမ မကြိုက်သော ငါးတစ်တုံးနှင့် ဟင်းရည်ကျဲသာပါသော ထမင်းထုပ်ထဲမှ အရွက်အဖတ်များကိုသာ ဝါးစားရင်း အဆာလွန်နေသည့် ပြဿနာကို ရှင်းနေလိုက်သည်။

"တကယ်တော့ သံယောဇဉ်အစစ်မှာ ကလဲ့စားမရှိဘူးဆိုတာ ငါ သဘောပေါက်သွားပြီ။ အာဃာတမရှိဘဲ ကလဲ့စားဘယ်လိုရှိပါ့မလဲဆိုတာ ငါ မစဉ်းစားခဲ့ဘူး ညို့ရေ ..."

မခင်အေးသည် ဝက်ဘာတစ်ခု၏ ထွက်ပေါက်ကိုမြင်၍ ထွက်သွားသူ တစ်ဦးနှယ် ထိုသို့ ရေရွတ်၏။ ညိုကား ဝက်ဘာထဲ မျက်စိလည်ကောင်းတုန်း ဆိုတာ ညိုသာ သိပါသည်။

* * *





မနက်လင်း၍ မခင်အေးကိုမျှော်သော်လည်း ရောက်မလာ။ ညို့ ဘာသာသွားရန်လည်း ဒေါ်လေးတို့က မလွှတ်ရဲ။ နေမြင့်သည်နှင့်အမျှ သတင်းစုံရောက်လာသည်။ ကျောင်းပိတ်လိုက်ပြီ။ ကျောင်းသားများအပြင်သို့ ချီတက်ကုန်ပြီ။ မြေနီကုန်းမှာ ပွဲကြမ်းကုန်ပြီ စသည် ... စသည်။

ညို့မှာ ဘုရားစင်ရှေ့ ခေါင်းစိုက်၍ ဆုတောင်းရုံသာ၊ ညနေမှ မခင်အေး အငှားကားတစ်စီးဖြင့် မျက်ပြူးဆန်ပျာ ရောက်ချလာပြီး...

"ဟေ့ ညိုရေ လစ်ကြမယ်။ အခြေအနေ မကောင်းဘူး။ နင့်အိမ်ရော ငါ့အိမ်ပါ အကြီးအကျယ် စိတ်ပူကုန်တော့မယ် ..."

ဟု ခေါ်တော့သည်။

ညို မျှော်လင့်ချက်အားလုံးကို မစွန့်ချင်ဘဲ စွန့်လိုက်ရပြီ။ ဖေသောင်း ဦးထုပ်လေးကိုသာ အိတ်ထဲသိပ်ထည့်၍ ဘူတာသို့ ဆင်းခဲ့ရသည်။ တစ်မြို့လုံးကား ပုရွက်ဆိတ်ကို မီးနှင့်မြိုက်လိုက်သလို အုံကြွကျန်ရစ်ခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ရထားပေါ်မှာလည်း ဒီအကြောင်းကိုသာ လူအများ လှုပ်လှုပ်ရွရွ ပြောနေကြဆဲ။ ညိုလည်းနားထောင်ရင်း အိတ်တွင်းမှ ဦးထုပ်ကို စမ်းကြည့်ကာ ဦးထုပ်ပိုင်ရှင်အတွက် နောက်ဆံတငင်ငင်။ မြေနီကုန်းမှာ လုံထိန်းများနှင့် တိုက်ခိုက်သည့်ပွဲကို အသည်းတယားယား ကြားရသမျှ ညို မခင်အေးပေါင်ကို ထု၍…

"ကိုဖေသောင်းတို့ပါမှာ သေချာတယ်"ဟု တိုးတိုးပြော၏။

မခင်အေးမှာ…

"ဒီတစ်ခါတော့ မလွယ်ဘူးထင်တယ်"

ဟုသာ စိုးရိမ်မကင်း တုံ့ပြန်၏။ ညို ငိုမဲ့မဲ့ ဖြစ်နေသည်။

"ဘာမဲ့နေတာလဲ။ မလွယ်ဘူးဆိုတာ အခြေအနေတွေ ထိန်းဖို့ မလွယ်တာပြောတာ။ ကျောင်းသားတွေက အရမ်းစုမိပြီး အရှိန်ရနေတာ နောက်ဆုတ်ကြတော့မှာ မဟုတ်ဘူး"

ညိုတို့အိမ်ရှေ့ ဘူတာလေးမှာ ရထားဆိုက်သည်နှင့် မခင်အေး ပြန်အလာကို မျှော်နေကြသူများတွင် မိသားစုများသာမက ရပ်ထဲရွာထဲမှ အတော်များများကပါ ဝိုင်းအုံရောက်နေပြီး အလုအယက် သတင်းမေးကြသည်။ အတူဆင်းလာသော ညို့အား တွေ့၍ မခင်အေးနှင့်ပေါင်းမိနေပြီဟု တွက်ချက် နားလည်သူများက နားလည်သွားကြလေပြီ။

ထိုအထဲတွင် အုန်းသိန်းလည်း အပါအဝင်။

* * *





အမေ၏စိုးရိမ်မှု မီးတောက်ကြီးကို ထင်းများထပ်မထိုးတော့သော်လည်း အပူရှိန်မကုန်သေးဘဲ တဝုန်းဝုန်းလောင်နေဆဲ။

"ငါ့မှာ အိပ်လို့တောင်မရဘူး။ လွှတ်တဲ့လူကလည်း လွှတ်တယ်။ သွားတဲ့သူကလည်း တကယ့်ပွဲကြီးမှ ရောက်အောင်သွားတယ်။ ငါ့မှာရသမျှ ဘုရားရှိခိုးတွေကုန်ပြီ…" ဟု ပြောသည်။

အဖေ့ကို သတင်းစုံမြင်ကွင်းစုံ သူမ ဖောက်သည်ချပြီး အိပ်ခန်းထဲဝင်နားတော့မယ်ဟုဆိုကာ အရင်ဆုံး လုပ်မိသောအလုပ်မှာ အိတ်ထဲမှ ဦးထုပ်ကို ထုတ်၍ ဆောင်းကြည့်ပြီး မှန်ထဲပြန်ကြည့်သည့် အလုပ်ပင် ဖြစ်တော့သည်။

သူမ မျက်နှာအစား ဦးထုပ်ပိုင်ရှင်၏ကံကြမ္မာကို မှန်ထဲမြင်ရလျှင် ကောင်းပေစွဟု တမ်းတမိသော်လည်း သောကအခိုးရိုက်၍ ညှိုးနေသော သူမ မျက်နှာကိုပင် ညို မြင်ရသည်သာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပစ်ယောင်ဆောင်၍ အုန်းသိန်း ညိုတို့ခြံနောက် စည်းရိုးနားကပ်ချောင်းသည်။ ရေကပြင်တွင် ခြေချထိုင်ရင်း ညို့လက်ထဲ လှည့်ပတ်ကြည့်နေသည်မှာ ဖေသောင်း ဦးထုပ်မှန်း အုန်းသိန်း ချက်ချင်းမှတ်မိသွားပြီး စိတ်ထဲ ဖျဉ်းခနဲဖြစ်ကာ ဖေသောင်းပုံကို ပြန်မြင်ယောင်လာ၏။

"ဒီဇာတ်လမ်းက မပြီးသေးဘူးလား။ ရန်ကုန်သွားပြီး မခင်အေးနဲ့ပေါင်းပြီး ဘာတွေလုပ်ခဲ့လဲ။ ဒီဦးထုပ်က ဘယ်လိုရလာတာလဲ"

အုန်းသိန်း တသီတတန်းကြီး တွေးရင်း ခြေလှမ်းပြန်ရွေ့၊ ပွတ်ခနဲ သစ်ကိုင်းခြောက်ကို နင်းချမိသည်။

"ဖေသောင်း ဘယ်မလဲ ..."

* * *



## (၁၈)

နေစောင်းရင် ဖေသောင်း မနေတတ်ဘူးဟု ညနေတိုင်း သူအော်ခဲ့ပြီးပြီ။ ယခုညနေလည်း ထိုသို့အော်ပြီးမှ ရင်ထဲရောက်လာသောအတွေးကို စကားလုံးများဖြင့် ဖွဲ့ကြည့်နေမိ၏။

"သံယောဇဉ်စကားကို သယ်သွားမယ့်ငှက်တစ်ကောင်
အမွေးအရောင်လှပသား၊
သူ့အတောင်ဖြတ်ခံထားတော့
ပျံလျက်မသွား"။

လက်တစ်ဆစ်ခန့်ကျန်သော ခဲလိပ်တိုကို ကောက်ကိုက်ပြီး မီးသွေးခဲဖြင့် နံရံအကွယ်တွင် ထိုသို့ ရေးခြစ်လိုက်သည်။ လောလောဆယ်တော့ အိပ်ချိန်ဟုအော်သံကြားလျှင် ပုဆိုးခြုံ၍ ကွေးရုံသာ။ ညနေက မျိုချခဲ့သော ထမင်းကရေဖြင့်ပွ၍ ကျွမ်းထိုးနေသံ ကြားရသည်။

သားစားကျားမှန်းသိပါလျက် ဖက်လုံးမိခဲ့ပြီ။ ခြေကပဲ စဝါးဝါး၊ ခေါင်းကပဲ စကိုက်ကိုက် မသေမချင်းတော့ မလျှော့တမ်း သတ်ပုတ်ရုံသာဟု နှလုံးပိုက်ပြီး သံတိုင်ကိုခေါင်းပြု နံရံလေးဘက်ကို ခြင်ထောင်မှတ်ကာ ကြိုမမြင်နိုင်သောအိပ်မက်ကို ဆုတောင်းခြင်းကင်းကင်းဖြင့် ကြိုဆိုလိုက်၏။

မိုးတစ်ပေါက်ပေါက် ခြင်တစီစီဖြင့် အိပ်မက်သံစဉ် နိဒါန်းချီပြီဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဈေးကြီးပိုင်းက ခင်မောင်လတ်ကိုသိလား ...၊ သူလည်းပြန်မရောက်တော့ဘူး။ သူ့မိဘတွေလည်း သနားပါတယ်။ လမ်းပေါ်မှာတင် ပျောက်သွားတာထက်စာရင် အုတ်နံရံကြား ပုံစံထမင်းစားနေရတာမှ တော်ပါသေးတယ်လို့ပဲ ဆုတောင်းရမလိုဖြစ်နေတယ် ..."

မခင်အေး ရောက်လာပြီးပေးသောသတင်းကြောင့် ညို ဆေးမလိမ်းဘဲထားသော အနာကို လက်ဖြင့်လာဖိသလိုဖြစ်လာသည်။ ဖေသောင်း နာမည်ကို ညို မခေါ်ဝံ့တော့ဘဲ···

"ဟိုတစ်ယောက်လည်း ဦးထုပ်လေးပေးလိုက်ပြီး ဘာမှ မသိရတော့ဘူးနော် ..." ဟု မဝံ့မရဲ ပြောမိ၏။

"တော်စမ်းပါဟယ်... သူ လွတ်သွားလည်း စာလေးရေးပြီး စိတ်ပူသက်သာအောင် အကြောင်းကြားဖို့ စဉ်းစားတတ်တာမျိုးမဟုတ်ဘူး။ ငှက်ပျောသီးပေါ်ရာမှာ ပျော်နေတဲ့မျောက်လိုပဲ"

ထိုသို့ မေးပြီးမှ···

"သူ့ဦးထုပ်ရော ..." ဟု ညို့အား မေးသည်။ စိတ်ပေါက်ပေါက်နှင့်မားဖြင့် နှပ်နှပ်စဉ်းပစ်မည်ထင်၍...

"ရှိပါတယ် ဘာလုပ်မလို့လဲ... သူ့ကို ထိနိုက်သွားပါမယ်..."

ဟု တောင်းပန်၏။

"ဘာလုပ်ရမှာလဲဟ ... ငါက လူကို ထုရိုက်ချင်နေတာ"

မမအေး ဆန္ဒ မကြာခင် တစ်လုံးတစ်ဝတည်း ပြည့်ပါစေဟုသာ ညို ဆုတောင်းလိုက်ရသည်။

"မမအေးတို့ ဒီလိုပဲ နေတော့မှာလား" ဟု ညို မချင့်မရဲ မေးသည်။





"ငါ ဘာလုပ်ရမလဲ။ ငါ့သတ္တိလည်း နင်သိသားနဲ့ ဘဲဥပြုတ်အခွံနွာဖို့ ခွဲရင်တောင် လန့်နေတာ..."

ဟု မခင်အေး တုံ့ပြန်၏။ ညို ခြေဆင်းထိုင်နေရာမှ ကြမ်းပေါ် လှဲချလိုက်ပြီး···

"အလကားပဲ.." ဟု အလိုမကျစွာ မြည်တမ်းနေသည်။

"နင် ဘယ်သူ့မှ လျှောက်မပြောနဲ့နော်"

မခင်အေးက မရဲတရဲလေသံဖြင့် နိဒါန်းပျိုးသဖြင့် ညို ခေါင်းပြန်ထောင်လာသည်။

"ကားဂိတ်ဘက်မှာ တို့ကျောင်းသားအဖွဲ့တွေ စုစုပြီး တွေ့နေကြတယ်။ ငါ့ကိုတောင် လာခေါ်သေးတယ်။ ငါ သိပ်ထင်ထင်ပေါ်ပေါ် မလုပ်ရဲသေးဘူးလို့ ငြင်းထားလို့ သူတို့အချိန်တန်ရင် ထပ်လုပ်ကြဦးမှာ သေချာတယ်..."

ညို့မှာ နွားနို့ပူလေးတစ်ခွက် သောက်လိုက်ရသလို အားရှိသွား၏။

"လုပ်ကြပါ၊ လုပ်ကြပါ၊ ထောင်ထဲက လူတွေကို ငဲ့ကြပါဦး၊ ထွက်လာအောင် လုပ်ကြပါဦး ..."

ဟု တဖွဖွ တိုက်တွန်းနေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ငါးပိစားလို့ဖြစ်တာကွ … လူဆီက ကူးတာလည်းပါတယ်။ ဟာ… ငါးပိမစားလို့ ဘာသွားစားမလဲ။ ပေါက်ချင်လည်း ပေါက်ကွာ။ ပေါက်ရင် ကုတ်မယ်ဖွဲ့မယ်"

စသဖြင့် ဝဲရောဂါများ တစ်စတစ်စ များလာပြီဖြစ်သည်။

ဖေသောင်းမှာ အတွေ့အကြုံရင့်နေသော ကျောင်းသားတစ်ယောက်၏ စကားကြောင့် ရင်ခုန်စရာတစ်ခု ရလာ၏။

"တို့ မကြာတော့ပါဘူးကွာ ပြန်ရမှာပါ။ သူတို့ဘက်က အလှည့် အပတ်တစ်ခုခု လုပ်ကိုလုပ်ပြရမယ်။ အဲဒီမှာ တို့ပါသွားမှာပဲ။ ဒါပေမဲ့ တိုက်ပွဲမပြီးသေးဘူး။ ပွဲကြီးပွဲကောင်း ပြန်တွေ့ရဦးမယ်"

ဟူသော စကားကို ကျေနပ်စွာ နားထောင်ရင်း ရှဥ့်ကလေးများပုံကို မီးသွေးဖြင့်နိုးကာ ရေးဆွဲနေမိသည်။

"ဒါ ဘာပုံလဲကွ"

"ရှဥ့်လေကွာ"

"ဘာလုပ်ရမှာလဲ … ချက်စားလို့လည်းမရ …"

"ဟာ ငါသတိရတဲ့ကောင်မလေးက ဆံပင်ရှည်ကြီး တဖားဖားနဲ့ကွ။ ရှဥ့်နဲ့ ရှဥ့်အမြီးလိုက်ဖက်သလို သိပ်ကြည့်ကောင်းတယ်"

"ဒါဆိုလည်း အဲဒီ ကောင်မလေးပုံ ဆွဲပါတော့လား … လိုရင်း မရောက်ဘူး"

အဖော်က ထိုသို့ တိုက်တွန်းသည်နှင့် ညို့ပုံကို သူ ရေးဆွဲကြည့်၏။

ကိုဗဟိန်း၊ ကိုဗဆွေအကြောင်း ပြောသံကြားလိုက်၊ နားထောင်လိုက်၊ လူသံတိတ်လျှင် ပြန်ဆွဲလိုက်ဖြင့် ရုပ်လုံးပေါ်လာသော် အခန်းဖော်က ဤသို့ အားပေးသည်။





"ဟုတ်ပါ့ကွာ … ဒီလောက် နှာခေါင်းကြီး ချွန်နေမှတော့ ဘယ်လို လှမှာလဲ…"

ဖေသောင်း ပြန်ဖျက်ကာပြင်သည်။ နားရွက်ကြီးကလည်း ကားလွန်းနေသည်ဟု ဝေဖန်ပြန်၏။ နောက်ဆုံးတွင်…

"ပါးစပ်နဲ့ပဲ ပြောပါတော့ကွာ…"

ဟု တစ်ဖက်လူက တောင်းပန်ရတော့သည်။

ဖေသောင်း အကျအနထိုင်၍…

"အေးကွ … ငါ့ကို သူက ကိုဖေသောင်းလို့ပဲခေါ်တယ်။ ဒါကြောင့် ငါ့ကို သူရတို့က ဖေသောင်း ဖေသောင်းလို့ခေါ်တာကွ။ ငါ့နာမည်အရင်းက ဘာလိုလိုနဲ့ ပျောက်နေပြီ"

"နေဦးကွ … ပြောချင်ရင် ဆေးလိပ်တစ်လိပ်ပေး"

"မီးညှိပြီးသား တစ်လိပ်ကိုပြ၍ ဒါပဲရှိတယ်"ဟု ဖေသောင်း တောင်းပန်၏။

"ရတယ် ဒါပဲပေး…" ဟု ဆိုကာ ယူသောက်သည်။

"ဒီလိုကွ၊ သူ့မျက်လုံးလေးက ရေကြည်မြောင်းလေးလိုပဲ။ ကျောက် ရောင်စုံလေးတွေ ဒေါင်းငါးလေးတွေတောင် မြင်နေရတယ်"

"တင်စားချက်ကို ခဏထားဦး သူငယ်ချင်း၊ အစက ပြန်ပြောစမ်း ကျကျနန"

ဖေသောင်းက စပြောလိုက် ဆေးလိပ်တစ်ဖွာသောက် ပြန်တောင်း လိုက်နှင့် လုပ်နေသည်။

"မင်းလက်ကြီးက ဝဲတွေကူးမယ်" ဟု ထိုသူက ကန့်ကွက်၊

"မင်းဆီက ကူးတာကွ ကြီးကျယ်လို့" ဟု ဖေသောင်း ရန်တွေ့ရင်း ဆေးလိပ်ကို အတင်းပြန်လုသည်။

"လုပ်ကြပါဦးဗျာ၊ ဖေသောင်းဝဲထူ ကျနော့်ကို အနိုင်ကျင့်နေတယ်" ဟု အော်သဖြင့် ဝဲထူဖေသောင်းဟု အများက ဝိုင်းခေါ်ကြရင်း သူ့မှာ ဂုဏ်ထူး တစ်ခု အပိုရသွားတာသာ အဖတ်တင်သည်။ ညို့အကြောင်းကို စိတ်တိုင်းကျ ပြောခွင့်မရလိုက်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ရေဒီယိုမှသတင်းကြောင့် ညို ထခုန်ပြီး မခင်အေးအိမ်သို့ ဒုန်းစိုင်းပြေးသည်။

"မမအေး ကြားလိုက်လား … သူတို့အားလုံးပြန်လာကြပြီ။ ဟို တစ်ယောက်ပါသွားရင်လည်း ပြန်ပါလာမှာပဲ"

မခင်အေးက…

"ဟဲ့ … တိုးတိုး" ဟု သတိပေးပြီး အိမ်ပေါ်ဆွဲခေါ်သည်။

"လူတွေအကုန်လုံး ဒီအကြောင်းပဲ ပြောနေကြပြီ၊ ဘာတွေဆက်ဖြစ်မလဲ မသိဘူး …" ဟု စိတ်ဆန္ဒပြင်းပြစွာ မခင်အေး ရွတ်သည်။

နောက်တစ်နေ့ ကားဂိတ်ဘက် သူမတို့နှစ်ယောက် မယောင်မလည် သွားကြသည်တွင် ဟိုနားတစ်စု သည်နားတစ်စု ဝိုင်းဖွဲ့လျက် တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်နည်း ဝေဖန်နေသည်ကိုသာ တွေ့ရ၏။ လက်ဖက်ရည်ဆိုင်တစ်ခုထဲ မခင်အေး လှမ်းကြည့်ပြီး ဘယ်လိုလဲဟူသောအဓိပ္ပာယ်ဖြင့် အသံတိတ်မေးလိုက်သည်နှင့် လူငယ်တစ်ယောက် ထွက်လာသည်။ လမ်းအတူလျှောက်ကြရင်း ခင်မောင်လတ် ပြန်ရောက်နေပြီဟု သတင်းပေး၏။

"ဟို ဟို ကိုဖေသောင်းဆိုတာရော တွေ့ခဲ့သလား …"

ညို့အမေးကို ထိုသူ နားမလည်။ မခင်အေးက…

"ဖေသောင်းဆိုတာ နာမည်အရင်းမှမဟုတ်ဘဲ …၊ ဘယ်‥ သိချင်မှ သိမှာပေါ့" ဟု ငေါက်၏။

"ကျနော်တို့ ဆက်လှုပ်ရှားကြမယ်။ မခင်အေး တတ်နိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကူမယ်မဟုတ်လား …" ဟု ထိုသူ မေးသည်။

"ကိုမြင့်ဇော်တို့ နောက်မှာတော့ ကျမ ရှိပါတယ်။ ရှေ့တော့ သိပ်မထွက်ရဲဘူး"

"ရပါတယ် …၊ ဒီလောက် ပြောခဲ့ရင်ပဲ ဝမ်းသာပါတယ်။ ဒီညီမက ရုံပိုင်ကြီးသမီးမဟုတ်လား။ တစ်လောက ဆယ်တန်းအောင်တယ်ဆိုတာ"

ဟု ကိုမြင့်ဇော် မေးသည်တွင် ညို ခေါင်းညိတ်ပြ၏။

"ညီမရောပါမှာလား …၊ အစ်ကိုတို့နဲ့ လက်တွဲမယ်မဟုတ်လား"

"ဟုတ်…" ဟု ညို ခေါင်းညိတ်ပြလိုက်သည်မှာ အချိန်ပင်မဆိုင်း။

"ဟုတ်ပြီ … ကျနော်တို့ ခင်မောင်လတ်ဆီက သတင်းစုံယူပြီး ပြန်တွေ့ကြမယ်" ဟု ကိုမြင့်ဇော် ချိန်း၏။

လှိုု့ဝှက်သည်းဖိုထဲ ကိုယ်တိုင်ပါရမည်မို့ ညို ရင်တုန်သော်လည်း ကိုဖေသောင်းနဲ့ တွေ့ပေးလိုက်ချင်လိုက်တာဟူသော ဆန္ဒက ပိုကြီးမားနေသည်။

* * *





ဒီတစ်ခါ အဖေပေးသောတာဝန်ကို အုန်းသိန်း လိုလားစွာ ထမ်းဆောင်ရန် ကတိပြုလိုက်၏။

"ရပ်ထဲရွာထဲမှာ သတိထားကြည့်၊ ဟိုအဖွဲ့တွေ လှုပ်ရှားတာတွေ့ရင် ချက်ချင်း သတင်းပို့စမ်း၊ ဆူချင်ပူချင်တဲ့ ကောင်တွေကို ဆုံးမရဖို့ ငါ့မှာတာဝန်ရှိတယ်"

ဟူသော အဖေ့စကားကို အုန်းသိန်း မနှောင့်နှေးလှသည်။

"အုန်းသိန်းတို့ ဘယ်လောက်အရာရောက်တယ်ဆိုတာ သိရမှာပေါ့။ မခင်အေးနဲ့ပေါင်းပြီး အုန်းသိန်းကို အရေးမလုပ်ချင်တဲ့ ညို၊ ဘယ်သူတွေက ပိုစွမ်းသလဲဆိုတာ သိရစေ့မယ်။ ငါထင်တဲ့အတိုင်း ဖြစ်နေလို့ကတော့ ခြေသလုံး လာဖက်ရပြီသာမှတ်…"

ဟု ကြိမ်းဝါးလိုက်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

အိမ်ပြန်ရောက်ပြီး ရက်ပိုင်းမျှ ကုပ်နေရသည်ကိုပင် စိတ်မရှည်ချင်။

ဟိုက သည်က သတင်းလာမေးသမျှ 'အမေနှင့် အစ်မရီနှယ်က စိတ်တပူပူဖြင့် ကြောင့်ကျမဆုံး။ သူရနှင့် ထွန်းသက်တို့ အိမ်လာခွင့်မရ၍ အဝေးမှ ကိုယ်ဟန်တပြပြ။ ဖေသောင်းကလည်း ပြတင်းဝက ပြူတစ်တစ်။

လူလစ်သည်နှင့်တွေ့ကြပြီး အခြေအနေကို အကြမ်းဖျင်း ဖလှယ်ကြသည်။ ဆက်လုပ်ကြမယ်ဆိုသော အဖြေသာရ၏။ ထိုရက်ထဲတွင် သူတို့စောင့်ကြည့်နေသောအဆိုပါဘက်မှ အစည်းအဝေးတစ်ခု လုပ်ကာအပေါ်ယံ ပြောင်းလဲမှုတစ်ခုဖြင့်သာ နှစ်သိမ့်လိုက်၏။ လူတွေက ဝေဖန်မဆုံး။ ဖေသောင်းတို့လိုတာမရသေး၍ အိမ်မှာနေလို့မဖြစ်။ အကုန်ထွက်၍ ဆက်တိုက် ဆက်တိုက် တိုက်ပွဲဝင်ရန်သာ ဆုံးဖြတ်ကြသည်။ စည်းရုံးရေးအတွက် နယ်မြေခွဲကြသည်။ ဖေသောင်းက မြေပုံကိုလက်ထောက်၍…

"ငါ ဒီနယ်တစ်ဝိုက် သွားပါရစေ" ဟု ဆန္ဒပြုသည်။

အပြန်အလှန် ဆွေးနွေးကြရင်း အဆုံးသတ်၌…

"ဟုတ်ပြီ… ဆက်သွယ်ရန်နာမည် ဖေသောင်းနယ်မြေ"

ဟု သူရက မှတ်သားလိုက်သည်။ ဖေသောင်းရင်မှာ အတွေးနှင့်ပင် နွေးလာ၏။

ဂျူလိုင်မိုးစက်များကြား သူ အိတ်တစ်လုံးဆွဲ၍ ယုံကြည်ချက်တစ်ခု၊ မျှော်လင့်ချက်တစ်ခုနှင့်အတူ ခြေလှမ်းများသွက်နေသည်။ ကောင်းကင်တစ်ခုလုံး ညိုနေသည်ကိုပင် တောက်ပသောအပြုံးဟုသာ သတ်မှတ်ထားသည်။

အားလုံးကို လက်ဆွဲနှုတ်ဆက်၍ သူ ပေါ့ပေါ့ပါးပါး ထွက်လာခဲ့ပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ဘက်သွားရမှာတောင် ခပ်လန့်လန့်။ သူမတို့မသွားခင် အုန်းသိန်းက ကားဂိတ်တစ်ဝိုက် သူ့တပည့်အချို့ဖြင့် စွန်ရဲများစွာဝဲသလို ဝဲနေကြပြီ။ ကိုမြင့်ဇော်နှင့် ခက်ခက်ခဲခဲ ဆက်သွယ်ပြီးဆုံခိုက် အခြေအနေကို မခင်အေး အထိတ်တလန့် ရှင်းပြရ၏။

"ကိစ္စမရှိဘူး။ ဒီအချိန်မှာ ဒီလိုကောင်မျိုးတွေ တက်ကြွပြနေတတ်တာပဲ။ ရှောင်ရသရွေ့ ရှောင်၊ နောက်ဆုံး မရှောင်သာရင် ပြန်ချရုံပဲ"

ကိုမြင့်ဇော်စကားကြောင့် မခင်အေး ပခုံးတွန့်ကာ...

"ကြောက်တတ်ပါတယ်ဆိုမှ သရဲခြောက်တဲ့အိမ်ကြီးမှာ အိပ်ခိုင်းနေပြန်ပါပြီ ..." ဟု ညည်းတွားသည်။

ကိုမြင့်ဇော်က ဂျာကင်ထဲမှ လေးခွကိုလှစ်ပြ၍...

"ဒါပစ်တာ လောက်တော့ ကျင့်ထားဖို့လိုတယ်။ ကျား၊မ မရွေး လိုအပ်ရင်ခံချရမှာပဲ" ဟု ပြော၏။

မခင်အေး ကြောက်ဒူးတုန်နေစဉ်မှာပင် ညိုက...

"ညို နည်းနည်းပါးပါး ပစ်တတ်တယ်"

ဟု အားတက်သရော ဝင်ပြောသည်။

ကိုမြင့်ဇော် ပြုံး၍ ညို့ခေါင်းကိုပုတ်ကာ ကျင့်ထားဟု တိုက်တွန်း၏။ ညို အိမ်ပြန်ရောက်သည်နှင့် မာလကာကိုင်းကို လွှဖြင့်တိုက်သည်။

အဘမောင်က "ဘာလုပ်တာလဲ" ဟု ဆိုကာ အနားဝင်ထိုင်၏။

ညို အမှန်အတိုင်းပင် ဝန်ခံလိုက်သည်။ အဘမောင် ပြုံး၍...

"ပေး...ပေး၊ ကျုပ် လုပ်ပေးမယ်" ဟု ဆိုကာ အကျအနထိုင်လုပ်နေတော့၏။

* * *





ရေအိုးစင်ကိုဖြည့်ရန် ပုံးဆွဲ၍လာခိုက်၊ လယ်သမားတစ်ယောက် ထွန်တုံးနှင့် နှင်တံကိုင်ကာ ခပ်သောက်နေသည်ကိုမြင်၍ ညို ရပ်စောင့်နေရသည်။ မိုးတိမ်တွေညိုနေသည်မှာ မနေ့ကလိုပင် အသည်းမည်းရွာချဦးမည့်ဟန်ပင်။ ရွှံ့စက်များပေကျံနေသော ထိုလယ်သမား၏ ခြေတွင် ဝဲများပြည့်နေ၍ ညို စိတ်ပျက်စွာ ကြည့်နေမိရင်း ဆေးလေး ဘာလေး လိမ်းဖို့တောင် အချိန်မရဘူးထင်တယ်ဟု တွေးမိကာ သနားမိသည်။

"သာခုပါဗျာ... သာခုပါ ဒေါ်ကျွဲမကြီးရယ်"

လယ်သမား၏စကားသံထွက်လာသည်နှင့် ညို လက်မှရေပုံး လွတ်မကျသွားအောင် မနည်းထိန်းလိုက်ရ၏။ ရင်ဝသို့ ဒိုင်းခနဲ အရာတစ်ခုက ဆောင့်တက်လာပြီး ညို့တစ်ကိုယ်လုံး တုန်ရင်း ကျန်ခဲ့၏။

"အမလေး ဘာ ... ဘာ"

ညို အော်သံမဆုံးခင် ဝါးခမောက်ကို မော့ပြသော ဖေသောင်းမျက်နှာနှင့် တဲ့တဲ့တိုး၍ ညို ငိုမလို ရယ်မလို မျက်နှာဖြင့် ရေပုံးကို ငွမ်းခနဲ ပစ်ချကာ ဖေသောင်းရင်ဘတ်ကို လက်သီးဖြင့် တဒုံးဒုံးထုလိုက်သည်။ ဖေသောင်း ရယ်မောလျက်...

"အုန်းသိန်း မရှိဘူးလား" ဟု မေး၏။

"ကားဂိတ်ဘက်ကို မသက်ာလို့ စွန်လိုဝဲနေတယ်။ မြန်မြန်လာ အိမ်ကိုပြေးရအောင်" ဟု ညို ကမန်းကတန်း ခေါ်ခဲ့ရသည်။

ဒေါ်တင်တင် အိမ်ဝမှမြင်သော် "ဟဲ့ ... ဟဲ့" အော်ကာ ဝမ်းသာဝမ်းနည်း ကြိုသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူ ရေချိုးနေစဉ် ညိုက မခင်အေးကို သွားခေါ်မယ်ဆိုကာ လှစ်ခနဲ ထွက်သွား၏။ ညို တစ်ယောက်တည်းပြန်လာပြီး…

"မခင်အေး မားသွေးနေတယ်၊ ကိုဖေသောင်းကို ခုတ်မလို့တဲ့"

ဟု ရယ်မောမပျက် သတင်းပေးသည်။

ညနေပိုင်း မခင်အေးမှာ ဝဲဆေးတစ်ဗူးနှင့် ရောက်ချလာပြီး…

"ရှင့်ကို ခုတ်ချင်နေတာ အမှုဖြစ်မှာစိုးလို့" ဟု ကြိမ်းမောင်းရင်း ညို့လက်ထဲ ဝဲဆေးဗူးကို ပေးသည်။

ဖေသောင်းက…

"ဆေးစုံနေပြီ မပျောက်ဘူး။ ဘာမှ ကြောင့်ကြမနေနဲ့၊ ကုတ်လေ ပွားလေ…" ဟု ညည်းတွားသည်။

"လက်မှာလည်း ပွနေတာပဲ။ ဘယ်လို ထမင်းစားလဲ" ဟု ညို ကရုဏာသက်စွာ ပြောရင်း ဆေးလိမ်းပေးနေသည်။

"ကိုမြင့်ဇော်တို့က ရန်ကုန်ကအဖွဲ့တွေနဲ့ သိပ်ဆက်ချင်နေတာ၊ ဘယ်လိုတွေ့ပေးရင်ကောင်းမလဲ" ဟု မခင်အေး တိုးတိုးမေး၏။

"အမေကြားသွားလို့ လန့်နေဦးမယ် … တိုးတိုး" ဟု ညိုက လေသံဖြင့် သတိပေးသည်။

သူတို့ခေါင်းသုံးလုံး တွတ်ထိုးနေစဉ်…

"ကြည့်လုပ်နော်… ကြည့်လုပ် မျောက်သုံးကောင်ဖြစ်လာပြီ၊ ငါတော့ ဘောင်းဘီဝတ်ထားရတော့မယ်"

ဟု ဒေါ်တင်တင် ပြုံးကြည့်ရင်း ရင်မောသံဖြင့် ဝေဖန်၏။

* * *





မခင်အေး ကိုယ်တိုင်လည်း မသွားရဲ၊ အဖော်လည်း မလိုက်ဝံ့။ ဖေသောင်း ရေးပေးလိုက်သောစာနှင့် မခင်အေး၏ ထောက်ခံချက်ကို ညိုယူ၍ ရုပ်အင်္ကျီကောက်ဝတ်ကာ အိတ်ထဲ အကျအန ထည့်သည်။

"မယ်မင်းကြီးမရယ်၊ ငါပါ ပုံစံငါးပိ စားရတော့မယ်ထင်တယ်"

ဟု မခင်အေး မျက်စိပျက် မျက်နှာပျက် ရေရွတ်နေ၍ ဖေသောင်း မစချင်တော့ဘဲ…

"မပူပါနဲ့ဗျာ၊ ညို ဒီလောက်တော့ အဖြစ်ရှိပါတယ်"

ဟုသာ အားပေးရ၏။

မနက်က အမေ့ကို ဈေးမှဝယ်ခိုင်းသောပိတ်စကိုကိုင်ကာ ညို စက်ဘီးပေါ်တက်၍ ဟန်မပျက် ထွက်သွားခဲ့သည်မှာ ဘာမှမထူးခြားသည့်ဟန်။

မိန်းမအင်္ကျီချုပ်ဆိုင်ထဲ ညို ဝင်၍…

"အထက်ဆင်တပ်ချင်လို့"

ဟု ပြောကာ ကိုမြင့်ဇော်၏ညီမ မသူဇာ နံဘေး ဝင်ထိုင်သည်။

လူလစ်သည်နှင့်…

"အစ်မ အစ်ကို့ကို ပေးပေးပါ။ သိတယ်မဟုတ်လား"

ဟု တိုးတိုးပြောရင်း စာခေါက်ကို လက်ထဲထိုးထည့်၏။ မသူဇာမှာ ဝန်းကျင်ကို လှစ်ခနဲ ကြည့်ရင်း…

"သဘောပေါက်တယ်။ သိပ်မရဲနဲ့ဦး"

ဟုသာ တုံ့ပြန်ပြီး အပ်ချုပ်စက်ပေါ် ညို့ပိတ်စကို ဖြန့်တင်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး တစ်ညလုံး ညို့အိမ်မှာအောင်း၍ ဖြစ်သမျှဇာတ်ကြောင်းစုံကိုခင်းရသည်မှာ ဖေသောင်းအတွက် ဝဲကုတ်ရသည့်အရသာနှယ်။ မမြင်ရသောလှုပ်ရှားမှုများနောက် ကောက်ကောက်ပါနေသည်။

ညိုသည် ကြမ်းပေါ်ခေါင်းအုံးချ၍ အားပါးတရ လျှောင်းကာ ဖိမ်အကျဆုံးညပဲဟု ကျေနပ်စွာ တွေးနေမိ၏။ ဇာတ်ကြောင်းပြန်ပြီး၍ ဦးရွှေခင်နှင့် ဖေသောင်း ရှေ့ရေးတိုင်ပင်နေချိန်၌ ညိုမှာ နံဘေးတွင်ပင် ခွေခွေကလေး အိပ်ပျော်နေပြီ ဖြစ်သည်။

* * *





မနက်မိုးမလင်းခင် မိုးသည်းသည်းကြားမှာ ညိုထ၍ ဖေသောင်းကိုနှိုးရသည်။

ကိုမြင့်ဖော်တို့နှင့် ချိန်းဆိုရာ တောရကျောင်းသွားရာ လမ်းဆုံသို့ ဖေသောင်း ထွက်သွားမှ သက်ပြင်းချကာ အိပ်ရာသိမ်းရ၏။ "ဒန့်သလွန်ရွက်ဟင်းခါးသောက်ချင်လို့" ဟု အော်ကာ နေ့လယ်ဘက်တွင် မခင်အေး ရောက်လာသည်။ ညိုနှင့်အတူ ဒန့်သလွန်ရွက်ခူးကြရင်း ဝဲထူဖေသောင်းအား ကိုမြင့်ဖော်တို့က လယ်သမားတစ်ယောက်၏ လယ်စောင့်တဲတွင်ပင် နေရာချပေးလိုက်ပြီဖြစ်ကြောင်း မခင်အေး သတင်းပေး၏။ ဝဲဆေးလိမ်းပေးရသည့်တာဝန်ကို မစွန့်ချင်ဘဲ ညို စွန့်လိုက်ရတော့သည်။

"သူ့ ထမင်းစားဖို့ကော"

ညို၏ပူပန်ချက်ကို မခင်အေး စိတ်မရှည်။

"ဟာ.. ဟိုက လုပ်ပေးမှာပေါ့။ နင် အသာနေစမ်းပါ။ ငါတို့ မသူဇာနဲ့ပဲ ဆက်သွယ်ကြမယ်။ အဲဒါပဲ နည်းနည်းပိရိတယ်" ဟု ပြန်ပြော၏။

ရက်ပိုင်းအတွင်းမှာပင် ညိုတို့တောမြို့ကလေး လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ဈေးကြီးအနီး ကုက္ကိုပင်တွင်ကပ်ထားသော လှို့ဆော်ပိုစတာတစ်ချပ်ကြောင့်ပင် ဖြစ်၏။

အုန်းသိန်း၏ဖခင်မှာ…

"ငါ့ခွင်ထဲတော့ လာမလုပ်နဲ့ မျိုးကန်းကုန်မယ်"

ဟု ကြိမ်းဝါးရင်း လူစုစုတွေ့တိုင်း မသင်္ကာမျက်လုံးများဖြင့် ခြိမ်းခြောက်နေသည်။ မကြာမီပင် သူတို့ကောင်စီရုံးရှေ့ ပိုစတာတစ်ချပ် အခန့်သားရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ဝိုင်းအုံကြည့်နေစဉ်မှာပင် အုန်းသိန်းဖခင်မှာ ခေါင်းတုံးပေါ် ဒက်ပေါက်သည့်မျက်နှာဖြင့် အော်ဟစ်မောင်းထုတ်ပြီး ဖြုတ်ယူသွား၏။ မခင်အေး ပါးစပ်ပိတ်၍ တခွိခွိရယ်သည်။ အုန်းသိန်း မကျေမချမ်း ကြည့်နေ၍ အိမ်ထဲဝင်ပြီး ပုနေရ၏။

* * *



## (၂၃)

“ညို သိပြီးရောပေါ့ . . . ရှစ်ရက်နေ့စမယ်။ ကိုယ့်ဘက်မှာ အားလုံးနီးပါး အဆင်ပြေပါတယ်။ အရေးကြီးတာက အစီအစဉ် အသေးစိတ်ချဖို့ ကိုယ်တို့အဖွဲ့တွေ ဆုံကြမယ်။ စည်းဝေးဖို့အချိန်နဲ့ နေရာကို ကိုမြင့်ဇော်တို့ ရွေးနေတယ်။ ညိုနဲ့ မခင်အေးက မသူဇာတို့နဲ့ တွေ့ပြီး ဆက်လုပ်ရမှာတွေရှိတယ်။ အဲဒီကျရင် သိလိမ့်မယ်။ ကျန်းမာ ချမ်းသာပါစေ”

“ဝဲထူဖေသောင်း”

ညို စာကို ဖတ်ပြီးပြီးချင်း ဝါးစားလိုက်သည်။

ဝါးဖတ်ခမောက်ကိုယ်စီ ရှာထားကြပြီး ယောက်ျားတို့က ကချင်လုံချည် ကိုယ်စီနှင့် လည်ကတုံးအဖြူ ရှပ်အင်္ကျီလည်းအသင့်။ ရှစ်ရက်နေ့အတွက် အသေးစိတ်တိုင်ပင်ရန်သာ လိုတော့သည်။ ညိုက ရင်ခုန်နေသော်လည်း တက်ကြွခြင်းအပြည့်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါး ပိတ်ထားပါလျက် မခင်အေးမှာ တုန်တုန်ချိချိ။ ညို ယူလာသော ပိတ်စနီကို မသူဇာက ဖြန့်ခင်း၍ မြေဖြူဖြင့် အကြမ်းခြစ်နေသည်။ ရွှေဝါရောင်ပိတ်စဖြင့် ညှပ်ထားသော ခွပ်ဒေါင်းရုပ်ကိုခင်း၍ ကပ်ကြည့်ချိန် မခင်အေး ထ၍ ရေတစ်ခွက်ခပ်ကာ တဂွပ်ဂွပ် သောက်နေရ၏။

ညိုနှင့် မသူဇာနှစ်ယောက်သာ တည်တည်ငြိမ်ငြိမ်ပင် လက်ချုပ်ချုပ် နေလိုက်သည်။

ညိုတို့ အိမ်နောက်ဘက်လယ်ကွင်းကိုသာ စုဝေးရန် ဆုံးဖြတ်ကြသည်။ မိုးညသည် အမှောင်ထုထဲ ရေသံ၊ မိုးသံ တစိမ့်စိမ့်ဖြင့် အေးမြလျက်။ ညို့ရင်ထဲတော့ ဆူပွက်နေသည်။

ည၏မိုးအမှောင်ရိပ်မှာပင် စက်ဘီးတစ်စီး ဖြတ်သွားတိုင်း ဒါ ကိုခင် မောင်လတ်၊ ဒါ ကိုမြင့်ဇော်ပဲဟု ညို အတတ်သိနေသည်။ ခြံစည်းရိုးနား ကပ်၍ ခြံတွင်းမှ ချောင်းမြောင်းကြည့်နေရသည့် အရသာမှာ တစ်သက်နှင့် တစ်ကိုယ် မကြုံစဘူး ရင်ခုန်ထူးပါဘိ။ မခင်အေးမှာ ကြောက်ဒူးတုန်ရင်း...

"ငါတို့အိမ်ရှေ့မှာ လူလုံးသွားပြထားဦးမယ်။ တော်ကြာ အုန်းသိန်းတို့ သားအဖ လာကြည့်ချင် ကြည့်နေမှာ..."

ဟု ဆိုကာ ဘုတာရှေ့ဘက် ပြန်ထွက်ပြေး၏။

ဘုတာဝင်းအတွင်း လက်ဆွဲမှန်အိမ်တစ်လုံးနှင့်ထိုင်လျက် ငိုက်မြည်းနေသော အဘမောင်အား အုန်းသိန်းဖခင်က...

"အစောကြီးရှိသေးတယ် ငိုက်နေပြီလား"

ဟုမေးပြီး လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုသည်သည် ထိုးကြည့်နေသည်။ အဘမောင်က ပျင်းရိခြင်းလွှမ်းသံဖြင့်...





"အေးဗျာ... မိုးအေးအေးနဲ့ ကွေးနေဖို့ပဲ အကောင်းဆုံး"

ဟု တုံ့ပြန်၏။

"မအိပ်နိုင်ပါဘူးဗျာ... ရပ်ရေးရွာရေးရှိသေးတယ်။ လှည့်နေရမှာပဲ"

ဟု အုန်းသိန်းအဖေက အသံကျယ်ကျယ် ပြောရင်း နောက်တော်ပါ ကောင်စီဝင်များနှင့် အရန်မီးသတ်အဖွဲ့အား ဦးဆောင်ထွက်သွားသည်။ အရန်မီးသတ်ဝတ်စုံနှင့် လှချင်တိုင်းလှနေသော အုန်းသိန်းကလည်း ဖအေတူသား ပီပီ လက်နှိပ်ဓာတ်မီးတစ်ဖက်၊ တုတ်တစ်ဖက်ဖြင့် မည်းမည်းမြင်တိုင်း လိုက်ထိုးကာ တက်ကြွနေသည်ကို မခင်အေးကြည့်ရင်း ညို့ကို လက်ကုတ်သည်။

"မကြောက်ပါနဲ့၊ မမအေးကလည်း ... ညိုတို့အိမ်ရှေ့မှာ လူလုံးပြ တာပဲ။ လယ်ကွင်းဘက်တော့ သူတို့သွားဖို့ စိတ်ကူးရမှာ မဟုတ်ပါဘူး"

ဟု ညို အားပေးလိုက်ရ၏။

ညို ချက်ချင်း အိမ်နောက်ဖေးပြန်ဆင်း ခြံထောင့်မှချောင်းကြည့်နေ၏။

"ကိုမြင့်ဇော်တို့ ကင်းချထားတာ လုံပါ့မလား။ ကားလမ်းဒီဘက်မှာ ဘယ်သူမှ မရှိဘူးထင်တယ်။ ဟိုဘက်ကုန်းလျှောကြားက လာကြည့်ရင် ဒုက္ခ ရောက်မယ်" ဟု တွေးရင်း ပူပန်လာ၏။

လယ်ကွက်ထဲရှိ ကုက္ကိုပင်အောက် မိုးညအမှောင်ဝယ် "ဖေသောင်းတို့ စုမိကြပြီ"ဟု ညို နားလည်လိုက်သည်။ ဖားရိုက်ချင်ယောင်ဆောင်၍ ကင်းစောင့်ပေးနေသော လယ်သမားသားလေးများက မီးအုပ်ဆောင်းလေးများဖြင့် အချက်ပြနေကြသည်။ လူစုံပြီ ထူးခြားမှုမရှိဟူသည့် သင်္ကေတ။

ညိုသည် အနွေးထည်ထဲထည့်ထားသော လေးခွနှင့် လောက်စာလုံး များကို စမ်းရင်း ဒါတွေကို ဖေသောင်းတို့ကိုပေးလိုက်ရရင် အကောင်းသား၊ သူတို့ ပါမှပါကြပါ့မလားဟု ပူမိပြန်၏။ ကြေးနန်းတိုင်ဘက် လယ်ကန်သင်းတွင် ကိုခင်မောင်လတ်၏ညီနှင့် လူငယ်များ ခွကိုယ်စီဖြင့်ရှိကြမည်ကို ညို သိသော်လည်း ကုန်းလျှောကြား ဆူးချုံပေါ်သည့်နေရာမှာ လပ်နေသည်ကိုတွေ့၍ ညို့စိတ်ထဲ မသိုးမသန့် ဖြစ်လာပြန်၏။ ရထားလမ်းတစ်လျှောက် ထွက်သွားသော အုန်းသိန်းတို့အဖွဲ့လည်း ဘယ်ပျောက်သွားပါလိမ့်။ ညို ထိတ်ခနဲဖြစ်ကာ အမှောင်ထဲ အားယူကြည့်မိ၏။

စာအုပ်ဆိုင်ဘက်လမ်းသွယ်သို့ ချိုးမသွားတာ သေချာသည်။ ဒါဆို..



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားလဲ။ ညို တွေးရင်း ရင်တထိတ်ထိတ် ခုန်လာ၏။ အိမ်ပေါ်ပြန်တက်ကာ ကြည့်သည်။ အဖေနှင့် မခင်အေးက ရေဒီယိုနံဘေး နားထောင်ရင်း အာရုံစိုက်နေကြသလို အမေက ဘုရားရှိခိုးနေပြီ။ လိုရမယ်ရ တွေးကာ အဖေငယ်စဉ်က သိုင်းကစားသည့် ရှမ်းဘောင်းဘီကို ညို ယူဝတ်လိုက်၍ ဆံပင်ကျစ်ကျစ်စီးပြီး ဝါးခမောက်ဆောင်းကာ လေးခွကိုင်လျက် ခြံနောက်ဖေးတံခါးကို အသာဖွင့်ထား၍ ချောင်းနေလိုက်သည်။

ကြည့်စမ်း ကုန်းလျှောအတိုင်း ဝပ်ပြီးဆင်းသွားတာ အရန့်မီးသတ်တွေ မဟုတ်လား။ မိုးဖွဲဖွဲအောက် လျှပ်စီးလက်လိုက်စဉ် လက်နှိပ်ဓာတ်မီးမှ သတ္တုရောင်ပြန်သွားတာ ညို အသေအချာ မြင်လိုက်ရသည်။

"သူတို့ သွားဝိုင်းကြတော့မယ်ထင်တယ်။ မသင်္ကာလို့လား။ သတင်းရလို့လား။ တစ်ခုခုပဲ။ ငါဘာလုပ်ရမလဲ"

သူမအတွေးမဆုံးဖြတ်နိုင်။ သည်ထက်ပိုကြာလျှင် လယ်ကွင်းစပ်မှ တစ်ဆင့် ဖေသောင်းတို့ရှိရာ ရောက်သွားတော့မည်။ ခရာဆူးခြုံကြားနေရာမှ ကင်းလွတ်ထားသည့် ပေါ်ဆမှုကို ညို မကျေမချမ်း တွေးနေစဉ်ပင် ခရာဆူးခြုံနှင့်မေးလွယ်ခုတ်ကျသည့် ဝါးပုံအကွယ်မှ ရိပ်ခနဲ လှုပ်ရှားမှုတစ်ခု ညို မြင်လိုက်၏။

ချုံတိုးနေသော အုန်းသိန်းတို့အဖွဲ့ ကားလမ်းအနီး မရောက်ခင်ပင် အော်ဟစ်သံ၊ ဆဲဆိုသံများထွက်လာပြီး ဖရိုဖရဲ ဖြစ်ကုန်သည်။ ဝါးပုံအကွယ်မှ ဒလစပ်ထွက်လာသော လောက်စာလုံးများကြား အလူးအလဲ ခံနေရခြင်းပင်။

ဆူးချုံတွင်းမှ လယ်ကွက်ဆီ ရောက်အောင်ပြေးရင်း ကျွံထွက်လာသော အုန်းသိန်းကို ညို တွေ့သည်။

ဘာမှ တွေးမနေတော့။ ခြံတံခါးဖွင့်ပြီး အမှောင်ရိပ်ထဲပြေးသွားကာ ချုံပုတ်ကောင်းကောင်းရှာ၍ ဝပ်ကွယ်လိုက်သည်။ အုန်းသိန်းမှာ…

"ဟေ့ကောင်တွေ မပြေးနဲ့၊ ငါတို့အရန့်မီးသတ်တွေ"

ဟုသာ အော်ရသေးသည်။ လေးခွ တစ်ကမ်းစာက အုန်းမှုတ်ခွက်ကို မှန်အောင်ပစ်နိုင်နေပြီဖြစ်သည့် ညို့လက်ချက်ဖြင့် ဂေါက်ခနဲ ညို့သကျည်းမှန်ကာ တဝင်းဝင်းထိုးနေသော လက်နှိပ်ဓာတ်မီးကြီး လွတ်ကျသည်။

ကုန်းလျှောတစ်လျှောက် ဆင်းလာသမျှ ဝါးပုံအကွယ်မှ ကယ်တင်ရှင်နှင့်ချုံကွယ်မှ ညိုက နှစ်ဖက်ညှပ်၍ ဒလစပ်ပစ်သည်။ ထိတာရော မထိတာရော





အားလုံး ထိရောက်သည်ပင်။ ကိုခင်မောင်လတ်၏ ညီများဘက်မှ ခံပစ်သံများကြားရသည်။ မီးအုပ်ဆောင်းကလေးများ အလန့်တကြား အန္တရာယ်အချက်ပေးကုန်ပြီ။ စည်းဝေးမှုပြီးမပြီးတော့ ညို မသိ၊ အချိန်မီကာကွယ်ပြီး လွတ်ရာပြေးနိုင်ကြပြီဆိုတာတော့ ညို ခန့်မှန်းနိုင်ခဲ့သည်။

လောက်စာလုံးကုန်သည်နှင့် အမှောင်ရိပ်ထဲ စွတ်ခနဲ ပြန်ပြေးပြီး ဗွက်အိုင်များကြားမှပင် ခြံတံခါးရှိရာ တဗွမ်းဗွမ်းရှန်း၍…

"ပြန်ကုန်ပြီ မှတ်တာ"

ဟု မခင်အေး ခြံတွင်းမှ တဆတ်ဆတ်တုန်၍ ခုန်ကာ ကြိတ်အော်နေ၏။ ညိုက အားပါးတရ အသံဖြင့်…

"လွတ်သွားကြပြီ သေချာတယ်"

ဟု ပြောကာ အိမ်ခေါင်းရင်းဘက်ပြေး၍ ခြံစည်းရိုးထဲမှချောင်းပြန်၏။ ဝါးပုံအကွယ်မှ အရိပ်တစ်ခု သုတ်ခနဲ ပေါ်ပါးစွာရွေ့ပြေးလာပြီး ဖတ်ခနဲဖတ်ခနဲ သစ်ပင်ရိပ်များကြား ခုန်ကူးလာသည်။

"အို အဘမောင် ဟုတ်လိုက်လေ၊ ဒါမှ တို့အဘမောင်"

ညိုသည် ကလေးတစ်ယောက်လို ခုန်ပေါက်ကာ ခြံဝင်းအမှောင်ထဲက ပစ်လိုက်၏။ အဘမောင်ကား လှစ်ခနဲ ရေစည်နားကပ်ကာ ခြေဆေးနေသည်။ ညို ပုဆိုးဟောင်းတစ်ထည် အသင့်တွေ့၍…

"အဘမောင် ရော့ … ကန်တော့ပါရဲ့"

ဟု ပစ်ပေးလိုက်၏။ အဘမောင် ဖမ်းယူသုတ်ပြီး ဘူတာရုံထဲရှိ ပက်လက်ကုလားထိုင်သို့ ပြန်လစ်၏။

မရှုမလှ တပ်ပျက်၍ပြန်လာကြသော အုန်းသိန်းတို့သားအဖနှင့်အဖွဲ့ ဘူတာရှေ့သို့ မကျေမချမ်း ဆူပွက်လျက် ပြန်ရောက်လာချိန်ကား သပြေပန်းဖြင့်ကြိုသူမရှိ။

ပက်လက်ကုလားထိုင်ပေါ် ခွေစောင်းစောင်းနှင့် တရှူးရှူးဟောက်နေသော အဘမောင်သာရှိ၏။

ညို ပြတင်းဝမှကွယ်ကာ ဗိုက်ကိုနှိပ်၍ ရယ်ချင်စိတ်မြိုသိပ်ထားရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

သမိုင်းဝင် အလှည့်အပြောင်းတစ်ခုတွင် ညှိုတို့မြို့ကလေး အခြားမြို့များနည်းတူ ဂုဏ်မငယ်တမ်း ဝါကျတစ်ကြောင်း ရေးနိုင်ပြီဖြစ်သည်။ ထိုဝါကျတွင် ညှိုတို့အနေဖြင့် မှင်စက်ကလေးတစ်စက်အဖြစ် ပါဝင်ခွင့်လည်းရခဲ့ပြီ။ ဝါးခမောက်ကိုယ်စီဖြင့် တက်လာသူတို့လက်မှ ဒေါင်းအလံတလူလူအောက် ညှိုတစ်ယောက်လည်း လိုက်ပါခွင့်ရခဲ့ပြီ။

ထိုတစ်ညက ဖြစ်စဉ်တွင် ဖေသောင်းတို့ စကားမပြတ်ကြသေးသော်လည်း အရေးကြီးသည့် ညှိနှိုင်းမှုပြီးချိန်ဖြစ်၍ အောင်မြင်ခဲ့သည်ဟုပင် ဆိုရမည်။ ပွဲဖျက်ရုံတင်မက သားကောင်ကိုပါဖမ်းစားမည့် မုဆိုးအဖွဲ့ကို တားဆီးနိုင်ခဲ့သည်မှာ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ညှို မပြောခဲ့။ သို့သော် မခင်အေးက ဖော်ကောင်လုပ်၍ ညှိုနှင့်အဘမောင်အား အားလုံးက လှိုက်လှဲသောစကားတို့ဖြင့် အသိအမှတ်ပြုပေးသည်။

ဟန်မဆောင်နိုင်သော ညှိုက ကျေနပ်စွာ ပြုံးနေသလောက် အဘမောင်ကား သူဘာမှမသိလိုက်သလို ကုပ်ကုပ်နေမြဲ။ ထိုညနောက်ပိုင်း ဒလကြမ်း မောင်း၍ ကျားနာခဲ ခဲချင်နေသော အုန်းသိန်းတို့သားအဖနှင့်အဖွဲ့၏ ရန်ကို လွှတ်အောင် ရှောင်ရင်း အခြားမြို့များနှင့်ချိန်ကိုက် သူတို့ သပိတ်တိုက်ပွဲ ဆင်နွှဲနိုင်ခဲ့ပြီ။

အရပ်ထဲမှ လူငယ်များ တိုင်ကီစည်ပိုင်းများလှိမ့်၍ မြို့လယ်မှာ စင်ထိုးသည်။ ထိုအပေါ်သို့ ကိုခင်မောင်လတ်၊ ကိုမြင့်ဇော်တို့ ခံ့ခံ့ညားညား တက်ရပ်နိုင်ချိန်တွင် ညှိုမှာ ပရိသတ်ထဲမှ ပိုစတာကိုင်မြှောက်ရင်း လက်ခုပ်သံထက် ကျယ်လောင်သော ဝမ်းမြောက်ခြင်း၏ ရန်ခုန်သံများဖြင့် အားပေးခဲ့ရ၏။ မခင်အေးမှာ ပဝါကိုမြှောက်ကာ မြှောက်ကာ လူလုံးပြ၍ မဆုံးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



စင်နောက်ဘက် သေဗ္ဗာဟောင်းတစ်လုံးပေါ်ထိုင်၍ အခမ်းအနား အစီအစဉ်များ ရေးဆွဲနေသော ဖေသောင်းမှာ မိုးရေကြောင့် ပြန်နူးလာသော ဝဲများကိုကုတ်လိုက်၊ ရှေ့နောက်စီစဉ် သင့်၊ မသင့် ပြန်ပြင်ရင်း ခေါင်းကိုကုတ် လိုက်…။

ဖေသောင်းနှင့် ဟုတ်တိပတ်တိ စကားပြောခွင့်မရသော်လည်း ညို ကျေနပ်လျက်ပင်။ ပိုက်ဆံပေးဝယ်ပါလျက် ပျာပျာသလဲ ဝမ်းမြောက်ဝမ်းသာ လှူတန်းခွင့်ရလိုက်သော ဆေးဆိုင်ရှင်လက်မှ ဝဲဆေးဗူး ညိုလက်ခံ၍ စင်နံဘေး ချဉ်းကပ်လာသည်။ လူအုပ်ကကြားခံနေ၍ မမီမကမ်းဖြင့်…

"ဒီမှာ… ဒီမှာ" ဟု ညို လှမ်းခေါ်သည်။

ဖေသောင်းက လှည့်ကြည့်ပြီး အလုပ်ရှုပ်ရတဲ့အထဲ ဘာလဲဟူသော အကြည့်ဖြင့် ပြန်မေး၏။

ညို တရင်းတနှီး ပြုံးပြရင်း ဆေးဗူးကိုမြှောက်ပြ၏။

ဖေသောင်းနံဘေးတွင် ဘုန်းတော်ကြီးတစ်ပါးနှင့် ရပ်မိရပ်ဖအချို့ ဝိုင်းအုံနေ၏။ ဖေသောင်း ညိုပြနေသည်ကို မမြင်သလိုလုပ်ပြီး…

"အဲ… အရှင်ဘုရားက အရင်ဟောပါဘုရား။ ပြီးတော့ ရှေ့နေကြီး အလှည့်ပါ။ ဟောပြောပွဲပြီးရင်တော့ သပိတ်စခန်းဖွင့်မည့်နေရာအတွက် ရပ်မိရပ်ဖတွေနဲ့ အရှင်ဘုရားတို့ပဲ ရွေးပေးကြပါ။ ကိုမြင့်ဇော်တို့ဆန္ဒနှင့်လည်း ညီကြပါဘုရား" စသဖြင့် စီစဉ်ချမှတ်နေ၏။

သူ မမြင်ဘူးထင်၍ ညိုက…

"ဒီမှာ ဆေးဗူးလေ… ပို့ဆိုးကုန်မယ်" ဟု အော်ကာ ထပ်ပြသည်။

ဖေသောင်း ဘုကြည့်ကြည့်၍…

"ဘာလဲ ကျုပ်ကို လူပုံအလယ်မှာ အရှက်ခွဲတယ်။ ကျုပ်မှာ ဝဲတွေရှိတာ လာကြေညာတာပေါ့ ဟုတ်လား…"

ဟု ခပ်တည်တည် ပြန်ဟောက်၏။ ညို ကြောင်အမ်းအမ်းဖြစ်ပြီးမှ ရှက်ရွံ့ဝမ်းနည်းစွာ ပြန်လှည့်သည်။

"ဟော့ ဟော့ ဒီမှာ…ပေးခဲ့။ ဘာထူးတော့မှာလဲ လူသိကုန်ပြီ။ မင်းရဲ့ ဝဲဆေးကြော်ငြာချင်တာနဲ့ ငါ့ကို လူသိကုန်ပြီ"

ထိုသို့ ဖေသောင်းပြောသည်တွင် စင်နောက်ဘက်ရှိအဖွဲ့သားများ





တခွီခွီ ရယ်ကြ၏။ ညိုကား ရှက်ရှက်နဲ့ ဆေးဗူးကို နီးရာလူလက်ထဲထည့်ပြီး ပြန်ပြေးခဲ့ရ၏။

မခင်အေးသည် သူမ နံဘေးပြန်လာထိုင်သော ညိုအား ဆွဲဆိတ်၍…

"နင်ကလည်း ဟုတ်သားပဲ … လူလယ်ခေါင်ကြီး"

ဟုဆိုကာ ဗူးလေးရာ ဖရုံဆင့်လိုက်သည်။ ညို့မှာ နောင်တရရမှာလား၊ ဝမ်းနည်းရမှာလား မဝေခွဲတတ်။ ပြန်ဆန်းစစ်ရင်း နှစ်ခုလုံးခံစားနေရပြီဆိုသည်ကို ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရ၍ သဘောပေါက်လိုက်၏။

အခမ်းအနား ပြီးကာနီးတွင်…

"အခု ရန်ကုန်ကလာပြီး ဒီမှာ စည်းရုံးဆက်သွယ် လက်တွဲရင်း ဒီအရေးတော်ပုံဆင်နွှဲနေတဲ့ ကျောင်းသား ကိုဖေသောင်းက စကားပြောပါလိမ့် မယ်" ဟု အခမ်းအနားမှူးက ကြေငြာလိုက်၏။

ဖေသောင်း အံ့အားသင့်သည်ကို ကိုမြင့်ဇော်နှင့် ကိုခင်မောင်လတ်တို့ ရယ်မော၍…

"တက်တက်… အလှည့်ကျ မနွဲ့ရဘူး။ ကျနော်တို့ချည်း မိုက်ခိုင်းလို့ ဘယ်ရမလဲဗျာ" ဟု တိုက်တွန်းကာ စင်ပေါ်တင်၏။

ဖေသောင်း မရှောယ်ဘဲ စင်ပေါ်ရောက်လာရ၏။

"ကျနော့်နာမည် ဝဲထူဖေသောင်းပါ" ဟု မိတ်ဆက်သည်ကစ၍ ပရိသတ်ပွင့်လင်းစွာ ရယ်လိုက်ကြသည်။ ဖေသောင်းမှာ သူနှင့်တကွ ထောင်ထဲ ရောက်ခဲ့သူအားလုံးလိုလို ဝဲများပေါက်ခဲ့ကြောင်း၊ ဒီမြို့လေးကို သူ ယခင်က ရောက်ဖူးကြောင်း အစပြန်ချီပြီး ပြောပြသည်။ ပရိသတ် စိတ်ဝင်တစား ရင်ခုန် လျက်နားထောင်နေကြ၏။ ထောင်တွင်းမှအတွေ့အကြုံများပါ ရောနှောပြောပြပြီး ဤသို့ စကားကိုနိဂုံးချုပ်သည်။

"အဲဒီကထွက်ပြီး ရလာတဲ့ဝဲရောဂါကို ဒီမြို့လေးရောက်တာနဲ့ ဒီက မောင်နှမရင်းချာကြင်နာမှုတွေနဲ့ ကုသပေးရင်း ပျောက်လုနီးနီး ရှိနေခဲ့တာ။ ကျနော်တို့အားလုံး မိုးရေထဲပြန်ထွက်ပြီး ချီတက်ချိန်ရောက်လာတော့ ဝဲခြောက် ရေနူးဖြစ်သွားပါတယ်။ ဒါပေမဲ့ ဒါကောင်းပါတယ်။ ဝဲက ပြန်စိုလာတော့ ဒီမြို့လေးက ရဲဘော်များ၊ မိသားစုများရဲ့ ကြင်နာမှုကို ပြန်ရတယ်လေ။ လွတ်မြောက်ရေး အရေးတော်ပုံသမိုင်းတွေမှာ အသက်ပျောက်သူပျောက်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဘဝနဲ့ရင်းသူရင်းခဲ့ကြတာ ကျနော်တို့ ဝဲပေါက်တာလောက်တော့ စာဖွဲ့စရာလည်းမဟုတ်ပါဘူး။ ကျနော် အမိကပြောချင်တာက ကျနော့် ဒီမြို့လေးကို တာဝန်ယူပြီး ရောက်လာကတည်းက ဝိုင်းဝန်းပြီး ဖွက်ပေးကြ၊ နေရေးစားရေး ကျန်းမာရေးကအစ ပြုစုပေးပြီး နွေးနွေးထွေးထွေး လက်တွဲခဲ့ကြတဲ့ နယ်သူနယ်သား ရဲဘော်မောင်နှမအားလုံးကို ကျေးဇူးတရားနဲ့ယှဉ်ပြီး အမြဲအမှတ်ရနေပါ့မယ်။ အောင်ပွဲခံသည်အထိ သစ္စာမပျက်တမ်း တိုက်ပွဲဝင်သွားပါမယ်လို့ ဝဲခြောက်ရေပြန်နှုးလို့ ကြည်နူးစရာရလာတဲ့ ရဲဘော်ရဲဘက်စိတ်၊ မိသားစုရဲ့ နွေးထွေးမှုနဲ့အတူ အားသစ်ခွန်သစ်အပြည့်နဲ့ ကျနော် ပျော်ပျော်ကြီး ကတိပြုရဲ့ပါတယ်ခင်ဗျား…"

ပရိသတ်က ဟေးခနဲ ဟားခနဲ သြဘာပေးလိုက်ကြစဉ် ဖေသောင်းစင်ပေါ်မှ ချက်ချင်းမဆင်းသေးဘဲ ညိုအား သေချာရယ်ပြ၍ ကြည်ကြည်နူးနူး လက်ပြနှုတ်ဆက်သွားလေသည်။ မခင်အေးကား မကျေမနပ်ဖြင့်…

"ငါက သူတကယ်ဒေါကန်သွားတယ်မှတ်လို့…ကြည့်စမ်း ရုပ်ကိုကလေးခွနဲ့ပစ်ချင်စရာ" ဟု ဝေဖန်၏။

ဝမ်းနည်းစရာတစ်ခုကို သူမရင်ထဲ အရောက်ပို့ပြီးမှ ကြည်နူးစရာအဖြစ် ချက်ချင်း ပြန်ဖန်ဆင်းပြသွားသော ဖေသောင်းအား ညို တကယ်ပင် လောက်စာလုံး တစ်ထုပ်လုံးကုန်အောင် ခွနှင့်ပစ်လိုက်ချင်လှသည်။

* * *





ရန်ကုန်ကို အစည်းအဝေးတက်ဖို့ သွားကြမယ်ဆိုသော် …

"ညို လိုက်ချင်တယ်" ဟု ပြောချင်လှသည့်ဆန္ဒကို ဖေသောင်းအလိုက်တသိ ဖြည့်စွက်ပေးနိုးနိုး အနားမှာ ရစ်သီရစ်သီ လုပ်ပြခဲ့သော်လည်း ဖေသောင်း ခေါ်ယူသည့်လူစာရင်း၌ ညို မပါ။ "ပြန်လာဦးမှာပါ" ဟူသော အပြုံး စကားဖြင့် ခြိမ့်ခြိမ့်သဲ နှုတ်ဆက်သံများကြား ထွက်သွားသည့်ရထားကို လိုက်ပို့သူ များအကြား ညိုတစ်ယောက် ဘူတာရှေ့မှာပင် လက်ပြ ကျန်ရစ်ခဲ့ရသည်။

အချိန်တို့ လျှန်မြန်စွာကုန်သွားသလို ဘီလူးဆိုင်းနှင့် ဘီလူးထွက်လာသည့် ဇာတ်ကွက်သို့ရောက်၏။

ချောတိုင်ထိပ်ဖျား အောင်လံကို လက်ဖြင့်ထိပြီးကာမှ ဝေါခနဲ ပြန်ကျလာသလို အားလုံးခံစားရ၏။ မခင်အေးက…

"မလွယ်ဘူးဟေ့ … အပြတ်အသတ် ပြန်ကြမ်းတော့မှာ တော်ရာရှောင်ကြရင်သက်သာမယ်" ဟု သတ္တိပြသည်။

အားလုံးမျှော်နေသော ဖေသောင်းနှင့်အဖွဲ့ မောပန်းတကြီး ပြန်ရောက်ချလာ၏။ ကိုခင်မောင်လတ်၊ ကိုမြင့်ဇော်တို့နှင့် ခေါင်းချင်းရိုက်နေကြပြန်ပြီ။ အုန်းသိန်းတို့သားအဖကား "တို့ခေတ်ပြန်ရောက်ပြီ" ဟု လက်ရုံးဆန့်တန်းနေကြပြီ။ တစ်နေ့တွင်းပင် စည်းဝေးမှုပြီးအောင် လက်စသတ်ရင်း သပိတ်စခန်းများ ရုပ်သိမ်းသူသိမ်းကြသည်။

"ငါတို့မျှော်လင့်ချက်တွေကို ဖျက်ဆီးလိုက်ရတာပဲ" ဟု မျက်ရည်ကျသူက ကျသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုံကြည်ချက်တော့ ပျက်မသွားဘူး"ဟု ကိုမြင့်ဇော်တို့က နှစ်သိမ့်ရင်း လူစုခွဲကြမည့်အစီအစဉ်ကို ချမှတ်ကြသည်။ မိုးကားသည်းဆဲ။ လေကထန်ဆဲ။

* * *



## (၂၃)

ကာယကံရှင်တွေတော့ ဘယ်သို့ရှိမည်မသိ။ မခင်အေး အမြင်တော့ ဒါသည်ပင် ဇာတ်သိမ်းခန်းဟု မြင်သည်။ မရေရာသော နောက်ဆက်တွဲကို သူမ ယုံကြည်မျှော်လင့်ရန် ခက်ခဲလှသည်။

ညီနှင့် ဖေသောင်းတို့ နောက်ဆုံးနှုတ်ဆက်ကြရန် တောရကျောင်း ကလေးအတွင်းပင် ချိန်းချက်ရာ မခင်အေး လိုက်ပို့ခဲ့သည်။ ထိုနှစ်ယောက် ထိုင်နေကျ ရေကြည်မြောင်းနံဘေးတွင်ပင် ညို စိတ်လေးလံစွာ ထိုင်လိုက်ရသည်။

သူမကိုယ်တိုင်ချုပ်ပေးခဲ့သော အလံမှာ ဖေသောင်းလွယ်အိတ်ထဲ ခေါက်သိမ်းခဲ့ရပြီဖြစ်သလို သူမနှင့် ဖေသောင်းတို့အကြား ဆက်ဆံမှုအားလုံးလည်း ခေါက်၍ ရင်ထဲသိမ်းဆည်းရတော့မည်။

မိုးရေကြောင့် ရေကြည်မြောင်းကလေး အခါတိုင်းလို မကြည်လင်။ တဖျောက်ဖျောက်ကျနေသည့် မိုးပေါက်များအောက် ဂယက်မပြတ်ထလျက်။

မိုးရေငွေ့နှင့် စိုစွတ်နေသော တိုက်ပုံအင်္ကျီက ဖေသောင်းကိုယ်ပေါ်မှာ လေတိုးတိုင်း တဖတ်ဖတ်လှုပ်နေသည်။

"ညို ..." ဟု အက်ကွဲသံဖြင့် ခေါ်၏။ ညို နှုတ်ဖြင့်မထူး မော့ကာသာကြည့်သည်။ ညို့မျက်လုံးများ ရေကြည်မြောင်းလေး လက်ရှိအနေ အထားလိုပင် လှုပ်ပါလျက် မကြည်လင်နိုင်။

"တစ်ခါတော့ ဝေးလိုက်ကြရအောင် ညိုရေ..."

သူ ထိုသို့ပြောပြီး မပြုံးချင်ဘဲ ပြုံးသည်။

"မြိုင်ထအဲကတွေမှာ မင်းသားကြီးက ကလိုက်ရအောင် နှမရေ... လို့ခေါ်သလို မခေါ်နိုင်ဘူး မဟုတ်လား။ ဒီလိုပဲ ပြောကြပါစို့ ညိုရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ ရေရွတ်နေသည်။

"အခု ဘာဆက်လုပ်ကြမှာလဲ။ ညို့ကို မပြောနိုင်ဘူးလား"

"ညို မလိုက်နိုင်မှန်းသိလို့ ကိုယ်မခေါ်ဘူး။ ကိုယ့်အတွက်က လမ်းနှစ်သွယ်ရှိတယ်။ ရည်ရွယ်တာတော့တူပေမယ့် နှစ်နေရာခွဲ အလုပ်လုပ်ရမယ်။ တောထဲသွားမလား။ မြို့မှာပဲ ဆက်လှုပ်ရှားရမလား။ ဒါကို ကိုယ်တို့ ဆက်တိုင်ပင်ပြီး အမြန်ဆုံး အကောင်အထည်ဖော်ရမှာပဲ"

ညိုက ဟင်းခနဲ သက်ပြင်းချပြီး···

"နှစ်ခုလုံး အန္တရာယ်ရှိတယ်နော်···" ဟု မှတ်ချက်ချသည်။

သူ ခေါင်းညိတ်၍···

"သံယောဇဉ်ဆိုတာ ခဏလောက် ခွာချထားလို့ရရင် ကောင်းမယ်။ မရတော့လည်း တို့တစ်တွေ မေ့ချင်ယောင်ဆောင်နေကြရုံပဲ ညို၊ တစ်ခါတလေမှာ သံယောဇဉ်ဟာ သတ္တဝါတွေအတွက် ခံစားချင်စရာအကောင်းဆုံး၊ ထွေးပွေ့မှု ဖြစ်ပေမယ့် လိုအပ်တဲ့အခါမှာ စွန့်ရဲရလိမ့်မယ်။ ညိုဟာ ကိုယ့်အတွက် ဖိနပ်တစ်ရံလိုပဲ အနစ်နာခံပြီး ဖြည့်ဆည်းပေးခဲ့တယ်။ ဒါတွေကို အလေးအမြတ် သိမှတ်ပါတယ်။ ဒါပေမဲ့ ရေနစ်လို့ ကူးကြရပြီဆိုရင် ဖိနပ်ကိုစွန့်ရတာပဲ ညို···"

"ဟုတ်ပါတယ်···" ဟု ဖြေသော ညို့အသံမှာ မိုးပေါက်ကျသော ရေမြောင်းမျက်နှာပြင်လို လှုပ်ခါလျက်။

"နောက်တစ်ခါ ပြန်ဆုံရင်တော့ ကိုယ်ဟာ ကိုယ်တန်ဖိုးထားတဲ့ သံယောဇဉ်တစ်ခုကို ဖိနပ်လိုစီးတော့မှာ မဟုတ်ဘူး။ ရင်ထိုးလိုချိတ်ဆွဲထားတော့မှာပါ"

မိုးစက်များ သစ်ရွက်ပေါ်မှ တပေါက်ပေါက်ကျနေရာမှ ဖွဲခနဲ ရွာချလာသည်မို့ အရွက်များပေါ်မှ စီးသွန်ကျလာကြသည်။ နှစ်ဦးစလုံး အကာအကွယ် အဆောင်းမဲ့ မလှုပ်ရှားချင်ကြ။

"ညို့ကို သတိရနေမလား···" ဟု သူမ မရဲတရဲမေးသည်။

"ကိုယ် ဘယ်လိုဖြေရမလဲ။ ကိုယ့်အလုပ်တွေထဲ ကိုယ်မြုပ်နှံထားပါရစေ။ အရာအားလုံးကို ညို နားလည်မှာပါ။ ကိုယ်ဘာမှ မတိုက်တွန်းပါရစေနဲ့"





ဒီတစ်ကြိမ် မွန်းကျပ်မှုကို ညို သက်ပြင်းတိုးတိုးသာချသည်။

"ရှဉ့်ကလေးတွေလည်း ပုန်းနေကြပြီ။ သပိတ်လွယ်ငှက်ကလေးတွေလည်း မိုးလွတ်ရာရှောင်နေကြပြီ။ ရေကြည်မြောင်းလေးလည်း နောက်ကျိနေပြီ၊ ကိုယ်တို့ ခွဲကြပါစို့···"

သူထရပ်ရာ ညို လိုက်မပါ၊ သည်အတိုင်းပင် ထိုင်နေသည်။ ဝေးကွာခြင်းကာလ၏ အတိုအရှည်ကို ဘယ်အကြားအမြင်ရ ပုဂ္ဂိုလ်က လာပြောနိုင်ပါ့မလဲ။ ပကတိ ပန်းတစ်ပွင့်လန်းဆန်းချိန်ကို ခံစားခဲ့ပြီးမှ နွမ်းချိန်ကို ငြင်းပယ်၍ မရမှန်း ညို နားလည်ထားသည်။ ဒီလိုပါပဲ။ ညိုမုန်းတဲ့အရာတွေဟာ ညို့ထံကို ချစ်စရာကောင်းတဲ့အမူအယာနဲ့ ရောက်လာပြီး၊ ညို လိပ်ပြာလန့်အောင်ခြောက်ပြီး လှောင်ပြောင်တာ ညို ခံရစမြဲပါ။ ဆောင်းအိပ်မက်ထက် ကြောက်စရာကောင်းတဲ့ ကြမ္မာရှိုင်းကို ညိုရင်ဆိုင်ဖို့ ဘာမှလည်း အကာအကွယ်မမြင်ပါဘူး။

သူ စာနာသော မျက်ဝန်းဖြင့်သာ ညို့အား ငုံ့ကြည့်သည်။

"ရေမနစ်ဘဲ ကူးရတော့မယ် ညိုရေ ···။ အနွံအတာခံခဲ့တဲ့ဖိနပ်ကို စွန့်ပါရစေတော့" ဟု သူ တောင်းပန်သည်။

ညို ခေါင်းငုံ့လျက်မှ···

"စပ်စုချင်တဲ့ မျောက်တစ်ကောင် ဒုက္ခဆိုတာကို အမိပွာယ်ဖွင့်လို့ ရသွားပါပြီ။ စကားလုံးနဲ့တော့ ပြန်ပြောမတတ်ပါဘူး" ဟု ရေရွတ်နေ၏။

သူ ခြေလှမ်းပြင်ပြီးကာမှ ညို ဟုခေါ်ပြန်၏။

ညို မော့ကြည့်သည်။ မိုးစက်များ သူမ မျက်နှာပေါ်စိုလျက်···။

"ကိုယ့်ကို တစ်ခုခုပြောနိုင်မလား။ တစ်နေ့နေ့ တစ်ချိန်ချိန်ဆိုတာမျိုး ကိုယ်တို့နှစ်ယောက်အတွက် မရှိနိုင်တော့ဘူးလား"

ညို သက်ပြင်းကို ပွင့်ပွင့်လင်းလင်း ချလိုက်သည်။ ပြီးနောက် အမှောင်ထဲမှာ ထွက်ပေါက်ကိုစမ်းနေသော လက်ချောင်းများနှင့်တူသော မျက်ဝန်းဖြင့်ကြည့်ကာ···

"ညို့အဖေက မကြာခင် ဘူတာပြောင်းရတော့မယ်။ ဒီလိုပဲ ပြောင်းနေရတာပါ။ ကိုဖေသောင်း တစ်နေ့နေ့ပြန်လာရင် တောဘူတာလေးတွေမှာ ရေအိုးစင်ရှိသလား ရှာကြည့်ပေါ့။ ညို ရှိတဲ့နေရာမှာတော့ တည်ထားပါမယ်"

သူ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်နဲ့ပဲ ကျေနပ်ပါပြီ ညို့ရယ်။ တို့တစ်နေ့နေ့ တွေ့အောင်ရှာပြီး သောက်ဦးမှာပါ။ သောက်ခွင့်ရပါစေလို့ ဆုတောင်းပါတယ်။ ကဲ..ကိုယ်သွားပြီ"

သူ လှည့်မကြည့်မိရန် စိတ်တင်းလျက် ခြေလှမ်းကျဲဖြင့် ခွာခဲ့သည်။ ညိုကား ဂယက်ထနေသော ရေမြောင်းနံဘေး မိုးရေထဲ မလှုပ်မယှက်။ မခင်အေးက အဝေးမှကြည့်နေသည်။

* * *



# (၂၄)

"ရေသောက်ချင်တယ် မေမေ"

သားကပူဆာ၍ မခင်အေး သောက်ရေသန့်ဗူး ဖွင့်ပေးလိုက်ရ၏။ ခုတ်မောင်းနေသော အမြန်ရထားပေါ်မှ လမ်းဘေးမြင်ကွင်းများဘက် သူမ လှည့်ငေးနေမိသည်။ အမြန်ရထားမို့ ကြားဘူတာများကို မရပ်နားဘဲ ကျော်ဖြတ်ခဲ့သော်လည်း ရေအိုးစင်ရှိနေမလားဟု ရှာဖွေမိနေဆဲ။

ညိုတို့ ဘူတာပြောင်းသွားပြီး မခင်အေးတွင်ပင် အိမ်ထောင်သည်အဖြစ် သားနှစ်ယောက်မိခင် ဖြစ်ခဲ့ပြီ။

ညနေ နေခြည်တွင် အသက်ဝင်နေသော တောဘူတာတစ်ခုခုတွင် ရေချမ်းစင်တည်ကာ ရှိကောင်းရှိဦးမည်။ ထိုအနီးတွင် တစ်စုံတစ်ရာကို စိတ်အားပြင်းပြစွာမျှော်နေသော မိန်းကလေးတစ်ဦး ရှိချင်လည်း ရှိဦးမည်။

မခင်အေး ရထားစီးခရီးကြုံတိုင်း ရှာဖွေကြည့်နေမိဆဲ။

တကယ်တော့ ရှာဖွေနေသူမှာ ဖေသောင်းကိုယ်တိုင်ဖြစ်သင့်သည်ဟု မခင်အေး ထင်သည်။

ဖေသောင်းကိုယ်တိုင် ရှာနိုင်သည့်အချိန် ဘယ်ခါရောက်နိုင်ပါ့။ ထိုအချိန် ရောက်ခဲ့သော် ရေချမ်းစင်နှင့်အတူ ရှည့်အမြီးနှင့်တူသော ဆံပင်ပိုင်ရှင် မိန်းကလေးက တမ်းတမ်းတတ ကြိုနေနိုင်ပါ့မလား။

မခင်အေး စိတ်မောလူမော ထိုင်ခုံကို မှီထိုင်လိုက်သည်။ အမြန်ရထားကတော့ တောဘူတာလေးများစွာကို အိန္ဒြေမပျက် ဖြတ်မောင်းသွားလျက်..။

❑ ❑ ❑



www.burmeseclassic.com